ကွယ်လွန်သူ
ဦးအိမ်ကျော်နှင့် ဒေါ်ရွှေနု၏)
(အမျိုးကောင်း အကြားတော်မူကြသော ...
ပုဂ္ဂိုလ်များ၏ ကုသိုလ်ကောင်းမှု
ဓမ္မဒါန ကောင်းမှု
၁၇-၈-၅၂

# ဝံပဿနာမဂ်ဓရေးကျ

အရှင်ရေဝတ

ဒုတိယ ဝိသုဒ္ဓိမဂ်ဆရာတော်

ဦးထိန်းညွန့်-ဒေါ်မမလေး
အားဆိုးဆေးဆိုင်-----------
၁၃၀/ဏ Duplex,
ရန်ကုန်

၆၄

ပညာနန္ဒပုံနှိပ်တိုက်၊ အင်းယားမြိုင်လမ်း၊ ရန်ကုန်မြို့။

Phone No. 51985.

# ဝိပဿနာ မဂ်ဖရေးဈ

မန္တလေးမြို့ ရွှေရေးဆောင် ဆရာတော်ဘုရားကြီး
တောင်သာမြို့ ကျောက်ဆောက် ဂိုဏ်းအုပ်
ဆရာတော်ကြီး
ရန်ကုန်မြို့ ဝိသုဒ္ဓိမဂ်ဆရာတော်တို့၏
တပည့်ဖြစ်တော်မူသော

ဒုတိယဝိသုဒ္ဓိမဂ်ဆရာတော်
**အရှင်ရေဝတ**
ရေးသားတော်မူသည်

ကွယ်လွန်သူ
ဦးသိမ်းညွှန့်
(တာအောင်မြင်ရွှေ ... ၁၃၀၀)

ပညာနန္ဒပုံနှိပ်တိုက်၊ (အင်းယားမြိုင်လမ်း၊) ရန်ကုန်မြို့။

ဓမ္မဒါန ကောင်းမှု။
၇-၈-၈၂

A

# မာတိကာ

## ထူးရာခေါင်းစဉ်ညွှန်း


| | | |
|---|---|---|
| ၁။ | ကျမ်းစာအချီ | |
| ၂။ | ဘဝခရီးသည် | |
| ၃။ | သာသနာ့အရသာ | |
| ၄။ | မင်္ဂလာရာအစဉ် | ၃ |
| ၅။ | လေ့ကျက်ခဏ်း | ၄ |
| ၆။ | မင်္ဂရရန်အစဉ် | ၅ |
| ၇။ | ပရိယတ္တိ ပဋိပတ္တိ ပဋိဝေ ဓရေးရာ | ၆ |
| ၈။ | သာဝကယောဂီရေးရာ | ၉ |
| ၉။ | ယောနိသော မနသိကာရရေးရာ | ၁၅ |
| ၁၀။ | ကာကောလောကနည်း | ၁၆ |
| ၁၁။ | အယောနိသော မနသိကာရ | ၁၇ |
| ၁၂။ | ပရတောဃောသရေးရာ | ၁၈ |
| ၁၃။ | ဩဝါဒဆရာရှာရေး | ၂၁ |
| ၁၄။ | အနုသာသနီဘုရားရှိခိုး | ၂၃ |
| ၁၅။ | ဒေသကရေးရာ | ၂၇ |
| ၁၆။ | ကလျာဏမိတ္တတပည့်မင်္ဂရ၏ | ၃၀ |
| ၁၇။ | ပါပမိတ္တတပည့်မင်္ဂမရ | ၃၁ |
| ၁၈။ | ပုထုဇဉ်ကမ္မဋ္ဌာန်းဆရာ | ၃၄ |
| ၁၉။ | ဒေသကအတု အစစ် | ၃၆ |
| ၂၀။ | တဖန်ဘဝအရှိ ဒုက္ခရေးရာ | ၃၇ |
| ၂၁။ | ပရိယုဋ္ဌာန ကိလေသာအသစ်ထပုံ | ၃၉ |
| ၂၂။ | အနုသယကိလေသာ အသစ်ကိန်းပုံ | ၄၁ |
| ၂၃။ | ဘဝဝဋ်ငုတ် မနုတ်သမျှ | ၅၃ |
| ၂၄။ | တဖန်ဘဝမရှိ သုခရေးရာ | ၅၅ |
| ၂၅။ | အနုသယကိုလေသာမကိန်းပုံ | ၅၇ |

# ထူးရာခေါင်းစဉ်ညွှန်း


| | | |
|---|---|---|
| ၂၆။ | လားရန်ဂတိကြိုတင်သိရန် | ၆၈ |
| ၂၇။ | ဒုဂ္ဂတိဋ္ဌာန စွန့်ချနိုင်ရေး | ၆၉ |
| ၂၈။ | ပမာဒ အပ္ပမာဒရေးရာ | ၇၀ |
| ၂၉။ | တဖန်ဘဝ ဘာကြောင့်ရှိ | ၇၂ |
| ၃၀။ | တဖန်ဘဝ ဘာကြောင့်မရှိ | ၇၆ |
| ၃၁။ | ပမာဒအပ္ပမာဒ ဆောင်ပုဒ်များ | ၈၄ |
| ၃၂။ | မေ့မှုမမေ့မှု အနုသာသနီ | ၈၆ |
| ၃၃။ | လမ်းနှစ်ထွေသိလျက် ဝိဝေကဖက် | ၈၈ |
| ၃၄။ | သစ္စာနုလောမရေးရာ | ၈၉ |
| ၃၅။ | မမှတ်လျှင် တဖန်ဘဝ အသစ်မဖြစ် | ၉၃ |
| ၃၆။ | မှတ်လျှင် တဖန်ဘဝ အသစ်မဖြစ် | ၉၄ |
| ၃၇။ | သမုဒယမထင်, သမုဒယထင် | ၉၅ |
| ၃၈။ | နိရောဓကိုမမြင်,နိရောဓကိုမြင် | ၉၇ |
| ၃၉။ | ဘူတံဘူတတော နုပဿတိ | ၉၉ |
| ၄၀။ | ဘူတံ ဘူတတော ပဿတိ | ၁၀၀ |
| ၄၁။ | ဥယျောဇဉ် ပိဋကသုခမိန့်—သို့ | ၁၀၄ |
| ၄၂။ | သဗ္ဗဇည ပဗ္ဗဆောင်ပုဒ် | ၁၀၅ |
| ၄၃။ | သစ္စာ၀တု ရှာမှုရေးရာ | ၁၀၆ |
| ၄၄။ | အဘိညေယျာဒိ ပဉ္စကဏ္ဍရပုံ | ၁၁၀ |
| ၄၅။ | ပရိယုဋ္ဌာန် အသစ်ထပုံ,အနုသယအသစ် ကိန်းပုံ | |
| ၄၆။ | အဥပ္ပန္န ဥပ္ပန္နအကုသိုလ် | ၁၁၃ |
| ၄၇။ | ဥပ္ပန္နနာရဟ သမုဒယချုပ်ပုံ | ၁၁၄ |
| ၄၈။ | ကာလလွှတ် ဟေတုဖလ ဘဝစက် | ၁၁၅ |
| ၄၉။ | မဂ်ဖြင့်သစ္စာ ၄–ပါးကို ထိုးထွင်းပုံ | ၁၁၆ |

# ထူးရာခေါင်းစဉ်ညွှန်း


| | | |
|---|---|---|
| ၅၀။ | ဥာဏ်အာရုံရေးရာ | ၁၁၀ |
| ၅၁။ | လက္ခဏာ ၃-ဖြာနှင့် အဘိညာ | ၁၁၀ |
| ၅၂။ | သမ္ဗောဇ္ဈ ၄-ပါးနှင့် အဘိညာ | ၁၁၉ |
| ၅၃။ | နာမရူပ ပရိစ္ဆေဒ အဘိညာ | ၁၂၀ |
| ၅၄။ | တရားအစု ၂၃-ဆောင်ပုဒ် | ၁၂၂ |
| ၅၅။ | ကာမဘုံသားဥာဏ်အာရုံ | ၁၂၃ |
| ၅၆။ | အဘိညာ့ယျခဏာအလိုက် | ၁၂၅ |
| ၅၇။ | ရုပ်နာမ်အခွဲ | ၁၂၀ |
| ၅၀။ | ခန္ဓာ ၅-ပါးခွဲပုံ | ၁၃၁ |
| ၅၉။ | အာယတနအခွဲ | ၁၃၃ |
| ၆၀။ | ဓာတ် ၄-ပါးစီအခွဲ | ၁၃၅ |
| ၆၁။ | ကာယဝေဒနာ စိတ္တ,ဓမ္မအခွဲ | ၁၃၇ |
| ၆၂။ | ယောဂီနှင့် အယောဂီရေးရာ | ၁၃၉ |
| ၆၃။ | လောကဥ္စ အပြစ်ဥ္စ ဘေးထင်ပုံ | ၁၄၁ |
| ၆၄။ | သာသနာ့အရသာ ရယူသူများ | ၁၄၂ |
| ၆၅။ | ရတနာ ၃-ပါးပေါ်ထွန်းချိန် | ၁၄၃ |
| ၆၆။ | ဟေဘိက္ခုယောဂီများ | ၁၄၄ |
| ၆၇။ | အတုလိုက်ဘွယ် ရဟန်းပြုကြပုံ | ၁၄၆ |
| ၆၀။ | ယောဂီစွမ်းရည် မာရ်စစ်သည်ဆောင် | ၁၅၀ |
| ၆၉။ | အာသီသ ပတ္တနာ-ယံ | ၁၅၀ |
| ၇၀။ | မဂ်ဖိုလ်ရရေး တရားတောင်း | ၁၆၁ |

# အမှားပြင်ဆင်ချက်

| မျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၃ | ၁၆ | ဒေသနာက | ဒေသနာကို |
| ၂၂ | ၁၅ | မရအောင် | မရ— ရအောင် |
| ၂၃ | ၁၄ | သွတ်ရုံ | ညွှတ်ရုံ |
| ၂၇ | ၁၅ | လဲတင် | လဲထင် |
| ၃၀ | ၁၃ | သုတ္တေ | သုခေတ္တ |
| ၃၁ | ၁၀ | ၏ | ပြု၏ |
| ၃၆ | ၈ | သလ္လေသု | သလ္လေခသုတ် |
| ၃၇ | ၈ | အစ | အစစ် |
| ၃၇ | ၁၆ | သက်ပါ | သက်ပ္ပါ |
| ၄၀ | ၄ | ကိုလေသာ | ကိလေသ |
| ၄၅ | ၇ | ဝိနသာနာ | ဝိပဿနာ |
| ၄၆ | ၃ | ပ္ပိတ | တမ္ပိ |
| ၅၁ | ၂၀ | ရသေ | ရသော |
| ၅၂ | ၇ | သန္တေသော | သန္တေနေသော |
| ၅၅ | ၁၉ | ဝိတရာရော | ဝိတရာဂေါ |
| ၆၃ | ၁၇ | | နေသော |
| ၈၁ | ၉ | ဂန္တိ | ဂန္ထိနှင့် |
| ၉၃ | ၁ | ဘာနာဝ | ဘာဝနာ |
| ၁၂၄ | ၂ | ရုမ်အာရုံတမျိုး | ရုပ်နာမ်အာရုံ ၂ မျိုး |

# “ကျမ်းစာအချီ”

**တုဝံ့ဗုဒ္ဓေါ တုဝံ့သတ္ထာ, တုဝံမာရာဘိဘူမုနိ၊**
**တုဝံအနုသယေ ဆေတွာ, တိဏ္ဏောတာရေဟိ**
**မံပဇံ။**

ဝိဂတမောဟ—အဝိဇ္ဇာသင်းပင်း, လုံးစုံရှင်း၍, ကိလေ
ကင်းတော်မူလော မြတ်စွာဘုရား၊ တုဝံ-အရှင်ဘုရားသည်၊
ဗုဒ္ဓေါ-“ဤကားဒုက္ခ, ဤကလက်သည်, ဤပြည်ချမ်းသာ, ဤ
မှာလမ်းပေါက်” သွားရောက်နိုင်သူ, ဧးလိမ့်ဟူ၍, သိတကူ
ပုဏ်,မြတ်အာရုဏ်ဖြင့်, ဝသုန္နှလက်ခတ်, သိစေတော်မူတတ်
ပါ၏၊ တုဝံ-အရှင်ဘုရားသည်၊ သတ္ထာ-ခရီးမှန်ညွှန်ကြားသည့်
လှည်းမှူးကြီးအလား, ဘဝခရီးသွားတို့အား, လမ်းမှားမ
ရောက်, လမ်းမှန်ပေါက်အောင် ဓရှေ့ဆောင်ညွှန်ကြားတော်
မူတတ်ပါ၏၊ တုဝံ—အရှင်ဘုရားသည်၊ မာရာဘိဘူ-ဘဝဒုက္ခ,
ဟူသမျှမှ, မလွတ်ရအောင် တုပ်နှောင်ဖွဲ့ထား မာရ်ငါးပါးတို့
မဂ်ဓားဖြင့်ချိုင် အနိုင်ရတော်မူပါ၏၊ တုဝံ-အရှင်ဘုရားသည်၊
မုနိ—ဘဝစက်ကို ပယ်ဖျက်နိုင်သည့် မဂ်ဉာဏ် ရှိတော်မူပါ၏၊
တုဝံ-အရှင်ဘုရားသည်၊ အနုသယေ-(ကံကနောက်မှ ဥပပတ္တိ
ဘဝကျိုးကို ခွင့်ပြု၍ အနုသယက ရှေ့မှ ဥပပတ္တိဘဝကို ဖြစ်စေ
သဖြင့်) ဘဝတဖန် အတန်တန်ကိုပြု စီမံသည့် ကံ၏အာဏာ
ရှင် အနုသယ ၇—မြှင်တို့ကို၊ ဆေတွာ—ဝါသနာဓာတ် အရှင်း
ပြတ်အောင် ပယ်ဖြတ်တော်မူလျက်၊ တိဏ္ဏော- ဘဝစက်
ခြောက်ခမ်း တဘက်ကမ်းသို့ တက်လှန်းတော်မူနိုင်ပါပြီ၊ တုဝံ့=

အရှင်ဘုရားသည်။ ပဓံ-ဘဝယှဉ်ကြာ သတ္တဝါတွင် အပါအဝင်ဖြစ်သော၊မံ-အကျွန်ုပ်ကို၊ တာရေဟိ-ဘဝဒုက္ခ ရှုပ်သမျှမှ မှုချ လွတ်အောင် ထုတ်ဆောင် ကယ်တင်တော် မူပါစေသတည်း။

အဝိဇ္ဇာနှင့်တဏှာရင်းဇုတ်မြစ်မပြုတ်၍ ယုတ်-မြတ်ဘဝဇာတိရလျက် အိုရ-နာရသေကြရ၊ဘဝမဆုံးနိုင် **ဘဝခရီးသည်**နှင့်အညီအဝိဇ္ဇာနှင့်တဏှာအဇုတ်မပြုတ်သမျှ''ဘဝခရီးသည်' အဖြစ်ဖြင့် သံသရာတလျှောက် အောက်ထက်စုံဆန် ဒုက္ခအတန်တန်ဖြင့် ကျင်လည်ခဲ့ရ ကျင်လည်ရဆဲ ကျင်လည်ရလတံ့ ချည်း မှန်ကြပေသည်။

**ကရုဏာအာရုံ။** ။ယင်းသို့ကျင်လည်ရသည့်ဘဝခရီးသည်တို့တွင် အချို့က ''ဘဝ၏လက်သည်'' ''ကံ''ဟု ရိုးမှားလျက် ကံမဆက်အောင် ကံမထူထောင်ဘို့အနေဖြင့် ဒါနစသောပုညနယ်ကို သံသရာကျယ်သည်ဟု ယူဆကာ မိမိနှင့်နောက်လိုက်များကို အမှားသို့ ပို့ဆောင်မိကြလေသည်၊ ထိုသူအချို့တို့ကို ဘာသာရေးအခြေခံ အသိဉာဏ် လွဲမှားသူများအဖြစ်ဖြင့် ကရုဏာအာရုံ၌ စာရင်းသွင်းထားသင့်ကြပေသည်။

**မုဒိတာအာရုံ။** ။အချို့တို့ကား ဘဝ၏ လက်သည်ကို ''အဝိဇ္ဇာနှင့်တဏှာမူလ အနုသယ''ဟု အယူမှန်လျက် ယင်းအနုသယပျက်ကြောင်း နည်းလမ်းကောင်းကို ရှာကြသည့်အထိ ရောက်ရှိမိကြပေသည်၊ ထိုသူအချို့တို့ကိုကား ဘာသာရေးအခြေခံ အသိဉာဏ် မှန်ကန်သူများအဖြစ်ဖြင့် မုဒိတာအာရုံတွင် စာရင်းတင်ကြရပေသည်။

ကရုဏာအာရုံတွင် စာရင်းဝင်သူတို့ အတွက် အကွက် လယ်အောင် ဤနေရာ၌ ရှင်းမပြသာ၍ ချန်ထားခဲ့ပြီးလျှင် မုဒိတာအာရုံတွင် စာရင်းဝင်သူတို့အတွက် စကားဆက်ရ သော်....

အဘယ်ကြောင့် ဘဝခရီးသည်အဖြစ်ဖြင့် ကျင်လည်ရပါသ နည်း–ဟုမေး။အဝိဇ္ဇာနှင့်တဏှာအငုတ်မပြုတ်သောကြောင့်— ဟုဖြေ၊ အဘယ်ကြောင့်အဝိဇ္ဇာနှင့်တဏှာအငုတ် မပြုတ်ပါသ နည်းဟုထပ်မေး၊သစ္စာထင်လျက် မဂ္ဂင်ပါသောအကျင့်သိက္ခာ ကိုမကျင့်သောကြောင့်၎င်း သစ္စာမတင် မဂ္ဂင်မပါသော အကျင့် သိက္ခာကို ကျင့်သောကြောင့်၎င်း–ဟု အကြောင်း ၂–ချက်ပြ၍ ထပ်ဖြေ။[အဝိဇ္ဇာ အပ္ပဋိပတ္တိမိစ္ဆာပဋိပတ္တိဘာဝေန သတ္တေအဘိဘဝ တိ–အဝိဇ္ဇာသည် အမှန်ကိုမကျင့်သဖြင့်၎င်း, အမှားကိုကျင့်သဖြင့်၎င်း သတ္တဝါတို့ကို လွှမ်းခြုံဘိစီး၏–ဟုဆိုသော ဝိသုဒ္ဓိမဂ်ဋ္ဌကထာယသစ္စနိဒ္ဒေ သကို ထောက်။]

ဘဝ၌ မွေ့လျော်ကာ ဘဝမှမလွတ်လို အဝိဇ္ဇာတဏှာ ပြုတ်ကွာမှာကို စိုးရိမ်၍ အမှန်ကို မကျင့်သူတို့အတွက် မြတ်စွာ ဘုရားပင် မတတ်နိုင်သောကြောင့် ရှိပါစေတော့ အဘယ် ကြောင့် သစ္စာမထင် မဂ္ဂင်မပါသော အကျင့်သိက္ခာကို ကျင့်မိ ပါသနည်း–ဟု ထပ်ဆင့်မေး၊ အမှန်ကို ညွှန်ကြား သည့် လှည်းမှူးကြီးအလား အားထားစရာ ''ဆရာ–သတ္တ'' မရ သောကြောင့်ဟု ထပ်ဆင့်ဖြေ။

**သံလိုရင်းကား**—ဆရာကောင်းသတ္တမရသောကြောင့်သစ္စာ မထင် မဂ္ဂင်မပါသော အကျင့်သိက္ခာကို ကျင့်မိ၊ ယင်းသို့ ကျင့်မိ

သောကြောင့် သစ္စာထင်လျက် မဂ္ဂင်ပါသော အကျင့်သိက္ခာ ဝိပဿနာမဖြစ်၊ ယင်းသို့ ဝိပဿနာမဖြစ်သောကြောင့် ကိလေမာန် အဘိသင်္ခါရမာရ် နှိပ်စက်၊ ယင်းသို့ မာရ်နှိပ်စက် သောကြောင့် ဝိပဿနာမှလာသော မဂ်ဉာဏ်မုနိ မဖြစ်၊ ယင်းသို့ ဝိပဿနာမှလာသော မဂ်ဉာဏ်မုနိ မဖြစ်သောကြောင့်၊ အဝိဇ္ဇာနှင့်တဏှာ အငုတ်အမြစ်မပြုတ်၊ ယင်းအမြစ် ၂-ခုမပြုတ် သောကြောင့် ဘဝခရီးသည်အဖြစ်ဖြင့် ယုတ်-မြတ် ဘဇာတိ ရလျက် အိုရ နာရ သေဆုံးရနှင့်ဒုက္ခအသင်္ချေစုပုံလျက် တဘဝ မှ တဘဝ ဆုံးအောင် ဆက်ကြ ပေသည်ဟု သိလိုရင်းဖြစ် ပါသည်။

**သာသနာ့အရသာ။** ။ကိလေသအဘာဝ-မဂ်စိတ္တ တည့်။ ကမ္မအဘာဝ-မဂ်စေတနာနှင့်,ဒုက္ခအဘာဝ-နိဗ္ဗာန-သာသနာ့အရသာ–ဆောင်ပုဒ်အရ ''မဂ်စိတ်, မဂ်စေတနာ, နိဗ္ဗာန်'' ၏ ၃-တန်ကို ''သာသနာ့အရသာ''ဟုဆိုလိုပေသည်၊ ချဲ့ဦးအံ့

**မဂ်စိတ်။** ။တဏှာယ နိဗ္ဗုတေ လောကော,တဏှာယ ပရိကဿတိ။တဏှာယ ကေဝမ္မဿ,သဗ္ဗေဝ ဝသ– မန္နဂူ။

နှင့်အညီ လောကတလျောက်လုံး ဝေါဟာရဘူစိတ်ဖြစ်သည်အထိ ကိလေသာပြစ်ရှိကာ ကိလေသဘာဝ အနေမှ ''မဂ်ခဏ''အရောက်တွင် ကိလေသအဘာဝအနေသို့ မရောက်စဘူးရောက်ရှိရပေသည်။ ထိုကြောင့် ကိလေသ အဘာဝကို ''မဂ်စိတ်''ဟု ဆိုရပေသည်။

**မဂ်စေတနာ။** ။ကမ္မုနာ နိယျတေ လောကော, ကမ္မုနာ ပရိကဿတိ။ကမ္မဿ ကေခမ္မဿ, သဗ္ဗော ၀သ-မန္တဂူ။

နှင့်အညီ လောကတလျောက်လုံး ဝေါဟာရဘူစေတနာဖြစ်လာသည့်အထိ ကံဖြစ်ရှိကာ ကမ္မဘာ၀ အနေမှ"မဂ်ခဏ"အရောက်တွင် ကမ္မအဘာ၀အနေသို့ မရောက်စဘူး ရောက်ရှိရပေသည်။ထို့ကြောင့် ကမ္မအဘာ၀ကို"မဂ်စေတနာ"ဟုဆိုရပေသည်။

**နိဗ္ဗာန်။** ။ဒုက္ခမေ၀ဟိ သမ္ဘောတိ,ဒုက္ခံ တိဋ္ဌတိ ဝေတိစ နညတြ ဒုက္ခာ သမ္ဘောတိ,နညံဒုက္ခာ နိရုဇ္ဈတိ။

နှင့်အညီ လောကတလျောက်လုံး ဝေါဟာရဘူစိတ်ဖြစ်သည် အထိ ဒုက္ခဖြစ်ရှိကာ ဒုက္ခဘာ၀ အနေမှ"မဂ်ခဏ"အရောက်တွင် ဒုက္ခအဘာ၀ အနေသို့မရောက်စဘူးရောက်ရှိရပေသည်။ ထို့ကြောင့် ဒုက္ခအဘာ၀ကို"နိဗ္ဗာန်"ဟု ဆိုရပေသည်။

**အရိယာတို့အတွက်။** ။ထိုသာသနာ့အရသာကို ရယူတော်မူပြီးကြသည့်အရိယာအဆူဆူတို့အတွက် စကားဆက်ရသော် သစ္စာလေးထွေ သိစေတော် မူတတ်သည့် မြတ်ဗုဒ္ဓက လှည်းမှူးကြီးပမာ"ဆရာ-သတ္တ"အဖြစ် ညွှန်ပြမှုရသဖြင့် သစ္စာလဲထင် မဂ္ဂင်လဲပါ သိက္ခာအကျင့် ဝိပဿနာအဆင့်ဆင့်ဖြစ်သောကြောင့် ကိလေသမာရ် အဘိသင်္ခါရမာရ် နှိပ်စက်ရန် အခွင့်မရမှု၍ ဝိပဿနာမှလာသော မဂ်ဉာဏ်မှုနှိ ဖြစ်ရှိပေါ်လျက် အဝိဇ္ဇာနှင့် တဏှာအငုတ် အမြစ်ပါပြုတ်လေရာ ဘဝဇာတ် ရုပ်သိမ်းသည့် ချုပ်ငြိမ်းအေးမြ ချမ်းအေးလှသည့်"သာသနာ့ အရ

သာ''ဖြင့် ဘဝ၏ကမ်းတဘက်သို့ လှမ်းတက်တော် မူကြလေကုန်ပြီ။

**အာသီသပတ္တနာ။** ။ယင်းသို့ဘော်ပြ အမိပ္ပါယတ္တတို့အရ ဘဝ၌ယှဉ်ကြာ သတ္တဝါတွင် အပါအဝင်ဖြစ်သည့် ''၌ကျမ်းရှင်—ဘဝခရီးသည်''ကို ဘဝဒုက္ခမှ မုချလွတ်အောင် ထုတ်ဆောင် ကယ်တင်တော် မူပါဟု အာသီသပတ္တနာ နှုတ်မြွက်ကာ ပြုသဖြင့် ဘဝဒုက္ခမှ မုချလွတ်ကြောင်း နည်းကောင်း လမ်းမှန်၊ အဝိဇ္ဇာနှင့်တဏှာအငုတ် နှုတ်ပယ်စရာ''ဝိပဿနာ မဂ်ရေးရာကို ညွှန်ပြတော်မူပါ''ဟူသော စိတ်ဖြင့် တောင့်တမှုလည်း သဒ္ဒါနည်းအရ ပါဝင်ပြီးစီးလေတော့သည်ဟူလို။

**ဒုမူလာ နုဟတာယေန, သာသနေဝ သောနယော။**
**နည္ဘဘ တဒိဿာနံ, အညာယ တထ မုစ္စတေ။**

ယေန နယေန အကြင် ဝိပဿနာမဂ်ရေးရာဖြင့် ဒုမူလာ အဝိဇ္ဇာနှင့်,တဏှာအငုတ်,အနှုတ်မလွယ်,ဝဋ်မြစ် နှစ်သွယ်တို့ကို အနုဟတာ-တဆန်မယွင်း,ကျန်မကြွင်းအောင်, ရှင်းလင်းခုတ်ထွင်, သုတ်သင်နှုတ်ပယ်အပ်ကုန်၏၊ သောနယော-ထိုဝိပဿနာ မဂ်ရေးရာသည်၊ သာသနေဝ-ဗုဒ္ဓသာသနာ,ဗုဒ္ဓ စာပေမှာသာ အတ္ထိ- အဆက်ဆက်မှ,မပျက်ခုတိုင်, မယိုင်ခံ့ခံ့, တည်တံ့လျက်ရှိပေ၏၊ အညတ္တံ-အခြားဘာသာ, အခြား စာပေ,တက္ကသိုလ်စာပေ,လောကဓာတ်စာပေ,ကမ္ဘာ့စာပေ,အထွေထွေမှာ နတ္ထိ-ဆေးဖေါ်ဝါးဖက်,အနံ့အသက်မျှ,အဆက်ဆက်မှရှာလာ,မရှိပါချေ။သောနယော-ထိုဝိပဿနာမဂ်ရေးရာကို(ဥစ္စတေ-၌စပ်)တံဒုမူလ အနုဟတံ-ထိုအဝိဇ္ဇာနှင့်, တ

ဏှာအငုတ်, အမြစ်ပြုတ်အောင်, နှုတ်ပယ်ခြင်းကို၊ ဠုစ္ဆာခံ့–ထက်သန်တက်ကြွ,ဆန္ဒယှဉ်မှီ,ဘဝခရီးသည်,မြတ်ယောဂီတို့၏၊ အတ္တာ့ဃ—ဘဝအငုတ်’တဒင်္ဂတဒင်္ဂပြုတ်ခြင်း အကျိုး၄ါ၊တထံ သမုစ္ဆေဒ တထနက်လျှံ မဂ်ရမှန်အောင် (မယာ-ဝိသုဒ္ဓိမဂ် ဆရာတော်၏ **ညီတော်ရင်းချာ တပည့်ငါသည်၊**) ဥစ္စတော– စီရရီရီ ပန်းကုံးသီသို့ မနသီဉာဏ်တွင် ပန်ဆင်နှင်းအပ် ရှင်း ဆိုအပ်၏ ရှင်းဆိုပေအံ့....။

**ရေးသားပုံ။** ။ဥပရိဏ္ဏာသ ပါဠိတော်မှထုတ် မဟာသ ဠာယတနသုတ်ကို **“ကိုယ်”** ကဲ့သို့ပြု၍ နေတ္တိနှင့် ပေဋကော ပဒေသ ပါဠိအဋ္ဌကထာတို့ကို **“ဦးခေါင်း”**ကဲ့သို့ပြု၍ ဝိသုဒ္ဓိ မဂ်အဋ္ဌကထာ မဟာဋီကာတို့ကို **“မျက်စိ”** ကဲ့သို့ပြု၍ ကြွင်း ကျန်အရှိ ပါဠိအဋ္ဌကထာဋီကာတို့ကို **“ကျောရိုး”** ကဲ့သို့ပြု၍ ဆရာမြတ်အဆူဆူတို့၏ အယူ၊အထူးအားဖြင့် သထုံမြို့ ဇေတ ဝန် ဆရာတော်ဘုရားကြီး၏ အယူ၊ ဝိသုဒ္ဓိမဂ် ဆရာတော် ၏ အယူတို့ကို **“နှလုံး”** ကဲ့သို့ပြု၍ **“ဝိပဿနာမဂ်ရေးရာ”**—ဟု အမည်ပေးတင်လှူမ်းသည့် ဤ စာကျမ်းကို ရေးသားပါသည်။

**မှာထားချက်။** ။ကျမ်းစာရှုသူတို့ယုံကြည်ချက် လေးနက် စေရန် “ပါဠိသာဓက”များကို ဘော်ပြရာ၌ ပိဋကပညာရှင် တို့အတွက် အနက်ပေးပြစရာ မလိုသောကြောင့်ရင်း၊ ပိဋက ပညာရှင် မဟုတ်သူတို့ အတွက် အနက်အဓိပ္ပါယ် သိလွယ် အောင် ဘော်ပြပြီး ဖြစ်သောကြောင့်ရင်း၊ ပါဠိသာဓက အ များကို မြန်မာပြန် နိဿယနက် မဘော်ပြဘဲ ထားပါသည်။ ပါဠိဉာဏ် နဲ့သူတို့ စာရှုသောအခါ ပါဠိကို- ဖတ်ရှုမနေ

တော့ဘဲ မြန်မာနက်ကိုသာ ဆက်သက် ဖတ်ရှုသွားပါလျှင် အသိဉာဏ် ဆက်စပ်မှု ကျေးဇူးပြု လျှင်မြန်သဖြင့် ပါဠိကို ဖတ်ရှု မနေပါနှင့်တော့—ဟု မှာထားပါသည်။

၂၃၂၀—ခုနှစ်
သီတင်းကျွတ်လဆန်း
(၈)ရက်

အရှင်ရေဝတ
ဒု—ဝိသုဒ္ဓိမဂ်ဆရာတော်
သာသနာ့ မာရ်အောင် ကမ္မဋ္ဌာန်း
ဌာန
ကမာရွတ်—ရန်ကုန်မြို့။

## ပညာနန္ဒစာပုံနှိပ်တိုက်

၈၅-(က)၊ အင်းယားမြိုင်လမ်း၊ တက္ကသိုလ်ရိပ်သာ

ရန်ကုန်မြို့။

# ဝိပဿနာမဂ်ဓရေးရှု

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

ယခုဘဝ ဒိဋ္ဌမျက်မှောက် မဂ်ရောက်မိုလ်ဝင် နိဗ္ဗာန်သို့ ပို့တင်မည့်ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်သော ယောဂီ၏ သန္တာန်၌ (ဝါ) ကိလေသာနှင့် မရောသော ရုပ်နာမ် ဒုက္ခသစ္စာ နှင့် ရုပ်နာမ်နှင့် မရောသော ကိလေသာသမုဒယသစ္စာ ထင်လျက် မဂ္ဂင်ပါသော ကျင့်နည်းတရား အမှန်ကို အားထုတ်သောယောဂီ၏ သန္တာန်၌-

ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖြစ်ပေါ်လာရန် အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း-ဟု မေး၊ အဖြေကား– ဝိပဿနာ ဉာဏ် မဂ်ဉာဏ် ဖြစ်ပေါ်လာရန် အကြောင်းကား သုတမယဉာဏ်နှင့် စိန္တာမယဉာဏ် ၂ ပါးတည်း၊ အထောက်အပံ့ကား သူတပါးထံမှ (သစ္စာနှင့်စပ်သော) တရားအသံနှင့် မိမိ(ယောဂီ)၏ အသင့်အတင့် နှလုံးသွင်းခြင်း ၂ ပါးတည်း။

ထင်ရှားစေဦးအံ့–သရက်မျိုးစေ့သည် သရက်ပင်၏ အကြောင်းဖြစ်သကဲ့သို့ သုတမယဉာဏ်နှင့် စိန္တာ

မယဉာဏ် ၂ ပါးသည် ဝိပဿနာဉာဏ် မဂ်ဉာဏ်၏ အကြောင်း ဖြစ်၏။ ရေ-ခလ-မြေ-ဥတု သည် သရက်ပင်၏ အထောက်အပံ့ ဖြစ်သကဲ့သို့ သူတပါးထံမှ (သစ္စာနှင့်စပ်သော) တရားအသံနှင့် မိမိ၏ အသင့်အတင့် နှလုံးသွင်းခြင်း ၂ ပါးသည် ဝိပဿနာဉာဏ် မဂ်ဉာဏ်၏ အထောက်အပံ့ ဖြစ်၏။

**ပေဒ္ဒကောပဒေသပါဠိ** — ဒွေ ဟေတူ ဒွေ ပစ္စယာ သာဝကဿ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ။ ပရတော စ ဃောသော သစ္စာနုသန္ဓိ, အဇ္ဈတ္တဉ္စ ယောနိသောမနသိကာရော။

သာဝကဿ တပည့် (တရားကြားနာသဲ, တရားအားထုတ်ဆဲ ယောဂီ) ၏၊ (သန္တာန်၌)၊ သမ္မာဒိဋ္ဌိယာ-ဝိပဿနာဉာဏ် မဂ်ဉာဏ် ၂-ပါး၏၊ ဥပ္ပါဒါယ- ဖြစ်ခြင်း အကျိုးငှာ၊ ဟေတူ- အကြောင်းတို့သည်၊ ဒွေ-၂ ပါးတို့တည်း၊ ပစ္စယာ-အထောက်အပံ့တို့သည်၊ ဒွေ-၂ ပါးတို့တည်း၊ ကတမေဒွေ- အဘယ် ၂ ပါးတို့နည်း၊ သစ္စာနုသန္ဓိ-သစ္စာနှင့် စပ်သော၊ ပရတော စ ဃောသော-သူတပါးထံမှ တရားအသံ ၁ ပါး၊ အဇ္ဈတ္တဉ္စ ယောနိသောမနသိကာရော မိမိ၏ အသင့်အတင့် နှလုံးသွင်းခြင်း ၁ ပါး၊ ဣမေဒွေ ဤ ၂ ပါးတို့တည်း။

**အကြောင်း (ဟိတ်)** ၂ – ပါး – အထက်တော်ပြသာ ဓကပါဠိတော်၌ အလောက်အပွံ (ပစ္စည်း) ၂ ပါးကို ဟောတော်မူသဖြင့်, အကြောင်း (ဟိတ်) ၂ ပါးကိုလည်း ဟောတော်မူပြီး (ပါဝင်ပြီး) ဖြစ်၏ဟု သိမှတ်အပ်၏၊ ထိုစကားမှန်၏- သုတမယဉာဏ်ဟူသည် သစ္စာနုသန္ဓိ ပရတောဃောသ ကြောင့် ဖြစ်သော ဉာဏ်ပင်တည်း၊ စိန္တာမယဉာဏ် ဟူသည် အဇ္ဈတ္တယောနိသော မနသိကာရကြောင့် ဖြစ်သော ဉာဏ်ပင်တည်း။ (သုတ = ကြားသဖြင့်+စိန္တာ = ကြံသဖြင့်+မယ = ပြီးသော+ဉာဏ=ဉာဏ်)

**ပေဋကောပဒေသပါဠိ**– ပရတောဃောသေန ယာ ဥပ္ပဇ္ဇတိပညာ၊ အယံ သုတမယီပညာ၊ ယာ အဇ္ဈတ္တ ယောနိသောမနသိကာရေန ဥပ္ပဇ္ဇတိပညာ၊ အယံ ဝုစ္စတိ စိန္တာမယီပညာ။

**မဂ်လာရာအစဉ်**– ယင်းသို့ ထုတ်ပြ ဟောတ-ပစ္စယတို့ဖြင့် မဂ်လာရာအစဉ်ကို မှတ်သားထိုက်၏။ မဂ်သည် ဝိပဿနာမှ လာ၏။ ဝိပဿနာသည် အဇ္ဈတ္တ ယောနိသောမနသိကာရမှ လာ၏၊ အဇ္ဈတ္တယောနိ သောမနသိကာရသည် သာဝကမှ လာ၏၊ သာဝကသည် ပရတောဃောသမှ လာ၏၊ ပရတောဃောသ

သည် ဒေသကမှ လာ၏၊ မဂ်ရ ဗိုလ်ရကိစ္စအားဖြင့် မြတ်စွာဘုရားသာ ဒေသကအစစ်ဖြစ်၍ ပရတောဃောသသည် မြတ်စွာဘုရားမှ လာသတည်း။

## လေ့ကျင့်ခန်း

(၆) မဂ်=ပဌမမဂ်, ဒုတိယမဂ်, တတိယမဂ်, စတုတ္ထမဂ် ၄ ပါး+ (၅) ဝိပဿနာ= ဂေါတြဘူမှ နောက် ပြန်အားဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်အထိ ၁၃-ပါး ဝိပဿနာ+ (၄) အဇ္ဈတ္တယောနိသောမနသိကာရ= မိမိအသင့်အတင့် နှလုံးသွင်းခြင်း+ (၃) သာဝက=တရားကြားနာသဲ အားထုတ်ဆဲ တပည့်ယောဂီ+ (၂) သစ္စာနုသန္ဓိ ပရတောဃောသ=သူတပါး ပြော ဟောသည့် သစ္စာနှင့် စပ်သော တရားအသံ+ (၁) ဒေသက= တရားဟောပြတတ်သော ဆရာ။

ပါဠိနှင့် မြန်မာ ၂-ဘာသာဖြင့် ဖြစ်စေ, မြန်မာ သက်သက်ဖြစ်စေ ရွတ်ဆိုလျက် နှုတ်လွှတ်ရအောင် အောက်ပါအတိုင်း လေ့ကျင့်ပါ။

၆-သည် ၅-မှ လာ၏၊ ၅-သည် ၄-မှ လာ၏၊ ၄-သည် ၃-မှ လာ၏၊ ၃-သည် ၂-မှ လာ၏၊ ၂-သည် ၁-မှ လာ၏၊ တနည်း၊ ၁-ဖြစ်ပေါ်မှ ၂-ဖြစ်ပေါ်မည်၊ ၂-ဖြစ်ပေါ်မှ ၃-ဖြစ်ပေါ်မည်၊ ၃-ဖြစ်ပေါ်မှ ၄-ဖြစ်ပေါ်မည်၊ ၄-ဖြစ်ပေါ်မှ ၅-ဖြစ်ပေါ်မည်၊ ၅-ဖြစ်ပေါ်မှ ၆-ဖြစ်ပေါ်မည်ဟူ မဂ်ရရန်အစဉ်ကို လေ့ကျင့်ပါ။

**မဂ်ရရန်အစဉ်** — မဂ်လာရာ အစဉ်ကို ပြန်သော အားဖြင့် မဂ်ရရန်အစဉ်ကို မှတ်သားထိုက်၏၊ (၁)ဒေသကထံမှ (၂) သစ္စာနုသန္ဓိပရတော ဃောသ ရရှိသော (၃) သာဝကသည် (၄) အဇ္ဈတ္တ ယောနိသောမနသိကာရ ထားရှိလျက်(၅)ဝိပဿနာကို အားထုတ်ပါလျှင် (၆) မဂ်ကို ရမည်-ဟု မဂ်ရရန် အစဉ်ကို မှတ်သားအပ်၏၊ မှန်၏-"သူတော်သူမြတ်, မြဲဆည်းကပ်၍၊ မှတ်မှတ်သားသား, တရားကိုနာ၊ ဖြူစွာနှလုံး, တဖြောင့်သုံးလျက်၊ အားတက်ကျင့်ကြံ, သောတာပန်-ဖြစ်ရန်အကြောင်း ၄-ချက်တည်း" ဟု မဟာဝဂ္ဂသံယုတ်၌ မဂ်ရရန်အစဉ်ကို ဟောတော်မူထားပြီး။ [ "သူတော်သူမြတ်, မြဲဆည်းကပ်" ဖြင့် (၁) ကိုယူ၊ "မှတ်မှတ်သားသား, တရားကိုနာ" (၂) ကို ယူ၊ "ဖြူစွာနှလုံး, တဖြောင့်သုံး" ဖြင့် (၄) ကိုယူ၊ "အားတက်ကျင့်ကြံ" ဖြင့် 'ဝိပဿနာကိုယူ၊ 'သောတာပန်', ဖြင့် ပထမမဂ်ကိုယူ။ ]

## ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓရေးရာ

ဉာဏ်သည် ကြားနာသဖြင့် ပြီးသော သုတမယ ဉာဏ်,ကြံသဖြင့် ပြီးသော စိန္တာမယဉာဏ်, ထင်သဖြင့် ပြီးသော ဘာဝနာမယဉာဏ်အားဖြင့် ၃-မျိုး ပြား၏၊ ထိုတွင် သုတမယဉာဏ်၏ အာရုံသည် ပရိယတ္တိ သာသနာမည်၏၊ စိန္တာမယဉာဏ်၏ အာရုံသည် ပဋိပတ္တိသာသနာမည်၏၊ ဘာဝနာမယဉာဏ်၏ အာရုံသည် ပဋိဝေဓသာသနာမည်၏။ ရှုဦးအံ့····

**သုတဉာဏ်အာရုံ ပရိယတ်** – ဟောပြတတ်သူ ဒေသက ပုဂ္ဂိုလ်ထံမှ ဒေသနာသံကို ကြားနာရသဖြင့် သာဝကသည် (ဖြစ်ဆဲဖြစ်သော သဘာဝရုပ်,နာမ်, ဉာဏ်, မဂ်,ဖိုလ်, နိဗ္ဗာန်ပရမတ်၏) "နာမပညတ်" ကို သိ၏၊ ထိုသို့ ကြားနာရသဖြင့် နာမပညတ်ကို သိခြင်းကား ပရိယတ္တိ သာသနာ ပင်တည်း၊ ထို သာဝကကို ထိုအသိဉာဏ်နှင့် ပြည့်စုံခိုက် ပရိယတ္တိ သာသနာတည်သူ–ဟု ဆိုထိုက်၏။

**စိန္တာဉာဏ်ပဋိပတ်**– သုတမယဉာဏ် အခြေခံ ရှိပြီးသော သာဝကသည် ကြံသဖြင့် (ဖြစ်ဆဲ ဖြစ်သော သဘာဝရုပ်,နာမ်, ဉာဏ်, မဂ်, ဖိုလ်, နိဗ္ဗာန် ပရမတ်၏) "တဇ္ဇာပညတ်ကို သိ၏၊ ထိုသို့ ကြံသဖြင့်

တဇ္ဇာပညတ်ကို သိခြင်းငှာ ပဋိပတ္တိသာသနာပင် တည်း၊ ထိုသာဝကကို ထိုအသိဥာဏ်နှင့် ပြည့်စုံခိုက် ပဋိပတ္တိသာသနာတည်သူ—ဟု ဆိုထိုက်၏။

**ဘာဝနာဥာဏ်အာရုံပဋိဝေဓ—** သုတနှင့်စိန္တာ ဥာဏ် ၂-ဖြာရှိပြီးဖြစ်သော သာဝက၏ ဥာဏ်အာရုံ ၌ (ဖြစ်ဆဲဖြစ်သော သဘာဝရုပ်, နာမ်, ဥာဏ်, မဂ်, ဖိုလ်,နိဗ္ဗာန်, ပရမတ်တို့တွင်) ဖြစ်ဆဲသော သဘာဝ ရုပ်,နာမ်,ဥာဏ်,မဂ်၏ပရမတ်လည်းထင်၏၊(လောကီ ဘာဝနာမယကို ရည်သည်။) ဖြစ်ဆဲသော သဘာဝ ရုပ်, နာမ်, ဥာဏ်, မဂ်, ဖိုလ်, နိဗ္ဗာန်လည်း ထင်၏၊ (လောကုတ္တရာ ဘာဝနာမယကို ရည်သည်)၊ ထိုသို့ အာရုံ့ဒွါရ,ဝိညာဏ် ဝိသယပဝတ္တိ ဝီထိစိတ် ဖြစ်ခိုက် "ယထာ+ဘူတ=ဖြစ်တဲ့+အတိုင်း" ( ထင်တဲ့+အ တိုင်း၊ ဟုတ်တဲ့+အတိုင်း ) သိခြင်းကား ပဋိဝေဓ သာသနာပင်တည်း၊ လောကီ ဘာဝနာဥာဏ် နှင့် ပြည့်စုံခိုက် ထိုသာဝကကို ပဋိဝေဓသာသနာ "ခေတ္တ" တည်သူဟု ဆိုထိုက်၏၊ လောကုတ္တရာ ဘာဝနာ ဥာဏ်အထိ ရရှိသူ သာဝကကိုကား ပရိယတ်, ပဋိ ပတ်,ပဋိဝေဓ သာသနာ ၃-ရပ် "အမြဲ"တည်သူဟု ဆိုထိုက်ပေတော့သည်။

နေတွင်းအဋ္ဌကထာ—"သုတမယဉာဏဂေါစရောစ ယော ပရိယတ္တိ သဒ္ဓမ္မောတိ ဝုစ္စတိ၊ စိန္တာမယ ဉာဏ ဂေါစရောစ ယော အာကာရ ပရိဝိတက္က ဒိဋ္ဌိနိဇ္ဈာန ခန္တိယုတ္တိ ဂဟေတဗ္ဗာကာရော ဝိမုတ္တာ ယတနဝိသေ သော ပဋိပတ္တိသဒ္ဓမ္မောတိ ဝုစ္စတိ၊ ဝိပဿနာဉာဏ ဒိသဟဂတော ဘာဝနာမယ ဉာဏ ဂေါစရောစ ယော ပဋိဝေဓ သဒ္ဓမ္မောတိ ဝုစ္စတိ။

ယော သုတမယဉာဏဂေါစရော—အကြင် သုတ မယ ဉာဏ်အာရုံ၊ သောစ-ထိုသုတမယ ဉာဏ်အာရုံ ကိုကား၊ ပရိယတ္တိသဒ္ဓမ္မောတိ- ပရိယတ္တိသာသနာ ဟူ၍၊ ဝုစ္စတိ—ဆိုအပ်၏၊ အာကာရပရိဝိတက္က ဒိဋ္ဌိ နိဇ္ဈာန ခန္တိယုတ္တိ-အနက်၏ အခြင်းအရာကို ကြံခြင်း, အနက်ကို သိမြင်သဖြင့် တစိမ့်စိမ့်ရှုခြင်း, နှစ်သက် ခြင်းတို့ဖြင့် (တို့သည်)၊ဂဟေတဗ္ဗာကာရော=ယူအပ် သော အခြင်းအရာရှိသော၊ ဝိမုတ္တာယတန ဝိသေ သော—မဂ်ရခြင်း၏ အကြောင်းထူး (ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိ, သုခ,သမာဓိ) ဖြစ်သော၊ ယော စိန္တာမယ ဉာဏဂေါစရော— အကြင် စိန္တာမယဉာဏ်အာရုံ၊ သောစ-ထိုစိန္တာမယဉာဏ် အာရုံကိုကား၊ ပဋိပတ္တိ သဒ္ဓမ္မောတိ=ပဋိပတ္တိသာသနာ ဟူ၍၊ ဝုစ္စတိ-ဆိုအပ် ၏၊ ဝိပဿနာဉာဏဒိသဟဂတော— ဝိပဿနာ

ဉာဏ် စသည်နှင့် တကွ ဖြစ်သော၊ ယော ဘာဝနာ မယဉာဏဂေါစရော–အကြင် ဘာဝနာမယ ဉာဏ် အာရုံ၊သောစ–ထိုဘာဝနာမယ ဉာဏ်အာရုံကိုကား၊ ပဋိဝေဓသဒ္ဓမ္မောတိ– ပဋိဝေဓသောသနာ ဟူ၍၊ ဝုစ္စ တိ–ဆိုအပ်၏။

## သာဝကယောဂီရေးရာ

တရားဟောပြတတ်သူ ဒေသကပုဂ္ဂိုလ်ထံမှ ပရ တောဃောသဟူသော ဒေသနာအသံကို ကြားနာဆဲ အားထုတ်ဆဲ ဖြစ်သော ယောဂီသာဝကသည် ဥဂ္ဃဋိတညူ,ဝိပဉ္စိတညူ,နေယျ,ပဒပရမအားဖြင့် ၄ ယောက် ပြား၏၊ယင်းသာဝက ၄ ယောက်၏ စွမ်းရည်သတ္တိကို သုတဉာဏ် စိန္တာဉာဏ် ရှိ မရှိဖြင့် ဆုံးဖြတ်လျက် အမည် ပေးရမည်ဟု နေတ္တိပါဠိတော်၌ အဆိုပြုထားပြီ။

ဒေသကပုဂ္ဂိုလ်ထံမှ ပရတောဃောသရ ရှိသဖြင့် သုတစိန္တာဉာဏ် ၂ ဖြာနှင့် ပြည့်စုံသူ သာဝကကို ဥဂ္ဃဋိတညူဟုဆို၊ သုတဉာဏ်သာ ဖြစ်ရှိ၍ စိန္တာ ဉာဏ် မဖြစ်မရှိသူသာဝကကို ဝိပဉ္စိတညူဟုဆို၊ ဒေသ က ပုဂ္ဂိုလ်ထံမှ ပရတောဃောသ ရရှိသော်လည်း သုတဉာဏ် စိန္တာဉာဏ် ၂ တန်စလုံး မဖြစ်မရှိသေးသူ သာဝကကို နေယျဟုဆို။

**နေတ္တိပါဠိ**—ယဿ ဇုမာ ဒွေ ပညာ အတ္ထိ သုတမယီ စိန္တာမယီစ, အယံဥဂ္ဃဋိတညူ၊ ယဿ သုတမယီ အတ္ထိ နစိန္တာမယီ, အယံ ဝိပဉ္စိတညူ၊ ယဿ နေဝ သုတမယီပညာ အတ္ထိ န စိန္တာမယီ, အယံနေယျော။

**ဥဂ္ဃဋိတညူ မဂ်ရပုံ**—ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်သည် ဒေသနာအကျဉ်းမျှကို ကြားနာရသဖြင့် ဝိပဿနာကို အားထုတ်ရသော ကာလအသီးအခြား မရှိဘဲ ဝိပဿနာဉာဏ် ၁၃ တန်သို့ တက်၍ သောတာပတ္တိမဂ်သို့ ဆိုက်၏။

ကတမော ပုဂ္ဂလော ဥဂ္ဃဋိတညူ၊ ယဿ ပုဂ္ဂလဿ ဥဒါဟဋဝေလာယ ဓမ္မာဘိသမယော ဟောတိ၊ အယံဝုစ္စတိ ပုဂ္ဂလော ဥဂ္ဃဋိတညူ။ (ပုဂ္ဂလ ပညတ်ပါဠိ။)

**ဝိပဉ္စိတညူမဂ်ရပုံ**— ဝိပဉ္စိတညူ ပုဂ္ဂိုလ်သည် အကျဉ်းနှင့် အကျယ်နှစ်သွယ်သော ဒေသနာကို ကြားနာရသဖြင့် ဝိပဿနာကို အားထုတ်ရသော ကာလအသီးအခြား မရှိဘဲ ဝိပဿနာဉာဏ် ၁၃-တန် သို့ တက်၍ သောတာပတ္တိမဂ်သို့ဆိုက်၏။

ကတမော ပုဂ္ဂလော ဝိပဉ္စိတညူ၊ ယဿ ပုဂ္ဂလဿ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထေ ဝိဘဇိယ

မာနေ စမ္မာဘိသမယော ဟောတိ၊ အယံဝုစ္စတိပုဂ္ဂလော ဝိပဉ္စိတညူ။—(ပုဂ္ဂပညတ်ပါဠိ။)

**နေယျပုဂ္ဂိုလ်မဂ်ရပုံ—** (က) နေယျပုဂ္ဂိုလ်သည်အကျဉ်းအကျယ် ဒေသနာအသွယ်သွယ်ကို အကြိမ်ကြိမ်နာကြားခြင်း,(ခ) နာကြားအပ်သော တရားဒေသနာ၏ အရဖြစ်သော ဝိပဿနာကမ္မဋ္ဌာန်းကို ယူဆောင်သင်ကြားခြင်း, (ဂ) ယူဆောင်သင်ကြား ကမ္မဋ္ဌာန်းတရား၏ အနက်အဓိပ္ပါယ်ကို အခါခါမေးမြန်းခြင်း, (ဃ) ယူဆောင် သင်ကြား မေးမြန်းပြီးနောက် မဂ်ဖိုလ်နိဗ္ဗာန် မရမခြင်း ဝိပဿနာကို နေ့—ညည့်—ရက်-ရက်-လ—နှစ်ပတ်လုံး" အားထုတ်ခြင်း, (င) အားထုတ်နေဆဲ သင့်သောကာလ၌ တရားနာရန် ဝိပဿနာကို ဟောပြောပြတတ်သော ကလျာဏမိတ္တထံသို့အကြိမ်ကြိမ် ဆည်းကပ်၍ တရားနာခြင်း, ဤ"မဂ်ဖိုလ်ရစေရေး"အလုံးစုံကို မရမခြင်း အကုန်ပြုအပ်၏၊ ပြုရမည် ဆိုခဲ့ပြီးသော အစဉ်ဖြင့် နေယျပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်သို့ ဆိုက်၏၊

**ပုဂ္ဂလပညတ်ပါဠိ—** "ကတမော ပုဂ္ဂလော နေယျော၊ ယဿ ပုဂ္ဂလဿ ဥဒ္ဒေသတော,ပရိပုစ္ဆတော, ယောနိသောမနသိကရောတော, ကလျာဏမိတ္တေ သေဝတောဘဇတော ပယိရုပါသတော အနုပုဗ္ဗေ

နဓမ္မာဘိသမယော ဟောတိ၊ အယံဝုစ္စတိ ပုဂ္ဂလော နေယျော။

ကတမောပုဂ္ဂလော-အဘယ်ပုဂ္ဂိုလ်ကို၊ နေယျော-နေယျဟူ၍၊ ဝုစ္စတိ- ဆိုအပ်သနည်း၊ (ခ) ဥဒ္ဒေသတော-ကမ္မဋ္ဌာန်းကို ယူဆောင် သင်ကြားသောအားဖြင့်၊ (ဂ) ပရိပုစ္ဆတော-ယူဆောင် သင်ကြားသော ကမ္မဋ္ဌာန်း၏ အနက်အဓိပ္ပါယ်ကို အဖန်ဖန် မေးမြန်းသောအားဖြင့်၊ (ဃ) ယောနိသော မနသိကာရတော- ဝိပဿနာကို သင့်တင့်အောင် နှလုံးသွင်းသောအားဖြင့်၊ (င) ကလျာဏမိတ္တေ-ဝိပဿနာသဘောကို ဟောပြောပြတတ် ဆရာမြတ်တို့ကို၊ သေဝတော အဇ္ဇတော ပယိရုပါသတော-မှီဝဲ- ဆည်းကပ်၊ မပြတ်နီးပါး နေသော အားဖြင့်၊ ယဿ ပုဂ္ဂလဿ-အကြင်ပုဂ္ဂိုလ်အား၊ အနုပုဗ္ဗေန-"မဂ်ဖိုလ်ရရေး"အစဉ်အားဖြင့်၊ ဓမ္မာဘိသမယော- သောတာပတ္တိမဂ်သည်၊ ဟောတိ=ဖြစ်၏၊ အယံပုဂ္ဂလော-ဤပုဂ္ဂိုလ်ကို၊ နေယျော-နေယျဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

**သာဝကဥဒ္ဒေသ**= ယခုခေတ်၌ နေယျသာရှိ၏၊ ဥဃဋိတညူ ဝိပဉ္စိတညူမရှိဟု စိစစ်လေ့ ရှိကြ၏၊ "စတ္တာရော ဘိက္ခဝေ ပုဂ္ဂလာလော ကေ သံဝိဇ္ဇန္တိ" စသည်ဖြင့် စတုကအင်္ဂုတ္တိုရ်၌ မြတ်စွာဘုရားကိုယ်

တော်တိုင်က လောကအရှိ ပုဂ္ဂိုလ် ၄–မျိုး ဟောကြားတော်မူပြီး ဖြစ်သဖြင့်၎င်း, ဥဿုဋိတညူဝိပဉ္စိတညူတို့လည်း မဂ်မရသေးမီ ကြိုတင်သိရန်မှာ စိစစ်လေ့ရှိသူ၏ အရာမဟုတ်သောကြောင့်၎င်း,မဂ်မရသေးမီ လောကသားပင်ကေန်မှန်သောကြောင့်၎င်း, ဥဿုဋိတညူဝိပဉ္စိတညူအဖြစ်ကို မဂ်ရပြီးမှသာ သိနိုင်ရသောကြောင့်၎င်း,(ဝါ-မဂ်မရသေးမီ ဥဿုဋိတညူဝိပဉ္စိတညူ အမည်တင်ခွင့်မရှိသောကြောင့်၎င်း) ယခုခေတ်၌ ဥဿုဋိတညူ ဝိပဉ္စိတညူ မရှိဟု မဆိုသင့်၊ မဆိုသာချေ၊ ဆိုသဖြင့် အကျိုးမရယုံမက, သဗ္ဗညုတဉာဏသခင် ဘုရားရှင်၏စကားတော်ကို ပယ်ဖျက်ရာပင် ကျနိုင်ရာသေး၏ အထက်၌ ဘော်ပြခဲ့သော နေတ္တိပါဠိတော်, ၎င်းအဌကထာက သာဓကအဖြစ် ဆောင်ပြအပ်သော ပုဂ္ဂလပညတ္တိပါဠိတော်တို့အဆိုကို ထောက်ဆ မျှော်ခေါ်သော်–(၁) ဥဿုဋိတညူ ဟုတ်-မဟုတ် ထောက်ချင့်ရန် အကျဉ်းဒေသနာက တကြိမ်တခါ နာယူပါဟူသော ဥပဒေသ၊ (၂) ဝိပဉ္စိတညူ ဟုတ်-မဟုတ် ထောက်ချင့်ရန် အကျဉ်းနှင့်အကျယ် ဒေသနာကို တကြိမ်တခါ နာယူပါဟူသော ဥပဒေသ၊ (၃) နေယျ ဟုတ်-မဟုတ် ထောက်ချင့်ရန် နေယျ၏ လမ်းစဉ်ကို အတိအကျ လိုက်နာကျင့်သုံးပါဟူသော ဥပဒေသ

''ကျင့်ထုံး''များကို ညွှန်ပြထားပြီးဖြစ်၏၊ ထိုပြင်(၄) ယင်းသို့ ညွှန်ပြ ဥပဒေသကို အတိအကျ လိုက်နာသဖြင့် ဝိပဿနာနှင့်တကွသော မဂ်ဉာဏ်ကို ရရှိပြီးမှသာ ဥဿုဋ်တဉ် ဝိပဉ္စိတ ဦးနေယျနှင့် ဒေါ်နေယျဘဲဟု မိမိအတွက် ကိုယ်တိုင် ဆုံးဖြတ်ချက် အဖြေမှန်ကို ရယူရာ၏ဟုလည်း အနက်အဓိပ္ပါယ် ''ဥပဒေသ'' ဆွယ်လျက်ရှိသည်ကို မှတ်သား လိုက်နာထိုက်လှ၏။

**ပဒပရမပုဂ္ဂိုလ်**– သဒ္ဒါပုဒ် အနက်ပုဒ်လျှင် ထင်သော အပိုင်းအခြားရှိသော သာဝကသည် ပဒပရမမည်၏၊ ချဲ့ဦးအံ့ ''ပဒမေဝ ပရမော ယဿာတိပဒပရမော'' ယဿ-အကြင်သာဝကအား၊ ပဒမေဝ-သဒ္ဒါပုဒ် အနက်ပုဒ်သည်သာလျှင်၊ ပရမော– အပိုင်းအခြားသည်၊ အတ္တိ-ရှိ၏၊ ဣတိ=ထို့ကြောင့်, သော-ထိုသာဝကသည်၊ပဒပရမော-ပဒပရမမည်၏,, ဟူသည်နှင့်အညီ တရားနာဆဲအခါမှာ ဖြစ်စေ, သင်ကြားကြည့်ရှု နှလုံးသွင်းသော အခါမှာဖြစ်စေ, ဝိပဿနာဘာဝနာကို ပွားများအားထုတ်သော အခါမှာဖြစ်စေ သစ္စာအချက် အနက်ကို မပိုင်းခြားနိုင်ဘဲ ဒေသနာဝစီဘေဒ သဒ္ဒပညတ် သဒ္ဒါပုဒ်မျှ အနက်ပုဒ်မျှကိုသာ ပိုင်းခြားနိုင်သူကို ''ပဒပရမပုဂ္ဂိုလ်''ဟု ခေါ်၏။

## ယောနိသောမနသိကာရရေးရာ

မသင့်သောအကြောင်း မှားသောလမ်းဖြင့် နှလုံးမသွင်းမှု၍, သင့်သောအကြောင်း မှန်သောလမ်းဖြင့် နှလုံးသွင်းခြင်းသည် ယောနိသော မနသိကာရမည်၏။ [ယောနိသော–သင့်သောအကြောင်း ( မှန်သောလမ်း ) ဖြင့် မနသိကာရ–စိတ်၌ထားခြင်း (နှလုံးသွင်းခြင်း) ] ယောနိသောမနသိကာရကား ဌာနအလိုက်အာရုံအလိုက် အမျိုးမျိုးရှိ၏။ ဤ၌ စိန္တာမယဉာဏ် အနက်မှန် ထင်လောက်သည့် ယောနိသောမနသိကာရကို ယူအပ်၏။

ဆက်ဦး အံ့–"စိန္တာမယဉာဏ ဂေါစရော စ ယောအာကာရပရိဝိတက္ကဒိဋ္ဌိ နိဇ္ဈာနခန္တိဟိ ဂဟေတဗ္ဗာကာရော ဝိမုတ္တာယတန ဝိသေသော"ဟူသော နေတ္တိအဋ္ဌကထာ, "အတ္တဿ အာကာရ ပရိဝိတက္ကဒိဋ္ဌိနိဇ္ဈာနခန္တိပန စိန္တာမယီပညာ"ဟူသော ပေဋကောပဒေသအဋ္ဌကထာတို့နှင့်အညီ အနက်၏ အခြင်းအရာကို ကြံခြင်း, အနက်ကို သိမြင်သဖြင့် တစိမ့်စိမ့်ရှုခြင်း, နှစ်သက်ခြင်းသည် စိန္တာမယဉာဏ် မည်၏။ ယင်းစိန္တာမယဉာဏ် ဖြစ်လောက်သည့် အထောက်အပံ့ဖြစ်သော "အသင့်အတင့်နှလုံးသွင်းခြင်း"ကို

ဤနေရာ၌ ယောနိသောမနသိကာရဟု ယူအပ်၏၊ မှန်၏-ဤသို့သော ယောနိသော မနသိကာရအရ စိန္တာမယဉာဏ်သည်သာ ဝိမုတ္တာယတနအစစ် ဖြစ်ရှိနိုင်ပေသည်၊ ဝိမုတ္တာယတနဟူသည် မဂ်ရခြင်း၏ အကြောင်းထူးပင်တည်း၊ မဂ်ရခြင်း၏ အကြောင်းထူးဟူသည်၊ ပါမောဇ္ဇ= ဝမ်းသာခြင်း, ပီတိ=နှစ်သက်ခြင်း, ပဿဒ္ဓိ=စိတ်ကေတသိက် ငြိမ်းအေးခြင်း, သုခ=ချမ်းသာခြင်း, သမာဓိ= တည်ကြည်ခြင်း ။ ဤတရားများပင်တည်း၊ ဤတရားများ ဖြစ်ပေါ်သည့် သာဝကသန္တာန်၌ ပဋိပတ္တိသာသနာ ဖြစ်ရှိလေတော့သည်။

**ကာကောလောကနနည်း၊** ဒေသကပုဂ္ဂိုလ်အထံမှ ပရတောဃောသ (တရားအသံ)ကို ကြားနာအဲ ဖြစ်သော သာဝကယောဂီသည် ကာကောလောကနနည်းဖြင့် စိတ်အာရုံကို အသုံးပြုလေသည်၊ ထင်ရှားစေအံ့-ကျီသည် မျက်စိတဖက်ဖြင့် အစာကို မျက်စိတဖက်ဖြင့် ရန်သူကို ကြည့်သကဲ့သို့ ထို့အတူပင် တရားကြားနာအဲ သာဝကယောဂီသည် ဝိထိစိတ်အစဉ်ဖြင့် (နားတဖက်ဖြင့်) ပရတောဃောသကို ရယူလျက် (တရားအသံကို ကြားနာလျက်) သုတမယဉာဏ်အနက်မှန်ထင်၏၊ ဝိထိစိတ်အစဉ်ဖြင့် (နားဘ

ဖက်ဖြင့်) အဇ္ဈတ္တယောနိသောမနသိကာရ ထားရှိ လျက် (ကိုယ်တိုင်အသင့်အတင့် နှလုံးသွင်းလျက်) စိန္တာမယဉာဏ် အနက်မှန်ထင်၏။ [ကာက=ကျိုး၏+ ဩလောကန=ကြည့်(မြင်)ခြင်း။]

**အယောနိသောမနသိကာရ** — အယောနိသော မနသိကာရလည်း ဌာနအလိုက် အာရုံအလိုက် အမျိုးမျိုးရှိ၏၊ ဤနေရာ၌ကား ဝိပဿနာဉာဏ် မဂ် ဉာဏ်အတွက် အကြောင်းမဖြစ် အထောက်အပံ့မဖြစ် သည့်(စိန္တာမယဉာဏ် အနက်မှန် မထင်သည့်) နှလုံး သွင်းခြင်းမျိုးကို အယောနိသော မနသိကာရဟုယူ အပ်၏။

**အဇ္ဈတ္တပဗ္ဗင့်ုဝိသံ, အဇ္ဈုပေက္ခေယျပဏ္ဍိတော၊**
**နောဥပ္ပထမနက္ကာရံ, သောဟာပါယပထောဥဇ္ဇုံ။**

ပဏ္ဍိတော-ဒေသနာအသံ, နာခံကြားရ, သုတ ဉာဏ်မှီ, မြတ်ယောဂီသည်၊ အဇ္ဈတ္တ ပဗ္ဗင့်ုဝိသံ- ကိုယ်လုံးအနှံ့, ပျံ့၍လျှံတက်, အသက်ကိုချွေ, သေစေ တတ်သည့် အဆိပ်ကို၊ အဇ္ဈုပေက္ခေယျ- ကြောင့်ကြ မပူ, ဆေးမကုဘဲ, လစ်လျူ ရှုလိုသော် ရှုလိုက်ရာ သေး၏၊ ဥပ္ပထမနက္ကာရံ- မသင့်စိတ်ထား အမှား လမ်းကြောင်း, မကောင်းသော နှလုံး သွင်း ခြင်း ကို

ကား၊ ဝါ-စိန္တာမယဉာဏ်, အနက်မှန်ကင်း မသင့်သောနှလုံးသွင်းခြင်းကို၊နောအစ္ဆျပေကွေယျ-ကြောင့်ကြမပြု, ပယ်ရှားမှုမပြုဘဲ, လစ်လျူ မရှုလိုက်ပါလင့်၊ ဟိ- အဘယ့်ကြောင့်နည်းဆိုသော်၊ သော- ထိုအယောနိသော မနသိကာရသည်၊ ဉဇု- မကောက်မကောင့်,ဖြောင့်တန်းလှစွာသော၊ အပါယပထော-မဂ်မိုလ်မရ, သုခမဆွယ်,အပါယ်ခရီး, ဘဝရကြောင်း မကောင်းသော လမ်းမကြီးပေတည်း။[နိဗ္ဗာန်ကိုထောက်ဆ၍ ၃၁-ဘုံဌာနကို ဒုဂ္ဂတ်ဟု နေတ္တိ၌ ဆိုသကဲ့သို့ ဤကျမ်းကလည်း ၃၁-ဘုံဘဝရကြောင်းကို ''အပါယ်ခရီး''ဟုဆိုသည်၊]

## ပရတောဃောသရေးရာ

ပရတောဃောသအရ ထုတ်ပြရမည့် တရားများကား အလွန်များလှ၏၊ ထိုအလွန်များသော တရားတို့ကို ''ခမ္မက္ခန္ဓာအားဖြင့် ၈၄၀၀၀,အင်္ဂါအားဖြင့် ၉-ပါး, နိကာယ်အားဖြင့် ၅ ပါး, ပိဋကအားဖြင့် ၃ ပါး, ဓမ္မဝိနယအားဖြင့် ၂ ပါး, ဝိမုတ္တိရသအားဖြင့် ၁ ပါး''ဟု ရေတွက်ရိုးရှိ၏၊ ဤကျမ်းရှုသူတို့အတွက်ကား—''ဒေသနာ အဝဝ,ဩဝါဒ အလီလီ, အနုသာသနီ အဖြာဖြာ, သစ္စကထာ အစုစု, သစ္စာနုလောမအစစ် ဖြစ်သည့် ဒေသနာအသံ'' ဟူသမျှကို (မည်သည့်ဘာသာ စကားဖြင့်ဖြစ်စေ မြတ်စွာဘုရား

၏ အလိုတော်ကျအောင် ဟောပြသည့် တရားသံကို) ပရတောဃောသ-ဟုအမှတ်ပြုလျက် ဆက်လက်ဘော်ပြပရတောဃောသ အမြွက်မျှကို ရှုကြည့်ပါလေ။

**ပဉ္စကောပဒေသပါဠိ**— ယာဒေသနာ ဩဝါဒေါ အနုသာသနီ သဗ္ဗကထာ သဗ္ဗာနုလောမော၊ အယံ ဝုစ္စတိ ပရတောဃောသော။

**ဒေသနာ**——ယခုဘဝ ဒိဋ္ဌိမျက်မှောက် မဂ်ရောက်ဖိုလ်ဝင် နိဗ္ဗာန်သို့ပို့တင်ရန် ရည်သန်တော်မူလျက် သာဝကတို့အား ပရတောဃောသ အစစ်ကို စနစ်တကျ နည်းညွှန်ပြတော်မူသဖြင့်"ဒေသက"ဖြစ်တော်မူသော မြတ်စွာဘုရားသည် အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာ ၃—ပါးတို့ဖြင့်လည်း ရေတွက်အပ်သော ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ သာသနာ ၃-ရပ်တို့ဖြင့်လည်း ရေတွက်အပ်သော "ဒေသနာ" (တရားအသံ) တို့ကို ဟောကြားတော်မူ၏၊ ယင်း ဒေသနာများကား အမှတ်ဖြင့် သိအပ်သော (အဘိညေယျ)ဒေသနာ, ပိုင်းခြားအပ်သော (ပရိညေယျ)ဒေသနာ, ပယ်အပ်သော (ပဟာတဗ္ဗ) ဒေသနာ, ပွားအပ်သော (ဘာဝေတဗ္ဗ)ဒေသနာ, မျက်မှောက်ပြုအပ်သော (သစ္ဆိကာတဗ္ဗ) ဒေသနာ, သီလသမာဓိပညာ၏ ယုတ်သော အဘို့ရှိသော (ဟာန

ဘာဂိယ) ဒေသနာ, သီလသမာဓိပညာ၏ တည်သော အဘို့ရှိသော (ဌိတိဘာဂိယ) ဒေသနာ, သီလသမာဓိပညာ၏ ထူးသော အဘို့ရှိသော (ဝိသေသဘာဂိယ) ဒေသနာ, သီလ သမာဓိ ပညာ၏ ထိုးထွင်းသော အဘို့ရှိသော (နိဗ္ဗေဓဘာဂိယ) ဒေသနာ, သဗ္ဗေသင်္ခါရာ အနိစ္စဒေသနာ, သဗ္ဗေသင်္ခါရာ ဒုက္ခဒေသနာ, သဗ္ဗေဓမ္မာ အနတ္တာဒေသနာ, ဒုက္ခသစ္စာနှင့် စပ်သော ဒေသနာ, သမုဒယ သစ္စာနှင့် စပ်သော ဒေသနာ, နိရောဓသစ္စာနှင့် စပ်သော ဒေသနာ မဂ္ဂသစ္စာနှင့် စပ်သော ဒေသနာတို့ကို ဟောကြားတော်မူ၏၊ [ဂဋ္ဌိသဟ္က ဓိဒါမဂ်ပါဠိတော်မှယူသည်။]

**ဒေသနာ၏အကျိုး**— ဒေသနာဖြင့် ပြီးစေအပ်သော အကျိုးဟူသမျှကို ဒေသနာ၏ အကျိုးဟု သိအပ်၏၊ ယင်းဒေသနာ၏ အကျိုးတို့ကို နေတ္တိအဋ္ဌကထာမှ ယူ၍ အမြင်ကြယ်စေရန် ထုတ်ပြပေအံ့၊နိဗ္ဗာန်ရခြင်းကိုသည်း မြတ်စွာဘုရား၏ ဒေသနာဖြင့် ပြီးစေအပ်၏၊ မျက်မှောက်အားဖြင့် ပြီးသော ဒေသနာ၏ အကျိုးများကား— အနက်ထင်သော အတ္ထဝေဒ ပါဠိထင်သော ဓမ္မဝေဒ အစရှိသော သုတမယဉာဏ်နှင့်တကွ အရိယမဂ်၏ ရှေ့အဘို့အကျင့် ဝိသုဒ္ဓိ ၆-ဆင့်တို့တည်း၊ ထိုပြင်— ဒေသနာသံကို နာကြားဆဲ

ခဏာ၌ အရိယမဂ်ကို မရသူအား တပါးသော ကာလ၌ အရိယမဂ်ကို ရခြင်း၏ အကြောင်းမှန် သုတမယဉာဏ်သည်လည်း မျက်မှောက်အားဖြင့် ပြီးသော ဒေသနာ၏ အကျိုးပင်တည်း။

**ဆက်ဦးအံ့—** ကာလတပါး၌ အရိယမဂ်ကို ရခြင်း၏အကြောင်း ကောင်းမြတ်သော ဘဝသမ္ပတ္တိ, နတ်အဖြစ် လူအဖြစ်တို့၌ အာယုသမ္ပတ္တိ ဝဏ္ဏသမ္ပတ္တိ ဗလသမ္ပတ္တိ သုခသမ္ပတ္တိ ယသသမ္ပတ္တိ ပရိဝါရသမ္ပတ္တိ အဓိပတေယျသမ္ပတ္တိတို့သည် မြတ်စွာဘုရား၏ ဒေသနာဖြင့် ပြီးသော အကျိုးတို့ပင်တည်း၊ ဤမျှမကသေး— ဥပဓိသမ္ပတ္တိနှင့် စကြာမင်း၏ အသရေ သိကြားမင်း၏ အသရေ သမ္ပတ္တိအထွေထွေ တို့သည်၎င်း သီလနှင့်ပြည့်စုံခြင်း သမာဓိနှင့် ပြည့်စုံခြင်းသည်၎င်း ဝိဇ္ဇာ ၃-ပါး အဘိညာဉ် ၆ ပါး ပဋိသမ္ဘိဒါ ၄ ပါးတို့သည်၎င်း သာဝကဗောဓိဉာဏ် ပစ္စေကဗောဓိဉာဏ် သမ္မာသမ္ဗောဓိဉာဏ် များသည်၎င်း ယင်းသို့သော ကုသိုလ်ကောင်းမှု ဆောက်အုံဖွယ်ပေါင်း အကြောင်းရှိတိ အလုံးစုံသော သမ္ပတ္တိဟူသမျှတို့သည် မြတ်စွာဘုရား၏ ဒေသနာဖြင့် ပြီးစေအပ်သည့် အကျိုးတို့ချည်းတည်း။

**သြဝါဒဆရာရှာရေး—** မဟာကရုဏာတော်ရှင်

မြတ်စွာဘုရားသည် အိုခြင်း သေခြင်းကို မသိမမြင်သဖြင့် ဘဝ၌ ပျော်ပိုက်နေသူတို့အား အိုခြင်း သေခြင်းအစစ်ကို ဟောပြတတ်သည့် ဒေသကအစစ်ကလျာဏမိတ္တာဖြစ်သော ဆရာကို မရ-ရအောင် ရှာမှီးရမည်ဟု ဩဝါဒ ပြုတော်မူခဲ့၏။

"ဇရာမရဏံ ဘိက္ခဝေ အဇာနတာ အပဿတာ ယထာဘူတံ ဇရာမရဏေ ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗာ"—ဘိက္ခဝေ-ခန္ဓာအာယတနဓာတ်, ဖြစ်စဉ်မပြတ်သည့်, သံသာရ ပဝတ္တိအရေးကို, ဘေးဟု ရှုလေ့ရှိသော အိုရဟန်းတို့၊ ဇရာမရဏံ အဇာနတာ အပဿတာ- ဇရာမရဏကို မသိ မမြင်သူသည်၊ ယထာဘူတံ ဇရာမရဏေ- ဇရာမရဏအစစ်၌၊ ယထာဘူတဉာဏာယ-ယထာဘူတဉာဏ် ရရန်အကျိုးငှာ၊ သတ္ထာ—လှည်းမှူးပမာ, မှန်ရာညွှန်ကြား, အားထားစရာ, မြတ်ဆရာကို၊ ပရိယေသိတဗ္ဗာ- မရ-ရအောင်, ကြံဆောင် ရှာမှီးအပ်၏၊ ရှာမှီ ရမည်။ [သံယုတ်ပါဠိတော်မှယူသည်။]

ဆောင်— ရတနာစိန်ကျောက်, ပျောက်တဲ့အခါ၊
မရ—အရ, ရှာကြပမာ၊
ယထာဘူတ, ဉာဏ်ရဘို့ရာ၊
ဒေသက—မရ-ရအောင်ရှာ။

**အနုသာသနီဘုရားရှိခိုး—** တနေ့သောအခါ မယ်တော်ဂေါတမီသည် သားတော် ဘုရားထံတော်ပါးသို့ ခစားချဉ်းကပ်လျက်—

''ဝိရံ ဇီဝမဟာဝီရ, ကပ္ပံ တိဋ္ဌ မဟာမုနိ=''မဟာဝိရ-ဝိရိယ ၄ တန်, ထက်သန်ကြီးမား, သားတော်ဘုရား၊ ဝိရံဇီဝ—ဇီဝိန် ၂ ပွင့်, လွန်စွာတင့်လျက်, ရှည်မြင့်ပါစေသား၊ မဟာမုနိ-မုနိတို့ထွတ်ထား, သားတော်ဘုရား၊ ကပ္ပံ-မဟာကပ်လုံး,ကမ္ဘာဆုံးအောင်၊ တိဋ္ဌ-သံမြေကျောက်တိုင်, မယိုင်ကြံ့ကြံ့, တည်တံ့ပါစေသား''-ဟု ရွေနှားတော်ကြား, အပါးကပ်ဝင်, ဦးတင်ရှိခိုးလတ်သော်—

''ငါသို့သောဘုရားအား ဤသို့အားဖြင့် လျှောက်ထား ရှိခိုးခြင်းငှာ မပြုရဟု ပယ်ချတော် မူလိုက်သည်တွင်'' ရှိခိုးရပုံ စနစ်စုံကို သွတ်ရုံ လျှောက်ကြားတောင်းပန် ထားသောအခါ ''သားတော်ဘုန်းနတ်ရွှေကိုယ်တော်မြတ်က ထက်ရပ်မိုးဦးရုံ ပွဲတင်သံခပ်စေတော်မူလျက် အောက်ပါ ''အနုသာသနီ'' ကို နောင်လာ နောက်သား ဘာသာဝင် အများတို့ အတွက်ပါ မိန့်မှာတော်မူထားခဲ့၏။

**အာရဒ္ဓဝီရိယေ ပဟိတတ္တေ, နိစ္စံဒဠှပရက္ကမေ၊**
**သမဂ္ဂေ သာဝကေ ပဿ,ဧသာ ဗုဒ္ဓါန ဝန္ဒနာ။**

အာရဒ္ဓဝိရိယေ- သွေးသားခန်းခြောက်, ရိုးအရေ လောက်သာကြွင်းကျန်ပါလည်း,အရိယာ့ဗောဓိ,မရရှိက,ငါမထဟု, လုံ့လပြုကြကုန်သော၊ ပဟိတတ္တေ= နိဗ္ဗာန်ဝါတ်, မပြတ်စေစား, အမှတ်စိတ်ထားကြကုန်သော၊ နိဗ္ဗုဒဝေပရိက္ကမေ- တဏှာ ၃-တွေ့,မသေသမျှ, ငါမထဟု,ပြင်းစွာကြိုးကုတ်,အားထုတ်ကြကုန်သော၊ သမဂ္ဂေ-စိတ်တူကိုယ်မျှ, စည်းလုံးကြကုန်သော၊ သာဝကေ—ဘပဿီယောဂီ, ဗေရာဂီမှန်း,ရဟန်း-လူခေါ်တပည့်တော်တို့ကို၊ ပဿ - ရောင်တော် ၆ ဆိုင်ယှဉ်ပြိုင်ဆင့်ဆင့်, အလွန်တင့်သည့်, ၂-ပွင့်သောမျက်စိတော်တို့ဖြင့် ရှုကြည့်တော်မူပါဘုရား-ဟု၊ သော—ဤသို့လျှောက်ကြား, ဤစကားသည်၊ ဗုဒ္ဓါနံဥယျ ၆=ဆူ, သယမ္ဘူဟု, တဆူဥက္ကာဠ, ဘုရားမြတ်တို့အား ဝန္ဒနာ—သဒ္ဒါမြတ်နိုး 'ရှိခိုးပုံနည်းစနစ်'' ပေးတည်း။
[ဂေါတမီထေရီအပါဒါန်မှယူသည်။]

ဆောင်— ရုပ်နာမ် ၂-ရပ်,မှတ်ဖြင့်သိသူ၊
ကိလေဖြစ်ခွင့်,မှတ်ဖြင့်ပယ်သူ၊
သစ္စာထင်လျက်,ကျင့်မဂ်ယှဉ်သူ၊
မြတ်ဘုရား-ဝတ်တွားရှိခိုးသူ။

**သုခ—ဒုက္ခ—ရယူသူများ—** အထက်ပါ အနုသာသနီ၌ အမှန်တရားကို အာရဒ္ဓဝိရိယဖြင့် အားထုတ်

လျက် သုခရယူသူတို့ကိုသာ အလိုရှိအပ်၏၊ အမှန်တရားကို အားမထုတ်သဖြင့် ဒုက္ခရယူသူကိုငှင်း, မမှန်တရားကို အားထုတ်လျက် ဒုက္ခရယူသူကိုငှင်း, မမှန်တရားကို အားမထုတ်သဖြင့် သုခရယူသူကိုငှင်း မြတ်စွာဘုရား၏ သန္တာသနာတော်၌ အလိုမရှိအပ်ချေ။

**ဒုက အင်္ဂုတ္တိုရ်**— (၁) ဒုရက္ခာတေ ဘိက္ခဝေ ဓမ္မဝိနယေ ယော အာရဒ္ဓဝီရိယော၊ သော ဒုက္ခံ ဝိဟရတိ ယော ကုသီတ ဝီရိယော၊ သောသုခံဝိဟာရတိ။ (၂) သု ရက္ခာတေ ဘိက္ခဝေ ဓမ္မဝိနယေ ယော အာရဒ္ဓဝီရိယော သော သုခံ ဝိဟရတိ၊ ယော ကုသီတဝီရိယော သော ဒုက္ခံ ဝိဟာရတိ၊

(၁) ဘိက္ခဝေ—မင်္ဂိုလ်သုခ, အရယူရေး,အလေးပြုပြေား, အိုချစ်သားတို့၊ ဒုရက္ခာတေ ဓမ္မဝိနယေ—မမှန်အမှား, ဟောကြားအပ်သော, တရားဝိနည်း၌၊ ယောအာရဒ္ဓဝီရိယော အကြင်သူ လွန်ကဲစွာ အားထုတ်၏၊ သောဒုက္ခံဝိဟရတိ—ထိုသူ ဆင်းရဲစွာ နေ၏၊ ယောကုသီတဝီရိယော-အကြင်သူပျင်း၍အားမထုတ်၊ သောသုခံဝိဟရတိ—ထိုသူ ချမ်းသာစွာနေ၏။

(၂) ဘိက္ခဝေ—ဘိက္ခုတို့၊ သုရက္ခာတေ ဓမ္မဝိနယေ — အမှန်မမှား, ဟောကြားအပ်သော တရား

ဝိနည်း၌၊ ယောအာရဒ္ဓဝီရိယော-အကြင်သူ လွန်ကဲစွာ အားထုတ်၏၊ သောသုခံဝိဟာရတိ-ထိုသူ ချမ်းသာစွာနေ၏။ ယောကုသီတဝီရိယော—အကြင်သူ ပျင်း၍ အားမထုတ်၊ သောဒုက္ခံဝိဟာရတိ— ထိုသူ ဆင်းရဲစွာနေ၏။ [ ဤသည်လည်း အနုသာသနီပင်တည်း။ ]

(ဆောင်) (၁) မမှန်တရား,ပွားများကျင့်သူ၊
ဒုက္ခလက်ငင်း,ချက်ခြင်းရယူ၊
အမှန်တရား,အားမထုတ်သူ,
သုခလမ်း-ဖြောင့်တန်းလိုက်နေသူ။
(၂) အမှန်တရား,ပွားများကျင့်သူ,
သုခလက်ငင်း, ချက်ခြင်းရယူ၊
အမှန်တရား, အားမထုတ်မူ၊
ဒုက္ခလမ်း—ဖြောင့်တန်းလိုက်နေသူ။

**သစ္စကထာဆောင်ပုဒ်။** ။ဤကားဒုက္ခ, ဤကလက်သည့်, ဤပြည်ချမ်းသာ, ဤမှာ လမ်း ပေါက်—သွားရောက်နိုင်သူ- ဧးလိမ့်ဟူ၍, သိတဂူပုဏ်, မြွတ်အာရုံဖြင့်, ဝသုန်လက်ခတ်, ညွှန်ပြလတ်သည်.... စောမြတ်ဘုရားဆူဆူတည်း။

က—ရုပ်နာမ် ကိလေသ, ရောနှောက, သံသာရ ပဝတ္တိဆို။

၁—ကိလေသာနှင့် ရောတွဲ, ရုပ်နာမ်ကို, ဒုက္ခ သစ္စာဆို၊ ၂—ရုပ်နာမ်နှင့် ရောတွဲ, ကိလေ

သာကို, သမုဒယသစ္စာဆို၊
ခ—ရုပ်နာမ် ကိလေသ, မဂ္ဂရောက, သံသာရ နိဝတ္တိဆို။
၁—ကိလေသာနှင့် မရောတဲ့, ရုပ်နာမ်ကို, ပိုင်းခြားတဲ့ ဒုက္ခဆို။ ၂—ရုပ်နာမ်နှင့် မရောတဲ့, ကိလေသာကို, ပယ်တဲ့သမုဒယဆို။ ၃—အကြောင်းသမုဒယ, ဖြစ်ခွင့်မရ၍, အကျိုးဒုက္ခ ဖြစ်ခွင့်မရ, အနုပ္ပါဒ—နိရောစ နိဗ္ဗာန်နဟုဆို။
၄—သစ္စာလဲတင်, မဂ္ဂင်လဲပါ, (အ)မှတ်ဖြင့်သာ, သိတာမဂ္ဂဆို။

[သစ္စာစတု ရှာမှုရေးရာ အခဏ်းနှင့် စပ်၍ ရှုပါ + ထိုပြင် "သစ္စာနုလောမ" ပရတောဃောသကို "အဘိညာ,ပရိညာ,ပဟာန, သစ္ဆိကရဏ,ဘာဝနာ"ပုဒ်တို့ဖြင့် အသီးအခြား ဖွင့်ပြလာတံ့။]

## ဒေသကရေးရာ

"သာဝကသ သစ္စာနုသန္ဓိပရတောဃောသံ ဒေသေတီတိ ဒေသကော=ဃောသတ္ထာ- ဓမ္မကထိက အစစ်, ကလျာဏမိတ္တ ဖြစ်သော အကြင် ဆရာသည်၊ သာဝကသ "သံသာရဝဋ္ဋဒုက္ခတောမောစနတ္ထာယ" ဟု အပြောသာမဟုတ်,အပြောနှင့် အလုတ်ညီမျှသည့် တပည့် ယောဂီအား၊ သစ္စာနု သန္ဓိ ပရတောဃောသံ

သစ္စာနှင့်စပ်သော တရားအသံ(ဒေသနာ)ကို၊ ဒေသေတိ–အမှန်အမှား, ခွဲခြားဝိုင်ဝိုင်, ညွှန်ပြနိုင်၏၊ ဣတိ–ထို့ကြောင့်၊ သောသတ္တာ–ထိုဆရာသည်၊ ဒေသကော–ဒေသကမည်၏” ဟူသော ဝစနတ္ထနှင့် အညီ တပည့်ယောဂီအား ယထာဘူတဉာဏ် အမှန်ကိုညွှန်ပြတတ်သော ဆရာကို “ ဒေသကပုဂ္ဂိုလ် ”ဟု ခေါ်အပ်၏။

**ဓမ္မကထိက**။ ။သာဝတ္ထိပြည်မွန် ဇေတဝန်မြိုင်ဌမ်း သုဒတ္တကျောင်းသခ်မ်းဝယ် စံမြန်းမွေ့လျော်ရှေကိုယ်တော်မြတ် ဝိသုဒ်နတ်အား တုပ်ပျပ်ကော်ရော် ရဟန်းတော်တပါး လျှောက်ထားချက်အရ “ဓမ္မကထိကဘွဲ့တံဆိပ်”ကို အရေည်အချင်း ပြည့်စုံသူတိုင်း ပန်ဆင်နိုင်ရန် အမိန့်တော်ပြန်ခဲ့သည်မှာ····

“ဇရာမရဏာယ စေ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဓမ္မံ ဒေသေတိ, ဓမ္မကထိကောဘိက္ခုတိ အလံ ဝစနာယ” = ဘိက္ခု–ရဟန်း၊ ဇရာမရဏာယ နိဗ္ဗိဒါယ–ဇရာမရဏာ၌ ဝိပဿနာ အနုလောမဉာဏ် အကျိုးငှာ၊ဇရာမရဏာယ ဝိရာဂါယဇရာမရဏာ၌ အကြောင်းတပါး ကင်းသော မဂ်အကျိုးငှာ၊ ဇရာမရဏာယ နိရောဓာယ– ဇရာမရဏာ၌ အကြောင်းချုပ်သော နိဗ္ဗာန်အကျိုးငှာ၊စေ ဓမ္မံ ဒေသေတိ=တကယ်

တရားဟောနိုင်ပြီးအံ့၊ ဓမ္မကထိကော ဘိက္ခုတိ-ဓမ္မကထိက ရဟန်းတော်ဟူ၍၊ အလံဝစနာယ-ခေါ်ဆိုထိုက်ပေ၏။

**ကလျာဏမိတ္တ** - ကလျာဏမိတ္တနှင့် ပါပမိတ္တ ၂-ပါးကို ပုဂ္ဂလပညတ်ပါဠိ အဋ္ဌကထာ,သင်္ဂီတိသုတ်ပါဠိ အဋ္ဌကထာ စသည်၌ အကျယ်လာ၏၊ အချုပ်အားဖြင့် "အမှားကို အမှားဟု, အမှန်ကို အမှန်ဟု သိသူကို" ကလျာဏမိတ္တ-ဟု, ယင်းသို့ မသိသူကို "ပါပမိတ္တ" ဟု မှတ်ယူပါလေတော့ ကောသလ သံယုတ် အဋ္ဌိမသုတ်၌ ဝိပဿနာ မင်္ဂ ဖိုလ် နိဗ္ဗာန်ကို ညွှန်ပြသောမြတ်စွာဘုရား၏ဒေသနာသည် ကလျာဏမိတ္တ ရရှိသူ သာဝကအတွက်သာ"ဟုဎင်း, ပါပမိတ္တ ရရှိသူ သာဝကအတွက် မဟုတ်ဟု ၎င်း, ကောသလ မင်းကြီးအား မြတ်စွာဘုရား မှာတမ်းထားတော်မူခဲ့ပြီ၊

**ကမ္မဋ္ဌာန်းပေးခွင့်**။ ။ကမ္မဋ္ဌာန်းပေးသော အရာဋ္ဌာန၌ ကလျာဏမိတ္တအား ခွင့်ပြု၏၊ ပါပမိတ္တအား ခွင့်မပြု၊ ဆက်ဦးအံ့-အဘယ့်ကြောင့် ကလျာဏမိတ္တ အား ခွင့်ပြုပါသနည်း-ဟုမေး အဖြေကား-ကလျာဏမိတ္တသည် ဟုတ်သော အရာဋ္ဌာနလည်း ရှိ၏,မဟုတ်သော အရာဋ္ဌာနလည်း ရှိ၏-ဟု သိ၏၊ သိသောကြောင့် ကလျာဏမိတ္တအား ခွင့်ပြု၏၊အဘယ်ကြောင့်

ပါပမိတ္တအား ခွင့်မပြုပါသနည်း–ဟုမေး၊ အဖြေကား ပါပမိတ္တသည် ဟုတ်သော အရာဌာနလည်း ရှိ၏, မဟုတ်သော အရာဌာနလည်း ရှိ၏–ဟုမသိ၊ မသိသောကြောင့် ပါပမိတ္တအား ခွင့်မပြု။ ချဲ့ဦးအံ့....

**သုခေတ္တ သုဗီဇ**။ ။မြတ်စွာဘုရား၏ တရားတော်သည် "ကြိဆ၍ မဖြစ်သော=အတက္ကာဝစရဓမ္မ" အစစ် ဖြစ်တော်မူ၏၊ကြိဆ၍ မဖြစ်သော မြတ်စွာဘုရား၏တရားတော်ကို အနက်အဓိပ္ပါယ် ဟောပြောသည်ရှိသော် ဟုတ်သော အရာဌာနသို့ ရောက်သော အနက်အဓိပ္ပါယ်လည်း ရှိမည်, မဟုတ်သော အရာဌာနသို့ ရောက်သော အနက်အဓိပ္ပါယ်လည်း ရှိမည်၊ ထိုတွင် ဟုတ်သော၊ အရာဌာနသို့ ရောက်သော အနက်အဓိပ္ပါယ်သည် "သုခေတ္တ–(လယ်မြေကောင်း)" မည်၏၊ ထိုဟုတ်သော အရာဌာနသို့ရောက်သော အနက်အဓိပ္ပါယ်ကို သင်ကြား နာယူ၍ ကျင့်သော တပည့်ယောဂီသည် "သုဗီဇ– (အောင်မြင်သော, အပင်ပေါက်မည် ဖြစ်သော မျိုးစေ့ကောင်း)"မည်၏။

**ဒုခေတ္တ ဒုဗီဇ**။ ။ထို ဟုတ်–မဟုတ်သော အရာဌာနသို့ ရောက်သော အနက်အဓိပ္ပါယ် ၂=မျိုးတွင် မဟုတ်သော အရာဌာနသို့ ရောက်သော အနက်အဓိပ္ပါယ်သည် "ဒုခေတ္တ = (မကောင်းသောလယ်

မြေ)"မည်၏၊ ထို မဟုတ်သော အရာ၌နာသို့ ရောက်သော အနက်အဓိပ္ပါယ်ကို သင်ကြား နာယူ၍ ကျင့်သော တပည့်ယောဂီသည် ။ ဒုဗ္ဗိဇ= (မအောင်သော, ပိန်ဖျင်းသော, အဆံမဲ့သော, အပင်မပေါက်သော, မကောင်းသောမျိုးစေ့)"မည်၏။ [အကျယ်ကို မဟာဝဂ္ဂသံယုတ်—သရဏာဏိသုတ်၌ ရှုပါလေဦး"]

**ကလျာနမိတ္တ တပည့် မဂ်ရ၏။** ။မြတ်စွာဘုရား ကောင်းစွာ ဟောကြားတော်မူအပ်သော ကမ္မဋ္ဌာန်း ပေးနည်း ဒေသနာနည်း တရားကို ကောင်းစွာ သင်ကြား နာယူ ယုံကြည်သော ကလျာဏမိတ္တ ဒေသကဖြစ်သော ကမ္မဋ္ဌာန်းဆရာသည် ကမ္မဋ္ဌာန်း ပေးနည်း ကျ၏၊ ဒေသနာနည်း ပြ၏၊ ပြပုံကား- သုဒ္ဓဝိပဿနာယာနိကယောဂီကို သီလဝိသုဒ္ဓိပြ၏၊ သမထယာနိကယောဂီကို သီလဝိသုဒ္ဓိစိတ္တဝိသုဒ္ဓိပြ၏၊ယောဂီ ၂=ဦးလုံးအား ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ ၄=ပါးတို့ဖြင့် ဝိပဿနာဉာဏ် ၁၀-ပါးကို ပြ၏၊ ဉာဏဒဿနဝိသုဒ္ဓိဖြင့် မဂ်ဉာဏ်ကို ပြ၏၊ တရဏဝိပဿနာဉာဏ်ဖြင့် မဂ်မှားပုံ မဂ်မှန်ပုံကိုသာ ပြ၏၊ မဂ်ကို မရ၊ ယင်းသို့ တရဏဝိပဿနာဉာဏ်ဖြင့် မဂ်မှားပုံ မဂ်မှန်ပုံကိုသာ ပြ၍ မဂ်ကို မရသောကြောင့် ဝိပဿနာဉာဏ်

၁၀ ပါး အစဉ်အတိုင်း ဖြစ်လျက်, ခုန်ကျော်၍မသွား၊ ယင်းသို့ မသွားခြင်းကြောင့်, အနုလောမဉာဏ်တိုင် အောင် ဉာဏ်အဆက်ဆက် အစဉ်အတိုင်း ဖြစ်လျက် တက်၏၊

ယင်းသို့တက်ခြင်းကြောင့် နာမရူပပရိစ္ဆေဒဉာဏ်မှ ပစ္စယပရိဂ္ဂဟဉာဏ်လာ၏ ပစ္စယပရိဂ္ဂဟဉာဏ်မှ သမ္မသနဉာဏ် လာ၏၊သမ္မသနဉာဏ်မှ ဉဒယဗ္ဗယဉာဏ်နု လာ၏၊ ဉဒယဗ္ဗယဉာဏ်နုမှ ဉဒယဗ္ဗယဉာဏ်ရင့်လာ၏၊ဉဒယဗ္ဗယဉာဏ်ရင့်မှ ဘင်ဉာဏ်လာ၏၊ဘင်ဉာဏ်မှ ဘယဉာဏ်လာ၏၊ ဘယဉာဏ်မှ အာဒီနဝဉာဏ်လာ၏၊ အာဒီနဝဉာဏ်မှ နိဗ္ဗိဒါဉာဏ်လာ၏၊ နိဗ္ဗိဒါဉာဏ်မှ မုစ္စိတုကမျတာဉာဏ်လာ၏ မုစ္စိတုကမျတာဉာဏ်မှ ပဋိသင်္ခါဉာဏ်လာ၏၊ ပဋိသင်္ခါဉာဏ်မှ သင်္ခါရုပေက္ခာဉာဏ်လာ၏၊သင်္ခါရုပေက္ခာဉာဏ်မှ အနုလောမဉာဏ်လာ၏၊ အနုလောမဉာဏ်မှ ဂေါတြဘူဉာဏ်လာ၏၊ ဂေါတြဘူဉာဏ်မှ မဂ်ဉာဏ်လာ၏၊ ယင်းသို့ ဂေါတြဘူဉာဏ်မှ မဂ်ဉာဏ်လာခြင်းကြောင့် ကလျာဏမိတ္တကမ္မဋ္ဌာန်းဆရာ၏ တပည့်ယောဂီသည် "သုခေတ္တ,သုဗီဇပမာ"ဝိပဿနာမှ လာသော မဂ်ကို ရလေတော့သည်။

**ပါပမိတ္တတပည့်မဂ်မရ**—မြတ်စွာဘုရား ကောင်း

စွာဟောကြားတော်မူအပ်သော ကမ္မဋ္ဌာန်းပေးနည်း ဒေသနာနည်း တရားကို ကောင်းစွာ မသင် မကြား မနာ မယူ မယုံမကြည်သော ပါပမိတ္တ ဒေသကဖြစ်သော ကမ္မဋ္ဌာန်းဆရာသည် ကမ္မဋ္ဌာန်း ပေးနည်း မကျ၊ ဒေသနာနည်း မပြ၊ မပြပုံကား— သုဒ္ဓဝိပဿနာယာနိကယောဂီကို သီလဝိသုဒ္ဓိမပြ၊ သမထယာနိကယောဂီကို သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိမပြ၊ ယောဂီ ၂-ဦးလုံးအား ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ၄-ပါးတို့ဖြင့် ဝိပဿနာဉာဏ် ၁၀-ပါးကိုမပြ၊ ဉာဏဒဿနဝိသုဒ္ဓိဖြင့်မဂ်ဉာဏ်ကိုမပြ၊ တရဏဝိပဿနာဉာဏ်ဖြင့် မဂ်မှားပုံ မဂ်မှန်ပုံကို မပြ၊ မဂ်ကိုသာ ရလေ၏၊ ယင်းသို့ တရဏဝိပဿနာဉာဏ်ဖြင့် မဂ်မှားပုံ မဂ်မှန်ပုံကို မပြ၍ မဂ်ကိုသာ ရလေသောကြောင့် ဝိပဿနာဉာဏ် ၁၀-ပါး အစဉ်အတိုင်း မဖြစ်တော့ဘဲ ခုန်ကျော်၍ သွား၏၊ ယင်းသို့ သွားခြင်းကြောင့် အနုလောမဉာဏ်တိုင်အောင် ဉာဏ်အဆက်ဆက် အစဉ်အတိုင်း ဖြစ်လျက် မတက်ချေ။

ယင်းသို့ မတက်ခြင်းကြောင့် နာမရူပပရိစ္ဆေဒဉာဏ်မှ ပစ္စယပရိဂ္ဂဟဉာဏ် မလာ၊ ပစ္စယပရိဂ္ဂဟဉာဏ်မှ သမ္မသနဉာဏ် မလာ၊ သမ္မသနဉာဏ်မှ

ဥဒယဗ္ဗယဉာဏ်နု မလာ၊ ဥဒယဗ္ဗယဉာဏ်နုမှ ဥဒယဗ္ဗယဉာဏ်ရင့် မလာ၊ ဥဒယဗ္ဗယဉာဏ်ရင့်မှ ဘင်ဉာဏ်မလာ၊ ဘင်ဉာဏ်မှ ဘယဉာဏ်မလာ၊ ဘယဉာဏ်မှ အာဒီနဝဉာဏ်မလာ၊ အာဒီနဝဉာဏ်မှ နိဗ္ဗိဒါဉာဏ် မလာ၊ နိဗ္ဗိဒါဉာဏ်မှ မုစ္စိတုကမျတာဉာဏ် မလာ၊ မုစ္စိတုကမျတာဉာဏ်မှ ပဋိသင်္ခါဉာဏ် မလာ၊ ပဋိသင်္ခါဉာဏ်မှ သင်္ခါရုပေက္ခာဉာဏ် မလာ၊ သင်္ခါရုပေက္ခာဉာဏ်မှ အနုလောမဉာဏ် မလာ၊ အနုလောမဉာဏ်မှ ဂေါတြဘူဉာဏ် မလာ၊ ဂေါတြဘူဉာဏ်မှ မဂ်ဉာဏ်မလာ၊ ယင်းသို့ ဂေါတြဘူဉာဏ်မှ မဂ်ဉာဏ်မလာခြင်းကြောင့် ပါပမိတ္တ ကမ္မဋ္ဌာန်းဆရာ၏ တပည့်ယောဂီသည် "ဒုခေတ္တ၊ ဒုဗီဇပမာ" ဝိပဿနာမှ လာသော မဂ်ကို မရချေ။

**ပုထုဇဉ်ကမ္မဋ္ဌာန်းဆရာ။** ။မဂ်ဖိုလ် ရရေးအတွက် ကလျာဏမိတ္တအစစ် ဒေသကဖြစ်ရမည့် ကမ္မဋ္ဌာန်းဆရာသည် အရိယာပုထုဇဉ်ဟု ၂-ဦး ရှိ၏၊ ထိုတွင် အပ္ပသုတ ဗဟုသုတ အရိယာ ၂-ဦး, ပုထုဇဉ်လည်း ထို့အတူ ၂-ဦးပင် ရှိ၍-၄-ဦးပြား၏၊ ထို-၄ ဦးတွင် (ဗဟုသုတအရိယာ ကမ္မဋ္ဌာန်းဆရာအတွက် စိစစ်ဘွယ် မရှိသော်လည်း) အပ္ပသုတ အရိယာနှင့် ဗဟုသုတ ပုထုဇဉ် ၂-ဦးတို့ဘွင် ဗဟုသုတပုထုဇဉ်

ပုဂ္ဂိုလ်ကို ကလျာဏမိတ္တထားကာ ကမ္မဋ္ဌာန်းတောင်း ရမည်ဟု **ဝိသုဒ္ဓိမဂ်၌** မှာထားချက်ရှိ၏ [ဤ၌ အပ္ပသုတ ပုထုဇဉ် စာရင်းမဝင်။ ]

**ဆက်ဦးအံ့......** ထို ဗဟုသုတပုထုဇဉ် ကမ္မဋ္ဌာန်း ဆရာ၏ အရည်အချင်းကို (၁) သင်္ဂီတိသုတ်ကို အဋ္ဌကထာနှင့်တကွ အလေ့အလာ ရှိပြီးခြင်း, (၂) အကုသိုလ်ဟူသမျှ မကောင်းမှုမှ ရှက်ကြောက်ခြင်း (၃) အရိယာအစဉ်ကို ဆောင်လျက် အရိယအနွယ်အဆက်ကို စောင့်ရှောက်သူဖြစ်ခြင်း, (၄) အတ္တနောမတိ–(မိမိအလို) မဟုတ်စေဘဲ, ဆရာမြတ်တို့၏ အလိုအတိုင်းသာ ဖြစ်စေခြင်းဟု သတ်မှတ်လိုရင်းကို ပြလျက်,......ထိုပုဂ္ဂိုလ်၏ ဗဟုသုတ အခြေအနေကို ဘော်ပြရာ၌ "အပ္ပသုတအရိယာသည် မိမိရသော မဂ်ကိုသာ ပြောကြားနိုင်၏၊ ဗဟုသုတပုထုဇဉ် ကမ္မဋ္ဌာန်းဆရာကား ဆရာမြတ် အဆူဆူထံမှ ပါဠိအဋ္ဌကထာကို သုတ်သင် ရှင်းလင်းပြီး ဖြစ်သည့်အတွက် သုတ္တနှင့် ကာရဏကို သတ်မှတ်၍ လျောက်ပတ် မလျောက်ပတ်ကို ယောဂီအား ယဉ်စေလျက် (တောကြီးထဲမှာ သွားလာသော ဆင်ကြီးက လမ်းကျယ်ကြီး ပြသကဲ့သို့) ကမ္မဋ္ဌာန်းတရား ဟောကြားလတံ့"ဟု "ဝိသုဒ္ဓိမဂ် ၌ မိန့်မှာချက်ရှိ၏။

**ဒေသကအတု, အစစ်**။ ။ရှုံ့ညွှန်တွင်း၌ နစ်မြုပ်နေကြသော လူ-၂-ဦးတွင် တဦးက တဦးကို မထုတ်ဆောင် မကယ်တင်နိုင်သကဲ့သို့ ကိလေသာညွှန်အတွင်း၌ နစ်မြုပ်နေသော ပုထုဇဉ်တဦးကို အခြားပုထုဇဉ်တဦးက မထုတ်ဆောင် မကယ်တင်နိုင်ဟု ယူဆလျက် ပုထုဇဉ်ကမ္မဋ္ဌာန်းဆရာကို မယုံကြည်မူ၍ အမျိုးမျိုး စိစစ်ဝေဘန်ကာ မိမိရော သူတပါးတို့ပါ မဂ်ဖိုလ်မှ ဆုံးရှုံးနိုင်သူတို့အတွက် "သလ္လေသုတ် အဋ္ဌကထာ" အဆွက်ကို အမြွက်မျှ ဘော်ပြဦးအံ့။

အရှင်သာရိပုတ္တရာစသော အရိယာက ဟောပြ၍ ဖြစ်စေ ပုထုဇဉ်ဖြစ်သူ ယောကျ်ား မိန်းမက ဟောပြ၍ ဖြစ်စေ တရားနာသူ သာဝကတို့ မဂ်ဖိုလ်ကိုရကြလျက် ဝဋ္ဋဒုက္ခ ဘုံဘဝမှ လွတ်မြောက်ရာ၌ ကယ်တင်ထုတ်ဆောင်သည့် ပုဂ္ဂိုလ်ကား မြတ်စွာဘုရား သာတည်း၊ ထင်ရှားစေအံ့-- ပြည့်ရှင်မင်း၏ အမိန့်စာကို တိုင်းစွန်နယ်ဖျား၌ နေသူတို့အား စာတော်ဖတ်တို့က ဖတ်သောအခါ "မင်း၏ အာဏာ"ဟု လိုက်နာရှိသေကြသကဲ့သို့, စာဖတ်သူ၏ အာဏာ-ဟု လိုက်နာရှိသေခြင်း မရှိသကဲ့သို့, ထို့အတူပင် အရိယာ ပုထုဇဉ် မခွဲခြား တရားဟောသောအခါ "မြတ်စွာဘုရား၏ တရားတော်"-ဟု ရိုသေကျင့်သုံး ကြရ၏၊ ဟောပြော

သူ၏ တရားဟု ရှိသေ ကျင့်သုံးခြင်း မရှိချေ၊ အရိယာ ပုဂ္ဂိုလ်တို့ ဟောသမျှ တရားသည်လည်း မြတ်စွာ ဘုရား၏ တရားတော်သာတည်း၊ ထို့ကြောင့် တရား နာသူတို့ မဂ်ဖိုလ်ကို ရကြလျက် ဝဋ္ဋဒုက္ခ ဘုံဘဝမှ လွတ်မြောက်ရာ၌ ကယ်တင် ထုတ်ဆောင်သည့် ပုဂ္ဂိုလ် ကား မြတ်စွာဘုရား သာတည်း၊ ထို့ကြောင့်ပင် ''မဂ်ရ ဖိုလ်ရကိစ္စအား ဖြင့်မြတ်စွာဘုရားသာ ဒေသက အစဖြစ်၍ ပရတောဃောသသည် မြတ်စွာဘုရားမှ လာ၏''ဟုဆိုခဲ့ပြီ။

**တဖန်ဘဝအရှိဒုက္ခရေးရာ**

(ဒေသကဘုရားရှင်က သာဝကအား ''ပရတောဃောသ'' ပေးဟန်။)

**၃၆ ဖြာ, တဏှာအလျဉ်**

**ယဿ ဆတ္တိံသတိ သောတာ,**
**မနာပသဝနာ ဘုသာ၊**
**မဟာ ဝဟန္တိ ဒုဒ္ဒိဋ္ဌိံ**
**သင်္ကပ္ပါ ရာဂနိဿိတာ၊**

မနာပသဝနာ—နှစ်သက်ဘွယ်အာရုံ, အလုံးစုံးသို့, ယိုစီးတတ်သော၊ ဘုသာ—ကြွယ ၄-ဖြာ, ရှိန်အဝါ ဖြင့်, လွန်စွာပြင်းထန်သော၊ ဆတ္တိံသတိသောတာ— ၃၆—ဖြာ, တဏှာအလျဉ်သည်၊ [မျက်စိ, နား, နှာ, လျှာ, ကာယ, မှာန, ဟူသော အတွင်းအာယတန ၆—ပါး၌ ကာမတဏှာ

ဘဝတဏှာ ဝိဘဝတဏှာဟု ၃–ပါးစီ ၃–ပါးစီအားဖြင့် ၁၈–ပါး၊ "အဆင်း, အသံ, အနံ့, အရသာ, အတွေ့, သဘော"–ဟူသော အပြင် အာယတန ၆–ပါး၌ ထို့အတူ ၁၈–ပါးအားဖြင့် ၃၆–ဖြာ တဏှာအလျဉ်သည်။] ယဿ–အကြင်ပုဂ္ဂိုလ်အား၊ အတ္တိ– ဝိပဿနာနှင့် တကွသော မဂ်ဖြင့်, မပယ်ခပျောက် သေးသည့် အတွက်, မပျက်ဘဲ ဖြစ်ရှိ၏၊ ဒုဒ္ဒိဋ္ဌိ-စိတ်က အာရုံ, ယူပုံမမှန် ဖေါက်ပြန်မှားရွှင်း, သိမြင်ခြင်း လည်းရှိသော, တံ=၃၆–ဖြာ, တဏှာအလျဉ်မှာ, မြောပါလျက်ရှိသော ထိုပုဂ္ဂိုလ်ကို၊ မဟာ–ပြန့်ပြော စည်ကား, များပြားကုန်သော၊ ရာဂနိဿိတာ–တပ် မက်ရာကျ, တဏှာနသယကို မှီကုန်သော၊ သင်္ကပ္ပါ– ပရိယုဋ္ဌာန်ခေါ်ရ, "အကြံ= သင်္ကပ္ပ" တို့သည်၊ ဝဟန္တိ-စိတ်နှင့်အာရုံ, လွှမ်းခြုံမပျက်, စပ်ကာဆက် အောင်, ရွက်ဆောင်ကြကုန်၏။......

တဏှာအစစ် ၁၀၈။ ။တဏှာ ၃–တန်, တည်ထားမှန်,အာ ကာ–သန်နှင့်မြှောက်၊......တဏှာအစစ်, တရား့ရှစ်,ဖြစ်၏ ကိုယ်မှာ ရောက်—နှင့်အညီ ကာမတဏှာ ဘဝတဏှာ ဝိဘဝ တဏှာ ၃–ပါးကိုတည်, အာရုံ ၆–ပါးနှင့်မြှောက် ၁၈ ရ၏၊ ၎င်း–၁၈=ကိုတည်ပြန် အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလ ၃–ပါးနှင့်မြှောက် ၅၄–ရ၏ ၎င်း–၅၄ ကို တည်ပြန် မိမိသန္တာန်သူသန္တာန် ၂–ပါးနှင့်မြှောက် လျှင် "တဏှာအစစ်–၁၀၈"ရ၏၊ ယင်း "၁၀၈=တ

ကျာအလျဉ်''မှာ ပြောပါနေပုံ သိပါလေဦး။

ဓမ္မပဒ—တကျာဝဂ်လာ အထက်ပါ ဂါထာ၏ အကျဉ်းဖြစ်သော အနက်အဓိပ္ပါယ်ကို ဥပရိပဏ္ဏာသ ပါဠိတော်လာ မဟာသဠာယတနသုတ် ကဏှပက္ခဖြင့် အနက်ဓိပ္ပါယ် အကျယ်သိရန် မြန်မာပြန်လျက် ဘော် ပြပါအံ့....

**ပရိယုဋ္ဌာနကိလေသာအသစ်ထပုံ။**

**(မဟာသဠာယတနသုတ္တ ကဏှပက္ခ)**

**မြင်သောခဏ**—မျက်စိ,အဆင်း, မြင်,တွေ့,ခံစား ဤ ၅-ပါး ပေါင်းဆုံသော ကာလ နှစ်သက်ဘွယ်ရှိ သော အဆင်းသည် မျက်စိ၌ ထင်သည် ရှိသော် ထိုနှစ် သက်ဘွယ်ရှိသော အဆင်းကို အာရုံပြု၍ လောဘဖြစ် ၏၊ ဤလောဘကား နန္ဒိရာဂပရိယုဋ္ဌာန် လောဘ တည်း။

**ကြားသောခဏ**—နား,အသံ, ကြား,တွေ့, ခံစား ဤ ၅-ပါး ပေါင်းဆုံသော ကာလ နှစ်သက်ဘွယ်ရှိ သော အသံသည် နား၌ ထင်သည်ရှိသော် ထိုနှစ်သက် ဘွယ်ရှိသော အသံကိုအာရုံပြု၍ လောဘဖြစ်၏၊ ဤ လောဘကား နန္ဒိရာဂပရိယုဋ္ဌာန် လောဘတည်း။

**နံသောခဏ**-နှာ,အနံ့,နံ, တွေ့,ခံစား, ဤ ၅-ပါး ပေါင်းဆုံသော ကာလ နှစ်သက်ဘွယ်ရှိသော အနံ့

သည် နှာ၌ ထင်သည်ရှိသော် ထိုနှစ်သက်ဘွယ်ရှိသော အနံ့ကို အာရုံပြု၍ လောဘဖြစ်၏၊ ဤလောဘကား နန္ဒီရာဂပရိယုဋ္ဌာန်လောဘတည်း။

**စားသောခဏ**-လျှာ,အရသာ,စား,တွေ့,ခံစား, ဤ ၅-ပါး ပေါင်းဆုံသော ကာလ နှစ်သက်ဘွယ်ရှိသော အရသာသည် လျှာ၌ ထင်သည်ရှိသော် ယိုနှစ်သက်ဘွယ်ရှိသော အရသာကို အာရုံပြု၍ လောဘဖြစ်၏၊ ဤလောဘကား နန္ဒီရာဂပရိယုဋ္ဌာန် လောဘတည်း။

**ထိသောခဏ**-ကိုယ်,အတွေ့, ထိ,တွေ့, ခံစား,ဤ ၅-ပါး ပေါင်းဆုံသော ကာလ နှစ်သက်ဘွယ်ရှိသော အတွေ့သည် ကိုယ်၌ ထင်သည်ရှိသော် ထိုနှစ်သက်ဘွယ်ရှိသော အတွေ့ကို အာရုံပြု၍ လောဘဖြစ်၏။ ဤလောဘကားနန္ဒီရာဂပရိယုဋ္ဌာန် လောဘတည်း။

**သိသောခဏ**-မနော,သဘော, သိ,တွေ့, ခံစား, ဤ ၅-ပါး ပေါင်းဆုံသော ကာလ နှစ်သက်ဘွယ်ရှိသော သဘောသည် မနော၌ ထင်သည်ရှိသော် ထိုနှစ်သက်ဘွယ်ရှိသော မနောကို အာရုံပြု၍ လောဘဖြစ်၏၊ ထိုလောဘကား နန္ဒီရာဂပရိယုဋ္ဌာန် လောဘတည်း။

မှာထားချက်။ ။''နန္ဒိက္ခယသုတ္တန်''ဟူသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌ

ကထာနှင့် အညီ ပီတိနှင့်တကွ ဖြစ်သော လောဘကို "နန္ဒီရာဂ" ဟုမှတ်၊ ယင်းနန္ဒီရာဂ လောဘကို ဥပါဒ်-ဌီ-ဘင်ခဏ ၃ ပါးနှင့် ပြည့်စုံလျက် ဖြစ်သောကြောင့် ပရိယုဋ္ဌာန် ကိလေသာဟုခေါ်၏၊

ထို့ပြင်-ကိလေသာဟူသမျှ "သဟဇေကဋ္ဌ ပဟာနေကဋ္ဌ" အားဖြင့် ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်လျှင်အတူ ဖြစ်၍ ပျောက်လျှင်လည်း အတူပင်ပျောက်၏ ဟု မှတ်ယူပါ။

## အနုသယကိလေသာ အသစ်ကိန်းပုံ။

**မြင်သောခဏ**-မျက်စိ, အဆင်း, မြင်,တွေ့,ခံစား ၍ ၅-ပါး ပေါင်းဆုံသော ကာလ မျက်စိကြည်မျက်စိ ကြည်တဲ့အတိုင်း ဝိပဿနာဖြင့်ရင်း ဝိပဿနာမှ လာသော မဂ်ဖြင့်ရင်း မသိမမြင်သည်ရှိသော် မျက်စိ၌တပ် မက်ရာကျ တဏှာနုသယ အသစ်ကိန်း၏။ အဆင်း ထင်အဆင်းထင်တဲ့ အတိုင်း မသိမမြင်သည် ရှိသော် အဆင်း၌ တပ်မက်ရာကျ တဏှာနုသယ အသစ်ကိန်း ၏၊ စက္ခုဝိညာဏ်မြင် မြင်တဲ့အတိုင်း မသိမမြင်သည် ရှိသော် မြင်ခြင်း၌တပ်မက်ရာကျ တဏှာနုသယအသစ် ကိန်း၏။ ဖဿတွေ့ တွေ့တဲ့အတိုင်း မသိမမြင်သည်ရှိ သော်တွေ့ခြင်း၌တပ်မက်ရာကျ တဏှာနုသယ အသစ် ကိန်း၏။ သုခထင် သုခထင်တဲ့အတိုင်း, ဒုက္ခထင် ဒုက္ခ ထင်ဒုက္ခထင်တဲ့အတိုင်း, သုခဒုက္ခမထင်သုခဒုက္ခမထင် တဲ့အတိုင်း မသိမမြင်သည်ရှိသော် ခံစားခြင်း၌ တပ်

မက်ရာကျ တဏှာနုသယ အသစ်ကိန်း၏။

**ကြားသောခဏ**-နား,အသံ,ကြား,တွေ့, ခံစား, ဤ ၅-ပါး ပေါင်းဆုံသော ကာလ နားကြည် နားကြည်တဲ့အတိုင်း မသိမမြင်သည် ရှိသော် နား၌ တပ်မက်ရာကျ တဏှာနုသယ အသစ်ကိန်း၏။ အသံထင် အသံထင်တဲ့အတိုင်း မသိမမြင်သည် ရှိသော် အသံ၌ တပ်မက်ရာကျ တဏှာနုသယအသစ်ကိန်း၏။ သောတဝိညာဏ်ကြား ကြားတဲ့အတိုင်းမသိမမြင်သည်ရှိသော် ကြားခြင်း၌ တပ်မက်ရာကျ တဏှာနုသယအသစ်ကိန်း၏။ ဖဿ တွေ့ တွေ့တဲ့အတိုင်း မသိမမြင်သည်ရှိသော် တွေ့ခြင်း၌ တပ်မက်ရာကျ တဏှာနုသယ အသစ်ကိန်း၏၊ သုခထင် သုခထင်တဲ့အတိုင်း,ဒုက္ခထင် ဒုက္ခထင်တဲ့အတိုင်း သုခ ဒုက္ခမထင် သုခဒုက္ခမထင်တဲ့အတိုင်း မသိမမြင်သည်ရှိသော် ခံစားခြင်း၌ တပ်မက်ရာကျ တဏှာနုသယ အသစ်ကိန်း၏။

**နံသောခဏ**—နှာ,အနံ့, နံ,တွေ့, ခံစား, ဤ ၅-ပါး ပေါင်းဆုံသော ကာလ နှာကြည် နှာကြည်တဲ့အတိုင်း မသိမမြင်သည်ရှိသော် နှာ၌ တပ်မက်ရာကျ တဏှာနုသယ အသစ်ကိန်း၏။ အနံ့ထင် အနံ့ထင်တဲ့အတိုင်း မသိမမြင်သည်ရှိသော် အနံ့၌ တပ်မက်ရာကျ တဏှာနုသယ အသစ်ကိန်း၏။ ဃာနဝိညာဏ်နံ နံတဲ့

အတိုင်း မသိမမြင်သည်ရှိသော် နံခြင်း၌ တပ်မက်ရာကျ တဏှာနုသယ အသစ်ကိန်း၏။ ဖဿတွေ့ တွေ့တဲ့အ တိုင်း မသိမမြင်သည်ရှိသော် တွေ့ခြင်း၌ တပ်မက်ရာကျ တဏှာနုသယ အသစ်ကိန်း၏။ သုခထင် သုခထင်တဲ့ အတိုင်း ဒုက္ခထင် ဒုက္ခထင်တဲ့အတိုင်း, သုခဒုက္ခမထင် သုခဒုက္ခ မထင်တဲ့အတိုင်း မသိမမြင်သည် ရှိသော် ခံစားခြင်း၌ တပ်မက်ရာကျ တဏှာနုသယ အသစ် ကိန်း၏။

**စားသောခဏ** လျှာ,အရသာ,စား,တွေ့,ခံစား, ဤ ၅ ပါးပေါင်းဆုံသောကာလ လျှာကြည်လျှာကြည် တဲ့ အတိုင်းမသိ မမြင်သည်ရှိသော် လျှာ၌ တပ်မက်ရာ ကျ တဏှာနုသယ အသစ်ကိန်း၏။ အရသာထင် အရ သာထင်တဲ့အတိုင်း မသိမမြင်သည်ရှိသော် အရသာ၌ တပ်မက်ရာကျ တဏှာနုသယ အသစ်ကိန်း၏။ ဇိဝှါ ဝိညာဏ်စား စားတဲ့အတိုင်း မသိမမြင်သည် ရှိသော် စားခြင်း၌ တပ်မက်ရာကျ တဏှာနုသယ အသစ် ကိန်း၏။ ဖဿတွေ့ တွေ့တဲ့အတိုင်း မသိမမြင်သည် ရှိသော် တွေ့ခြင်း၌ တပ်မက်ရာကျ တဏှာနုသယ အသစ်ကိန်း၏။ သုခထင်သုခထင်တဲ့အတိုင်း, ဒုက္ခထင် ဒုက္ခထင်တဲ့အတိုင်း,သုခဒုက္ခမထင်သုခဒုက္ခမထင်တဲ့အ တိုင်း,မသိမမြင်သည်ရှိသော်ခံစားခြင်း၌တပ်မက်ရာကျ

တဏှာနုသယ အသစ်ကိန်း၏၊

**ထိသောခဏ**-ကိုယ်, အဆွေ့,ထိ, တွေ့,ခံစား, ဤ ၅-ပါး ပေါင်းဆုံသော ကာလ ကိုယ်ကြည်ကိုယ်ကြည် တဲ့အတိုင်း မသိမမြင်သည် ရှိသော် ကိုယ်၌ တပ်မက်ရာ ကျ တဏှာနုသယ အသစ်ကိန်း၏။ အတွေ့ ၊င် အတွေ့ ထင်တဲ့အတိုင်း မသိမမြင်သည် ရှိသော် အတွေ့၌ တပ် မက်ရာကျ တဏှာနုသယ အသစ် ကိန်း၏။ ကာယဝိ ညာဏ်ထိ ထိတဲ့အတိုင်းမသိမမြင်သည်ရှိသော် ထိခြင်း ၌ တပ်မက်ရာကျ တဏှာနုသယအသစ် ကိန်း၏။ ဖဿ တွေ့ တွေ့တဲ့အတိုင်း မသိမမြင်သည်ရှိသော် တွေ့ခြင်း၌ တပ်မက်ရာကျ တဏှာနုသယအသစ် ကိန်း၏။သုခထင် သုခထင်တဲ့အတိုင်း, ဒုက္ခထင် ဒုက္ခထင်တဲ့ အတိုင်း, သုခဒုက္ခမထင် သုခဒုက္ခမထင်တဲ့အတိုင်း, မသိမမြင် သည်ရှိသော် ခံစားခြင်း၌တပ်မက်ရာကျတဏှာနုသယ အသစ်ကိန်း၏။

**သိသောခဏ**-မနော, သဘော,သိ, တွေ့,ခံစား, ဤ ၅-ပါး ပေါင်းဆုံသောကာလ မနောကြည် မနော ကြည်တဲ့အတိုင်း ဝိပဿနာဖြင့်ဖြစ်၍ ဝိပဿနာမှ လာ သော မဂ်ဖြင့်၍ မသိမမြင်သည် ရှိသော် မနော၌တပ် မက်ရာကျ တဏှာနုသယ အသစ်ကိန်း၏။သဘောထင် သဘောထင်တဲ့အတိုင်းမသိမမြင်သည်ရှိသော်သဘော

၌ တပ်မက်ရာကျ တဏှာနုသယ အသစ်ကိန်း၏။ မနော ဝိညာဏ်သိ သိတဲ့အတိုင်း မသိမမြင်သည်ရှိသော် သိခြင်း၌ တပ်မက်ရာကျ တဏှာနုသယ အသစ်ကိန်း၏။ ဖဿတွေ့ တွေ့တဲ့အတိုင်း မသိမမြင်သည် ရှိသော် တွေ့ခြင်း၌တပ်မက်ရာကျတဏှာနုသယအသစ်ကိန်း၏။ သုခထင် သုခထင်တဲ့အတိုင်း,ဒုက္ခထင်ဒုက္ခထင်တဲ့အတိုင်း, သုခဒုက္ခမထင် သုခဒုက္ခမထင်တဲ့အတိုင်း ဝိနဿနာဖြင့်၎င်း ဝိပဿနာမှလာသော မဂ်ဖြင့်၎င်း မသိမမြင်သည် ရှိသော် ခံစားခြင်း၌ တပ်မက်ရာကျ တဏှာနုသယအသစ်ကိန်း၏။

**မှားထားချက်။** ။''မသိမမြင်'' ဆိုရာတို့၌ ''အဇာနံ'' အပဿန္တိ သဟဝိပဿနာယ မဂ္ဂေန အဇာနန္တော အပဿန္တော ဟူသောအဋ္ဌကထာနှင့်အညီ ဝိပဿနာဖြင့် ဝိပဿနာမှ လာလော မဂ်ဖြင့်မသိမမြင်သည်ကို ယူအပ်၏။ထို့ပြင်—ပရိယုဋ္ဌာန်ဖြစ်လျှင် အနုသယ အသစ်ကိန်း၏၊ ပရိယုဋ္ဌာန်မဖြစ်လျှင် အနုသယ အသစ်မကိန်း၊ အနုသယဟောင်းကား မဂ်ဖြင့် မပြတ်သေးသမျှ ရှိသည်သာဟု အကျဉ်းမျှ မှတ်ခဲ့ပါ၊အကျယ်ကို''သစ္စာစတုရှာမှုရေးရာ''အခဏ်း၌ရှုရလတံ့။

မဟာသဠာယတနသုတ္တပါဠိ— စက္ခုံ ဘိက္ခဝေ အဇာနံ အပဿံ ယထာဘူတံ ရူပေ အဇာနံ အပဿံ ယထာဘူတံ စက္ခုဝိညာဏံ အဇာနံ အပဿံ ယထာ

ဘူတံ စက္ခုသမ္ဖဿံ အဇ္ဈာနံ အပဿံ ယထာဘူတံ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ ပ္ပိတ အဇ္ဈာနံ အပဿံ ယထာဘူတံ စက္ခုသ္မိံ သာရဇ္ဇတိ၊ ရူပေသု သာရဇ္ဇတိ၊ စက္ခုဝိညာဏေ သာရဇ္ဇတိ၊ စက္ခုသမ္ဖဿေ သာရဇ္ဇတိ၊ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တသ္မိံပိ သာရဇ္ဇတိ။

သောတံ ဘိက္ခဝေ အဇ္ဈာနံ အပဿံ ယထာဘူတံ၊ ဃာနံ ဘိက္ခဝေ အဇ္ဈာနံ အပဿံ ယထာဘူတံ၊ ဇိဝှံ ဘိက္ခဝေ အဇ္ဈာနံ အပဿံ ယထာဘူတံ၊ ကာယံ ဘိက္ခဝေ အဇ္ဈာနံ အပဿံ ယထာဘူတံ။ မနံ ဘိက္ခဝေ အဇ္ဈာနံ အပဿံ ယထာဘူတံ။ ဓမ္မေ ဘိက္ခဝေ အဇ္ဈာနံ အပဿံ ယထာဘူတံ။ မနောသမ္ဖဿံ ဘိက္ခဝေ အဇ္ဈာနံ အပဿံ ယထာဘူတံ။ ယမိဒံ မနောသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တံပိ အဇ္ဈာနံ အပဿံ ယထာဘူတံ။ မနသ္မိံ သာရဇ္ဇတိ ဓမ္မေသု သာရဇ္ဇတိ၊ မနောဝိညာဏေ သာရဇ္ဇတိ၊ မနောသမ္ဖဿေ သာရဇ္ဇတိ၊ ယမိဒံ မနောသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ တသ္မိံပိ သာရဇ္ဇတိ။—

မြင်သောခဏ--မျက်စိ၊ အဆင်း၊ မြင်၊ တွေ့၊ ခံစား

ဤ ၅ ပါး၌ တပ်မက်သော အလေ့သဘောရှိသည် ဖြစ်၍ တွေဝေသော အလေ့သဘောရှိသည်ဖြစ်၍ ဘဝတဖန်နှင့် ယှဉ်သောအလေ့အဘော ရှိသည်ဖြစ်၍, တပ်မက် နှစ်သက်ဘွယ်ဟု ရှုသော အလေ့သဘောရှိသည်ဖြစ်၍, နေသော ထိုသူ့အား ဥပါဒါန်တရား ၄ ပါးတို့၏အာရုံဖြစ်ကုန်သော ၅ပါးသော ခန္ဓာတို့သည် နောင်တဖန် အသစ်ဘဝဖြစ်သော အလိုအားဖြင့် တိုးပွားခြင်းသို့ရောက်ကြကုန်၏။ တပ်မက်ရာကျ တဏှာနှ သယသည်လည်း တဖန်အသစ်ဘဝကို ဖြစ်စေတတ်သော အလေ့သဘောရှိ၏။ ပီတိဖြင့် နှစ်သက်တတ်သော နန္ဒိရာဂ၊ ပရိယုဋ္ဌာန် လောဘနှင့် တကွဖြစ်၏။ ထိုထိုအာရုံ ဘုံဘဝသို့ ရှေ့ရှုနှ စ်သက်တတ်သော အလေ့သဘောရှိ၏။ ထိုတပ်မက်ရာကျ တဏှာနှသယသည်လည်း ထိုသူ့အား တိုးပွားခဲ့၏။

**ကြားသောခဏ**—နား, အသံ, ကြား, တွေ့, ခံစား, ဤငါးပါး၌ တပ်မက်သော အလေ့သဘောရှိသည်ဖြစ်၍၊တွေဝေသောအလေ့သဘော ရှိသည်ဖြစ်၍၊ဘဝတဖန်နှင့် ယှဉ်သောအလေ့သဘော ရှိသည်ဖြစ်၍၊ တပ်မက်နှစ်သက်ဘွယ်ဟု ရှုသော အလေ့သဘောရှိသည်ဖြစ်၍၊နေသော ထိုသူ့အား၊ဥပါဒါန်တရား ၄ ပါးတို့၏ အာရုံဖြစ်ကုန်သော ၅ ပါးသော ခန္ဓာတို့သည်

နောင်တဖန်အသစ်ဘဝဖြစ်သေါအလိုအားဖြင့်တိုးပွါး ခြင်းသို့ ရောက်ကြကုန်၏။တပ်မက်ရာကျ တဏှာနန္ဒီသ ယသည်လည်းတဖန်အသစ်ဘဝကို ဖြစ်စေတတ်သော အလေ့ရှိ၏။ပီတိဖြင့်နှစ်သက်တတ်သော နန္ဒီရာဂ၊ ပရိ ယုဋ္ဌာန် လောဘနှင့် တကွဖြစ်၏။ ထိုထိုအာရုံဘုံဘဝ သို့၊ ရှေ့ရှုနှစ်သက်တတ်သော အလေ့သဘောရှိ၏။ ထိုတပ်မက်ရာကျ တဏှာနန္ဒီသယသည်လည်း၊ ထိုသူ့ အားတိုးပွားခဲ့၏။

နံ့သောခဏ--နှာ,အနံ့,နံ့,တွေ့,ခံစား,ဤ ၅ ပါး၌ တပ်မက်သော အလေ့သဘော ရှိဖြစ်သည် ဖြစ်၍, တွေ့ဝေသော အလေ့သဘောရှိသည်ဖြစ်၍, ဘဝတ ဖန်နှင့်ယှဉ်သော အလေ့သဘောရှိသည်ဖြစ်၍, တပ် မက်နှစ်သက်ဘွယ်ဟု ရှုသော အလေ့သဘောရှိသည် ဖြစ်၍,နေသော ထိုသူ့အား ဥပါဒါန်တရား ၄ ပါးတို့ ၏ အာရုံဖြစ်ကုန်သော ၅ ပါးသော ခန္ဓာတို့သည်၊ နောင်တဖန်အသစ် ဘဝဖြစ်သောအလိုအားဖြင့် တိုး ပွားခြင်းသို့ ရောက်ကြကုန်၏။တပ်မက်ရာကျ တဏှာန္ဒ သယသည်လည်း၊ တဖန် အသစ်ဘဝကို ဖြစ်စေတတ် သောအလေ့ရှိ၏။ ပီတိဖြင့်နှစ်သက်တတ်သော နန္ဒီရာ ဂ၊ပရိယုဋ္ဌာန် လောဘနှင့်တကွဖြစ်၏။ထိုထိုအာရုံ ဘုံ ဘဝသို့ ရှေ့ရှုနှစ်သက်တတ်သော အလေ့သဘောရှိ

၏။ ထိုတပ်မက်ရာကျ တဏှာနုသယသည်လည်း ထို သူ့အားတိုးပွားခဲ့၏။

**စားသောခဏ**- လျှာ,အရသာ,စား,တွေ့,ခံစား ဤ ၅ ပါး၌ တပ်မက်သော အလေ့သဘောရှိသည်ဖြစ် ၍, တွေ့ဝေသော အလေ့သဘော ရှိသည်ဖြစ်၍, ဘ ဝတဖန်နှင့် ယှဉ်သောအလေ့သဘော ရှိသည်ဖြစ်၍, တပ်မက် နှစ်သက်ဘွယ်ဟု ရှုသော အလေ့သဘောရှိ သည်ဖြစ်၍, နေသော ထိုသူ့အား ဥပါဒါန်တရား ၄ ပါးတို့၏ အာရုံဖြစ်ကုန်သော ၅ ပါးသော ခန္ဓာတို့ သည်၊နောင်တဖန် အသစ်ဘဝဖြစ်သော အလိုအား ဖြင့် တိုးပွားခြင်းသို့ ရောက်ကြကုန်၏။ တပ်မက်ရာကျ တဏှာနုသယသည်လည်း၊ တဖန်အသစ်ဘဝကို ဖြစ် စေတတ်သော အလေ့ရှိ၏။ ငါတိဖြင့် နှစ်သက်တတ် သော နန္ဒီရာဂ၊ပရိယုဋ္ဌာန် လောဘနှင့်တကွဖြစ်၏။ထို ထိုအာရုံဘုံဘဝသို့ ရှေ့ရှုနှစ်သက် တတ်သော အလေ့ သဘောရှိ၏။ ထိုတပ်မက်ရာကျ တဏှာနုသယသည် လည်းထိုသူ့အားတိုးပွားခဲ့၏။

**ထိသောခဏ**--ကိုယ်,အတွေ့,ထိ,တွေ့,ခံစား, ဤ ၅ ပါ ၌ တပ်မက်သော အလေ့သဘောရှိသည်ဖြစ်၍, တွေ့ဝေသော အလေ့သဘော ရှိသည်ဖြစ်၍, ဘဝတ ဖန်နှင့် ယှဉ်သောအလေ့၊ သဘောရှိသည်ဖြစ်၍၊ တပ်

မက်နှစ်သက်ဘွယ်ဟု ရှုသောအလေ့သဘော ရှိသည် ဖြစ်၍, နေသော ထိုသူ့အား ဥပါဒါန်တရား ၄ ပါးတို့၏ အာရုံ ဖြစ်ကုန်သော ၅ ပါးသော ခန္ဓာတို့သည် နောင်တဖန် အသစ်ဘဝဖြစ်သော အလိုအားဖြင့် တိုးပွားခြင်းသို့ ရောက်ကြကုန်၏။ တပ်မက်ရာကျ တဏှာ နှသယသည်လည်း၊ တဖန်အသစ်ဘဝကို ဖြစ်စေတတ်သော အလေ့ရှိ၏။ ပီတိဖြင့် နှစ်သက်တတ်သော နန္ဒီရာဂ၊ ပရိယုဋ္ဌာန် သဘောနှင့်တကွဖြစ်၏။ ထိုထိုအာရုံဘုံဘဝသို့၊ ရှေ့ရှု နှစ်သက်တတ်သော အလေ့သဘောရှိ၏။ ထိုတပ်မက်ရာကျ တဏှာနှသယ သည်လည်း၊ ထိုသူ့အားတိုးပွားခဲ့၏။

**သိသောခဏ**--မနေသော, သဘော,သိ,တွေ့,ခံစား, ဤ ၅ ပါး၌ တပ်မက်သော အလေ့သဘော ရှိသည် ဖြစ်၍,တွေဝေသော အလေ့သဘော ရှိသည်ဖြစ်၍, ဘဝတဖန်နှင့်ယှဉ်သော အလေ့သဘော ရှိသည်ဖြစ်၍,တပ်မက်ရာကျ နှစ်သက်ဘွယ်ဟု ရှုသောအလေ့သဘောရှိသည်ဖြစ်၍,နေသော ထိုသူ့အား ဥပါဒါန်တရား ၄ ပါးတို့၏ အာရုံဖြစ်ကုန်သော ၅ ပါးသော ခန္ဓာတို့သည် နောင်တဖန်အသစ် ဘဝဖြစ်သော အလိုအားဖြင့် တိုးပွားခြင်းသို့ ရောက်ကြကုန်၏။ တပ်မက်ရာကျ တဏှာနှသယသည်လည်း၊ တဖန်အသစ်ဘဝကို

ဖြစ်စေတတ်သော အလေ့ရှိ၏၊ ပီတိဖြင့်နှစ်သက်သော နန္ဒိရာဂ ပရိယုဋ္ဌာန် လောဘနှင့် တကွဖြစ်၏။ ထိုထို အာရုံဘုံဘဝသို့ ရှေ့ရှုနှစ်သက်တတ်သော အလေ့သဘောရှိ၏။ ထို တပ်မက်ရာကျ တဏှာနုသယ သည်လည်း၊ ထိုသို့အားတိုးပွားခဲ့၏။

## မဟာသဠာယတနသုတ္တပါဠိ

တဿ သာရတ္တဿ သံယုတ္တဿ သံမုဠှဿ အဿာဒါနုပဿိ နာ ဝိဟရတော အာယတိံ ပဉ္စုပါဒါနက္ခန္ဓာ ဥပစယံ ဂစ္ဆန္တိ တဏှာစဿ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ သာ စဿ ပဝဍ္ဎတိ။

ဤသို့ မြင်, ကြား, နံ, စား, ထိ,သိ, အားဖြင့် များသော ကာလခဏခဏ၌ တပ်မက်ရာကျ တဏှာနုသယက တဖန်အသစ်ဖြစ်စေသော ထိုဘဝသည်လည်း ကာလအားဖြင့် တောင့်တသော ကာလ, အားထုတ်သော ကာလ, ရသောကာလဟူ၍ ၃ ပါးပြား၏။ ထိုတွင် တပ်မက်ရာကျ တဏှာနုသယ အသစ်အသစ် ကျသော ခဏခဏသည် တောင့်တသော ကာလမည်၏။ တစုံတခုကံပြုသော ခဏခဏသည် အားထုတ်သော ကာလမည်၏။ ပဋိသန္ဓေ နေသော ခဏခဏသည်ကား ရသောကာလမည်၏။

ဤသို့ ပဋိသန္ဓေနေသော ခဏခဏ ရသောကာလ ထိုဘဝသည်လည်း ယောနိအားဖြင့် အဏ္ဍဇယောနိ, ဇလာဗုဇယောနိ, သံသေဒဇယောနိ ဩပပါတိက ယောနိဟူ၍ ၄ ပါးပြား၏။ ထိုတွင်အဥ၌ ပဋိသန္ဓေ နေသော သတ္တဝါမျိုးသည် အဏ္ဍဇယောနိမည်၏။ အမိ ဝမ်း၌ ပဋိသန္ဓေနေသော သတ္တဝါမျိုးသည် ဇလာဗုဇ ယောနိမည်၏။ အညှိ၌ ပဋိသန္ဓေသော သတ္တဝါမျိုး သည် သံသေဒဇယောနိမည်၏။ တဆဲ့ငါးနှစ်အသွင် အပြင် ကိုယ်ထင်ရှားဖြစ်သော သတ္တဝါမျိုးသည်ကား ဩပပါတိကယောနိမည်၏။

ဤ ၄ ပါးသော ပဋိသန္ဓေက စုတိကျအောင် ရွက် ဆောင်ခွင့်သင့် ဖင့်ဖင့်မနှေးလည်း နည်းပေးသွန်သင် အမည်တင်၍ စိရင်တတ်သော ထိုနန္ဒီရာဂ ပရိယုဋ္ဌာန် လောဘသည်လည်း စီရင်ခြင်း၄ာ ယောနိသို့သာ ကပ် ရောက်လာ၏။ ထိုနန္ဒီရာဂ ပရိယုဋ္ဌာန် လောဘ၏ ယောနိသို့ ကပ်ခြင်းလျှင် အကြောင်းရင်း ရှိကုန်သော မင်းမှဖြစ်သောဘေး ခိုးသူမှဖြစ်သောဘေး ဦးခေါင်း ကို ဖြတ်ခြင်း,ခြေလက်ကို ဖြတ်ခြင်း, အစရှိကုန်သော သုံးဆဲ့နှစ်ပါးသော ''ကံ-ကြမ္မာ''တို့သည်လည်း အ စေခံခြင်း၄ာ ယောနိသို့သာကပ်လာကြကုန်၏။

စက္ခုဒွါရ သို့ ဟိဋ္ဌာရမ္မဏော အာပါတဂတော

အာရမ္မဏံ နိဿာယ လောကော ဥပ္ပဇ္ဇတိ သောတဒွါ
ရာဒီသုပိ ဧသေဝနယော ၊ နန္ဒိရာဂေါပနေသ အဇ္ဈဇာ
ဒိဘေဒါ စတဿော ယောနိယော ဥပနေတိ၊ တဿ
ယောနိဥပဂမနမူလကာနိ ပဉ္စဝီသတိ မဟာဘယာနိ
ဒွတ္တိံသကမ္မကာရဏာနိ အာဂတာနေဝ ဟောန္တိ။—
သဠာယတန သံယုတ် အဋ္ဌကထာ, အာသီဝိသဝဂ်။

**ဘဝဝဋ်ဒုတ်, မနုတ်သမျှ........**

ယထာပိ မူလေ အနုပ္ပဒ္ဒဝေ ဒလေ,
ဆိန္နောပိ ရုက္ခော ပုနဒေဝ ရူဟတိ၊
ဧဝံပိ တဏှာနုသယေ အနူဟတေ,
နိဗ္ဗတ္တတိ ဒုက္ခ-မိဒံ ပုနပ္ပုနံ။

မူလေ အနုပ္ပဒ္ဒဝေ-အမြစ်၌ဝယ်, အန္တရာယ်ဥပါဒ်, မရှိလတ်သော်၊ ဒလေဆိန္နောပိ-အချက်အလက်,ကိုင်းခက်တွေကို, ခုးစေဖြတ်စေပေမဲ့လည်း၊ ရုက္ခော ပုနဒေဝ ရူဟတိယထာ- သစ်ပင်တဖန်, ခက်လက်သန်၍, စည်းကားပြန်သကဲ့သို့သာ၊ ဧဝံပိ— ဤအတူပင်လျှင်၊ တဏှာနုသယေ- ဟောင်းသစ်-၂—ရပ်, ၂-ဆပ် ၂-လွှား,တဏှာအနုသယကို အနူဟတေ- ဝိပဿနာနှင့်တကွသောမဂ်ဖြင့်, မနုတ်မပယ်သည်ရှိသော်၊ဣဒံဒုက္ခံ-(ဖြစ်သောသဘော,ဥပါဒ်ဟူသော ဇာတိဒုက္ခ ၁—ပါး, တည်သောသဘော,ဌိဟူသော ဇရာဒုက္ခ ၁—ပါး,ပျက်သောသဘော, ဘင်ဟူသော

မရဏဒုက္ခ ၁—ပါး, ကိုယ်ဆင်းရဲသောကာယိကဒုက္ခနှင့်စိတ်ဆင်းရဲသော စေတသိက်ဒုက္ခဟူသော ဒုက္ခဒုက္ခ ၁—ပါး, ဥပါဒ်—ဌီ—ဘင်, သင်္ခတလက္ခဏာဟူသော သင်္ခါရဒုက္ခ ၁—ပါး, သတ္တဝါတို့၏ သေရခြင်းဟူသော ဝိပရိဏာမဒုက္ခ ၁—ပါး, အနုလောမ- ပဋိစ္စသမုပ္ပါဒ်ဟူသော သံသာရဒုက္ခ ၁—ပါး အားဖြင့် ]၅ဒုက္ခ ၇-ပါးသည်၊ ပုနပ္ပုနံ-ထပ်ပြန်မစဲ, အဖန်တလဲလဲ၊ နိဗ္ဗတ္တတိ-မျိုးစေ့သစ်ပင်, မပါသွင်သို့, အစဉ်အဆက်, မပျက်ကွက်ဘဲ, ဆက်လက်အသစ်, ခါမလစ်ပင်, ဖြစ်ပေါ်ဖြစ်ပေါ်၍ နေလေသဘည်း။(ဓမ္မပဒ—တဏှာဝဂ်ဥဗ—ဖြာတဏှာအလျဉ်ဂါထာနှင့်တွဲ၍အနက်ပါဠိ နှုတ်ရဆောင်သင့်၏။)

ဆောင်။ ။အဟောင်းအနုသယ, မင်္ဂဖြစ်မှ, မုချပျောက်၍ငြိမ်း။
ပရိယုဋ္ဌာန, ဖြစ်ခွင့်ရ, အနုသယ အသစ်ကိန်း၊
ပရိယုဋ္ဌာန, ဖြစ်ခွင့်မရ, အနုသယအသစ်မကိန်း၊
ဝိပဿနာခဏ, ပရိယုဋ္ဌာန, တဒင်္ဂတဒင်္ဂငြိမ်း၊
ပရိယုဋ္ဌာန်တဒင်, ငြိမ်းခဏ, အနုသယအသစ်မကိန်း၊
အဟောင်းအနုသယ, မင်္ဂဖြစ်က, မုချပျောက်၍ငြိမ်း။

## ဩဃကိလေ, စုန်သူတွေ

ကာမေသု သတ္တာ ကာမသင်္ဂသတ္တာ,
သံယောဇနေ ဝဇ္ဇမပဿမာနာ၊
နဟိ ဇာတု သံယောဇနသင်္ဂသတ္တာ,
ဩဃံ တရေယျုံ ဝိပုလံ မဟန္တံ၊

ကာမေသု- ဝတ္ထုကာမတို့၌ ကိလေသာကာမတို့ဖြင့်၊ [အနက်၂—ထပ်, တန္တနည်း၊ဝတ္ထုကိုငဲ့၍ သတ္တမီနက်, သတ္တာကို

ဋ္ဌ၍ ကရိဏ်းနက်၊ ]သတ္တာ— ကပ်ငြိသူတို့သည်၊ ကာမသင်္ဂ သတ္တာ-ကာမသင်္ဂသတ္တဝါမည်ကုန်၏၊ သံယောဇနေ= သံယောဇဉ်၌၊ ဝဋ္ဋံ-ဘဝတဏှဖန်ပြစ်ကို၊ အပဿမာနာ= မမြင်သူတို့သည်၊ သံယောဇနသင်္ဂသတ္တာ- သံယော ဇနသင်္ဂသတ္တဝါ မည်ကုန်၏။ [ကာမသင်္ဂသတ္တဖြင့် ဈာန်မ ရသူ (အဈာနလာဘီ) ကိုယူ၊ သံယောဇနသင်္ဂသတ္တဖြင့် ဈာန်ရသူ (ဈာနလာဘီ) ကိုယူ။] တေ-ထိုသု ၂-ဦးတို့သည်၊ ဝိပုလံ= စုပုံထူထပ်သော၊ မဟဏ္ဏဝံ-နှိုင်းဆမရ,များလှကိလေ, ရေရှိပေသော၊ ဩဃံ-ကာမောဃ, ဘဝေါဃ,ဒိဋ္ဌော ဃ,အဝိဇ္ဇောဃကို၊နဟိဇာတုတရေယျုံ—အမှန်မလွဲတ ကယ်ဘဲမကူးနိုင်ကုန်ရာ။ပေဋကောပဒေသပါဠိတော်။

ဆောင်။ ။ဝတ္ထုကာမ,ကိုလေသ, နှစ်ခွကပ်ငြိသူ၊
ဘဝတဖန်နှင့်ယှဉ်,သံယောဇဉ်,မမြင်မသိသူ၊
ဈာန်မရ—ဈာန်ရ,ဒွိသတ္တ,ဩဃ,စုန်မြောသူ။

## တဖန်ဘဝမရှိ သုခရေးရာ

ဒေသက ဘုရားရှင်က သာဝကအား ပရတော ဃောသ ပေးဟန်။

**ဩဃဆန်လျက်၊ ကူးတက်ပြီးသူ**

ဥဒ္ဓံ အဓော သဗ္ဗဓိ ဝိတရာရော,
အယံ အဟ-သ္မီတိ နာနုပဿီ၊
ဧဝံ ဝိမုတ္တော ဥဒတာရိ ဩဃံ,

အတိက္ကန္တပုဗ္ဗံ အပုန္နဗ္ဘဝါယ။

ဥဒ္ဓံ—အထက်ခေါ်ရ, အ၁ရန္တဖြစ်သော အနာဂတ် အာရုံ၌၎င်း၊ အဓော-အောက်ဟုခေါ်ရ, ပုဗ္ဗန္တဖြစ်သော အတိတ် အာရုံ၌၎င်း။ သဗ္ဗဓိ- ပုဗ္ဗန္တာပရန္တဖြစ်သော ပစ္စုပ္ပန်အာရုံ အလုံးစုံ၌၎င်း၊ ဝိတရာရော-ကိလေဟူသမျှ, ပဟာနေကင္ဃအားဖြင့် ဖြစ်ခွင့်မရ ရာဂကင်းသော၊ အယံ- ဤအရိယာအကျင့်, အသိဖြင့် မှတ်သူသည်၊ အဟံအသ္မိတိ- ငါဖြစ်၏ဟု နာနုပဿိ- ပုထုဇဉ်အကျင့်, အထင်ဖြင့်မမှတ်မရှု၊ ဧဝံဝိမုတ္တော—ဤသို့ကိလေဟူသမျှ, ကာလတ္တယ၌, မရဖြစ်ခွင့်, ရာဂလွှင့်စင်သူသည်၊ အပုန္နဗ္ဘဝါယ- "တဖန်ဘဝ, မဖြစ်ရခြင်း"ငှာ၊ အတိက္ကန္တပုဗ္ဗံ—မကူးခဲ့ဘူးသော သြဃံ-သြဃ ၄=ဖြာ သံသရာကို၊ ဥဒတာရိ-ကူးတက်လေပြီ။....ပေဠကောပဒေသ။

**အဓိပ္ပါယ်**——သြဃသည် တပုံတစုသြဃ, ၃ပုံ၃စု သြဃ, ၄ပုံ၄စု သြဃအားဖြင့် ၃-မျိုးပြား၏၊ ထိုတွင် တပုံဘစု သြဃကား ဒိဋ္ဌောဃတည်း၊ ၃ပုံ၃စု သြဃကား ကာမောဃတည်း ၄ပုံ၄စု သြဃကား ဘဝေါဃ အဝိဇ္ဇောဃ ၂-ပါးတည်း၊ ထိုတွင် တပုံဘစု သြဃကား တမဂ်ပယ် ကိလေသာတည်း၊ ၃ပုံ၃စု သြဃကား ၃=မဂ်ပယ် ကိလေသာဘည်း၊၄ပုံ၄စု သြဃကား ၄—

မဂ်ပယ် ကိလေသာတည်း၊ ဂါထာ၌ "ဝိတရာဂေ၊" ပုဒ်ဖြင့် ကာမေဿကင်းသူကို ယူလျက် "အနာဂါမ်" အတွက် ဒေသနာဟုမှတ်။ ထိုပြင်-ဝိပဿနာခဏ ဩဿ၌ကူးဆဲ, မဂ်ခဏ ဩဃ်မှ ကူးပြီဟု မှတ်ယူပါ။

ဆောင်။ ။ဝိပဿနာခဏ, တဒင်, ဩဃ ကူးဆဲဆို၊
မဂ်ဉာဏ်ခဏ, သမုစ္ဆေဒ, ဩဃ ကူးပြီးဆို။

မဟာသဋ္ဌာယဘနသုတ် သုက္ကပက္ခဖြင့် တဖန်ဘဝ မရှိ သုခရေးရာ သဘောကို ချွတ်ထွင်လျက် ဂန္ထိရညာဏ် ထက်သန်ပါစေ......

## အနုသယကိလေသာမကိန်းပုံ၊

(မဟာသဠာယတနသုတ္တ—သုက္ကပက္ခ)

**မြင်သောခဏ**—မျက်စိ,အဆင်း, မြင်, တွေ့,ခံစား, ဤ ၅-ပါး ပေါင်းဆုံသော ကာလ မျက်စိကြည် မျက်စိကြည်တဲ့အတိုင်း ဝိပဿနာဖြင့်ဎင်း ဝိပဿနာမှလာသောမဂ်ဖြင့်ဎင်း သိမြင်သည်ရှိသော် မျက်စိ၌ တပ်မက်ရာမကျ၊ တဏှာနုသယမကိန်း၊ အဆင်းထင်အဆင်းထင်တဲ့အတိုင်း သိမြင်သည်ရှိသော် အဆင်း၌ တပ်မက်ရာမကျ တဏှာနုသယမကိန်း၊ စက္ခုဝိညာဏ်မြင် မြင်တဲ့အတိုင်း သိမြင်သည် ရှိသော် မြင်ခြင်း၌ တပ်မက်ရာမကျ တဏှာနုသယမကိန်း၊ ဖဿတွေ့ တွေ့တဲ့အတိုင်း သိမြင်သည်ရှိသော် တွေ့ခြင်း၌တပ်မက်ရာမကျ တဏှာ

နေသယမကိန်း၊ သုခထင် သုခထင်တဲ့အတိုင်း, ဒုက္ခထင် ဒုက္ခထင်တဲ့အတိုင်း, သုခဒုက္ခမထင် သုခဒုက္ခမထင်တဲ့ အတိုင်း သိမြင်သည်ရှိသော် ခံစားခြင်း၌ တပ်မက်ရာ မကျ တကျော နေသယ မကိန်း။

**ကြားသောခဏ**—နာ ,အသံ, ကြား,တွေ့, ခံစား, ဤ ၅-ပါး ပေါင်းဆိုသောကာလ နားကြည် နားကြည် တဲ့အတိုင်း သိမြင်သည် ရှိသော် နား၌ တပ်မက်ရာမ ကျ တကျောနေသယမကိန်း၊ အသံထင် အသံထင်တဲ့အ တိုင်း သိမြင်သည်ရှိသော် အသံ၌ တပ်မက်ရာမကျ တ ကျောနေသယမကိန်း၊ သောတဝိညာဏ်ကြား ကြားတဲ့အ တိုင်း သိမြင်သည်ရှိသော် ကြားခြင်း၌ တပ်မက်ရာမကျ တကျောနေသယမကိန်း၊ ဖဿတွေ့ တွေ့တဲ့အကိုင်း သိမြင် သည်ရှိသော် တွေ့ခြင်း၌ တပ်မက်ရာမကျ တကျောနေသ ယမကိန်း၊ သုခထင် သုခထင်တဲ့အတိုင်း,ဒုက္ခထင် ဒုက္ခ ထင်တဲ့အကိုင်း, သုခဒုက္ခမထင် သုခဒုက္ခမထင်တဲ့အ ကိုင်း သိမြင်သည်ရှိသော်ခံစားခြင်း၌ တပ်မက်ရာမကျ တကျောနေသယမကိန်း။

**နံသောခဏ**—နှာ,အနံ့,နံ,တွေ့,ခံစား,ဤ ၅-ပါး ပေါင်းဆိုသောကာလ နှာကြည် နှာကြည်တဲ့အတိုင်း သိမြင်သည် ရှိသော် နှာ၌တပ်မက်ရာမကျ တကျောနေသ ယမကိန်း၊ အနံ့ထင် အနံ့ထင်တဲ့အကိုင်း သိမြင်သည်

ရှိသော်အနံ့၌ တပ်မက်ရာမကျ တဏှာနုသယမကိန်း၊ ဃာနဝိညာဏ်နံ့ နံ့တဲ့အကိုင်း သိမြင်သည် ရှိသော် နံခြင်း၌ တပ်မက်ရာမကျ တဏှာနုသယမကိန်း၊ ဖဿတွေ့ တွေ့တဲ့အတိုင်း သိမြင်သည်ရှိသော် တွေ့ခြင်း၌ တပ်မက်ရာမကျ တဏှာနုသယမကိန်း၊ သုခထင် သုခထင်တဲ့အတိုင်း, ဒုက္ခထင် ဒုက္ခထင်တဲ့အတိုင်း, သုခဒုက္ခမထင် သုခဒုက္ခမထင်တဲ့အတိုင်း, သိမြင်သည်ရှိသော် ခံစားခြင်း၌ တပ်မက်ရာမကျ တဏှာနုသယမကိန်း။

**စားသောခဏ**—လျှာ,အရသာ, စား,တွေ့,ခံစား၍ ၅-ပါး ပေါင်းဆုံသော ကာလ လျှာကြည် လျှာကြည်တဲ့အကိုင်း သိမြင်သည် ရှိသော် လျှာ၌ တပ်မက်ရာမကျ တဏှာနုသယ မကိန်း၊ အရသာထင် အရသာထင်တဲ့အကိုင်း သိမြင်သည်ရှိသော် အရသာ၌တပ်မက်ရာမကျ တဏှာနုသယ မကိန်း၊ ဇိဝှါဝိညာဏ်စား စားတဲ့အကိုင်း သိမြင်သည်ရှိသော် စားခြင်း၌ တပ်မက်ရာမကျ တဏှာနုသယမကိန်း၊ ဖဿတွေ့ တွေ့တဲ့အတိုင်း သိမြင်သည်ရှိသော်တွေ့ခြင်း၌ တပ်မက်ရာမကျ တဏှာနုသယမကိန်း၊ သုခထင် သုခထင်တဲ့အတိုင်း, ဒုက္ခထင် ဒုက္ခထင်တဲ့အတိုင်း, သုခဒုက္ခမထင် သုခဒုက္ခမထင်တဲ့အတိုင်း သိမြင်သည်ရှိသော် ခံစားခြင်း၌တပ်မက်မကျ

တကျော့နသယမကိန်း။

**ထိသောခဏ**–ကိုယ်,အတွေ့,ထိ, တွေ့,ခံစား,ဤ ၅-ပါး ပေါင်းဆုံသောကာလ ကိုယ်ကြည် ကိုယ်ကြည်တဲ့ အတိုင်း သိမြင်သည်ရှိသော် ကိုယ်၌ တပ်မက်ရာမကျ တကျော့နသယမကိန်း၊ အတွေ့ထင် အတွေ့ထင်တဲ့အ တိုင်း သိမြင်သည်ရှိသော် အတွေ့၌ တပ်မက်ရာမကျ တကျော့နသယမကိန်း၊ ကာယဝိညာဏ်ထိ ထိတဲ့အ တိုင်း သိမြင်သည်ရှိသော် ထိခြင်း၌ တပ်မက်ရာမကျ တကျော့နသယမကိန်း၊ဖဿတွေ့ တွေ့တဲ့အတိုင်း သိမြင် သည်ရှိသော် တွေ့ခြင်း၌ တပ်မက်ရ မကျ တကျော့နသ ယမကိန်း၊ သုခထင် သုခထင်တဲ့အတိုင်း, ဒုက္ခထင်ဒုက္ခ ထင်တဲ့အတိုင်း, သုခဒုက္ခမထင် သုခဒုက္ခ မထင်တဲ့အ တိုင်း သိမြင်သည်ရှိသော် ခံစားခြင်း၌ တပ်မက်ရာမကျ တကျော့နသယမကိန်း။

**သိသောခဏ**–မနော,သဘော, သိ, တွေ့,ခံစား, ဤ ၅-ပါး ပေါင်းဆုံသော ကာလမနောကြည် မနော ကြည်တဲ့အတိုင်း သိမြင်သည်ရှိသော် မနော၌တပ်မက် ရာမကျ တကျော့နသယ မကိန်း၊သဘောထင် သဘော ထင်တဲ့အတိုင်း သိမြင်သည်ရှိသော် သဘော၌ တပ် မက်ရာမကျ တကျော့နသယမကိန်း၊ မနောဝိညာဏ်သိ သိတဲ့အတိုင်း သိမြင်သည်ရှိသော် သိခြင်း၌ တပ်မက်

ရာမကျ တကျာနုသယမကိန်း၊ ဖဿတွေ့ တွေ့တဲ့အတိုင်း သိမြင်သည်ရှိသော် တွေ့ခြင်း၌ တပ်မက်ရာမကျ တကျာနုသယမကိန်း၊ သုခထင် သုခထင် တဲ့အတိုင်း ဒုက္ခထင် ဒုက္ခထင်တဲ့အတိုင်း, သုခဒုက္ခမထင် သုခဒုက္ခမထင်တဲ့အတိုင်း( ဝိပဿနာဖြင့်ရှုင်း ဝိပဿနာမှ လာသော မဂ်ဖြင့်ရှင်း) သိမြင်သည်ရှိသော် ခံစားခြင်း၌ တပ်မက်ရာမကျ တကျာနုသယမကိန်း။

မဟာသင္ဃာယတနသုတ္တပါဠိ။ ၊ စက္ခုံစ ခေါ ဘိက္ခဝေ ဇာနံ ပဿံ ယထာဘူတံ ရူပေ ဇာနံ ပဿံ ယထာဘူတံ၊ စက္ခုဝိညာဏံ ဇာနံ ပဿံ ယထာဘူတံ။ စက္ခုသမ္ဖဿံ ဇာနံ ပဿံ ယထာဘူတံ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ, ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တမ္ပိ ဇာနံ ပဿံ ယထာဘူတံ။ စက္ခုသ္မိံ နသာရဇ္ဇတိ။ ရူပေသု နသာရဇ္ဇတိ၊ စက္ခုဝိညာဏေ နသာရဇ္ဇတိ၊ စက္ခုသမ္ဖဿေ နသာရဇ္ဇတိ၊ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ, ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ တသ္မိံပိ နသာရဇ္ဇတိ။

(၂) သောတံ ဘိက္ခဝေ ဇာနံ ပဿံ ယထာဘူတံ၊
(၃) ဃာနံ ဘိက္ခဝေ ဇာနံ ပဿံယထာဘူတံ။......
(၄) ဇိဝှံ ဘိက္ခဝေ ဇာနံ ပဿံ ယထာဘူတံ။
(၅) ကာယံ ဘိက္ခဝေ ဇာနံ ပဿံ ယထာဘူတံ။

(၆) မနံ ဘိက္ခဝေ ဇာနံ ယထာဘူတံ၊ ဓမ္မေ ဇာနံ ပဿံ ယထာဘူတံ။ မနောဝိ ညာဏံ ဇာနံ ပဿံ ယထာဘူတံ။ မနောသမ္ဖဿံ ဇာနံ ပဿံ ယထာဘူတံ။ ယမိဒံ မနောသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ, ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တမ္ပိ ဇာနံ ပဿံ ယထာဘူတံ မနသ္မိံ နသာရဇ္ဇတိ၊ ဓမ္မေသု နသာရဇ္ဇတိ။ မနောဝိညာဏေ နသာရဇ္ဇတိ မနောသမ္ဖဿေ နသာရဇ္ဇတိ၊ ယမိဒံ မနောသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ၊ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ။ တသ္မိံပိ နသာရဇ္ဇတိ။

အမှာစကား။ ။ 'နသာရဇ္ဇတိ—မတပ်မက် (တပ်မက်ရာမကျ)'' ဟူသောစကားဖြင့် ''ဝိပဿနာခဏ၌ တဒင် တဒင်အားဖြင့် ပရိယုဋ္ဌာန်ငြိမ်းခြင်း, ယင်းသို့ပရိယုဋ္ဌာန်ငြိမ်းသဖြင့် အသစ်အနုသယ မကိန်းခြင်း, မဂ်ခဏ၌ သမုစ္ဆေဒအားဖြင့် အဟောင်းအနုသယ ပျောက်ခြင်းတို့ကို မြတ်စွာဘုရား ဟောတော်မူ၏ဟု မှတ်ယူပါ ''သစ္စာစတု ရှာမှုရေးရာ'' အခန်း၌ ထိုသဘော ထင်ရှားလတံ့။

**မြင်သောခဏ**—ချက်စိ, အဆင်း, မြင်, တွေ့, ခံစား, ဤ ၅-ပါး၌ မတပ်မက်သော အလေ့သဘော ရှိသည် ဖြစ်၍၊ မတွေဝေသော အလေ့သဘော ရှိသည်ဖြစ်၍၊ ဘဝတဖန်နှင့် မယှဉ်သော အလေ့သဘော ရှိသည် ဖြစ်၍၊ တပ်မက်နှစ်သက်ဘွယ်ဟု မရှုသော အလေ့သ

ဘောရှိသည် ဖြစ်၍ နေသောထိုသူ့အား ဥပါဒါန်တရား ၄-ပါးတို့၏ အာရုံ ဖြစ်ကုန်သော ၅-ပါးသော ခန္ဓာတို့သည် နောင်တဖန်အသစ်၊ ဘဝမဖြစ်သောအလိုအားဖြင့်၊ ချုပ်ငြိမ်းခြင်းသို့ ရောက်ကြကုန်၏၊ တပ်မက်ရာမကျ တဏှာနုသယသည်လည်း တဖန်အသစ်ဘဝကို မဖြစ်စေတတ်သော အလေ့သဘော ရှိ၏၊ ဒိဋ္ဌိဖြင့် နှစ်သက်တတ်သော နန္ဒီရာဂ ပရိယုဋ္ဌာန်လောဘနှင့်တကွမဖြစ်၊ ထိုထိုအာရုံဘုံဘဝသို့ရှေ့ရှုနှစ်သက်တတ်သော အလေ့သဘောမရှိ၊ ထိုတပ်မက်ရာမကျ တဏှာနုသယသည်လည်း ထိုသူ့အား ကွယ်ပျောက်၏။

**ကြားသောခဏ**-နား၊ အသံ၊ ကြား၊ တွေ့၊ ခံစား၊ ဤ ၅-ပါး၌ မတပ်မက်သော အလေ့သဘောရှိသည် ဖြစ်၍ မဖွဲ့ဝေသော အလေ့သဘောရှိသည် ဖြစ်၍၊ ဘဝတဖန်နှင့်မယှဉ်သော အလေ့သဘောရှိသည်ဖြစ်၍ တပ်မက်နှစ်သက်ဘွယ်ဟု မရှုသော အလေ့သဘောရှိသည် ဖြစ်၍ နေသော ထိုသူ့အား ဥပါဒါန်တရား ၄-ပါးတို့၏ အာရုံဖြစ်ကုန်သော ၅-ပါးသော ခန္ဓာတို့သည် နောင်တဖန်အသစ် ဘဝမဖြစ်သောအလိုအားဖြင့် ချုပ်ငြိမ်းခြင်းသို့ ရောက်ကြကုန်၏၊ တပ်မက်ရာမကျ တဏှာနုသယသည်လည်း တဖန်အသစ်

ဘ၀ကို မဖြစ်စေတတ်သောအလေ့သဘောရှိ၏၊ ပီတိဖြင့် နှစ်သက်တတ်သော နန္ဒီရာဂပရိယုဋ္ဌာန် လောဘနှင့် တကွမဖြစ်၊ ထိုထိုအာရုံဘုံဘ၀သို့ ရှေးရှု နှစ်သက်တတ်သော အလေ့သဘောမရှိ၊ ထိုတပ်မက်ရာမကျ တဏှာနုသယ သည်လည်း ထိုသူ့အား ကွယ်ပျောက်၏။

**နံ့သောခဏ**—နှာ,အနံ့,နံ့,တွေ့, ခံစား,ဤ ၅-ပါး၌မတပ်မက်သော အလေ့သဘော ရှိသည် ဖြစ်၍၊ မတွေ့ဝေသော အလေ့သဘောရှိသည် ဖြစ်၍၊ ဘ၀တဖန်နှင့် မယှဉ်သောအလေ့သဘောရှိသည် ဖြစ်၍၊ တပ်မက်နှစ်သက်ဘွယ်ဟု မရှုသော အလေ့သဘောရှိသည် ဖြစ်၍ နေသောထိုသူ့အား ဥပါဒါန်တရား ၄-ပါးတို့၏ အာရုံဖြစ်ကုန်သော ၅-ပါးသော ခန္ဓာတို့သည် နောင်တဖန်အသစ်ဘ၀ မဖြစ်သော အလိုအားဖြင့် ချုပ်ငြိမ်းခြင်းသို့ ရောက်ကြကုန်၏၊ တပ်မက်ရာမကျ တဏှာနုသယသည်လည်း တဖန် အသစ်ဘ၀ကို မဖြစ်စေတတ်သော အလေ့သဘောရှိ၏၊ ပီတိဖြင့် နှစ်သက်တတ်သော နန္ဒီရာဂပရိယုဋ္ဌာန် လောဘနှင့် တကွမဖြစ်၊ ထိုထိုအာရုံဘုံဘ၀သို့ ရှေးရှုနှစ်သက်တတ်သော အလေ့သဘောမရှိ၊ ထိုတပ်မက်ရာမကျ တဏှာနုသယသည်လည်း ထိုသူအား ကွယ်ပျောက်၏။

**စားသောခဏ**-လျှာ,အရသာ,စား,တွေ့,ခံစား, ဤ ၅-ပါး၌ မတပ်မက်သော အလေ့သဘော ရှိသည် ဖြစ်၍၊ မတွေဝေသော အလေ့သဘောရှိသည် ဖြစ်၍ ဘဝဘဖန်နှင့် မယှဉ်သော အလေ့သဘော ရှိသည် ဖြစ်၍ တပ်မက်နှစ်သက်ဘွယ်ဟု မရှုသော အလေ့သ ဘောရှိသည် ဖြစ်၍ နေသော ထိုသူ့အား ဥပါဒါန်တ ရား ၄-ပါးတို့၏ အာရုံဖြစ်ကုန်သော ၅-ပါးသော ခန္ဓာတို့သည် နောင်တဖန်အသစ်ဘဝ မဖြစ်သောအ လိုအားဖြင့် ချုပ်ငြိမ်းခြင်းသို့ ရောက်ကြကုန်၏၊ တပ် မက်ရာမကျ တဏှာနုသယ သည်လည်း တဖန်အသစ် ဘဝကို မဖြစ်စေတတ်သော အလေ့သဘော ရှိ၏၊ ဝိဘဲဖြင့် နှစ်သက်တတ်သော နန္ဒီရာဂပရိယုဋ္ဌာန်လော ဘနှင့် တကွမဖြစ်၊ ထိုထိုအာရုံဘုံဘဝသို့ ရှေးရှုနှစ် သက်တတ်သော အလေ့သဘောမရှိ၊ ထိုတပ်မက်ရာ မကျ တဏှာနုသယ သည်လည်း ထိုသူအား ကွယ် ပျောက်၏။

**ထိသောခဏ**-ကိုယ်,အတွေ့,ထိ,တွေ့, ခံစား, ဤ ၅-ပါး၌ တပ်မက်သော အလေ့သဘောရှိသည် ဖြစ် ၍၊ မတွေဝေသော အလေ့သဘောရှိသည် ဖြစ်၍၊ ဘဝတဖန်နှင့် မယှဉ်သော အလေ့သဘော ရှိသည် ဖြစ်၍ တပ်မက်နှစ်သက်ဘွယ်ဟု မရှုသော အလေ့သ

ဘောရှိသည် ဖြစ်၍ နေသော ထိုသူ့အား ဉပါဒါန်တရား ၄-ပါးတို့၏ အာရုံဖြစ်ကုန်သော ၅-ပါးသော ခန္ဓာတို့သည် နောင်တဖန် အသစ်ဘဝ မဖြစ်သောအလိုအားဖြင့် ချုပ်ငြိမ်းခြင်းသို့ ရောက်ကြကုန်၏၊ တပ်မက်ရာမကျ တဏှာနုသယသည်လည်း တဖန်အသစ်ဘဝကိုမဖြစ်စေတတ်သော အလေ့သဘောရှိ၏။ ပီတိဖြင့် နှစ်သက်တတ်သော နန္ဒီရာဂပရိယုဋ္ဌာန် လောဘနှင့် တကွမဖြစ်၊ ထိုထိုအာရုံဘုံဘဝသို့ ရှေးရှုနှစ်သက်တတ်သော အလေ့သဘောမရှိ၊ ထိုတပ်မက်ရာမကျ တဏှာနုသယ သည်လည်း ထိုသူအား ကွယ်ပျောက်၏။

**သိသောခဏ**-မနော, သဘော, သိ, တွေ့, ခံစား ဤ ၅-ပါး၌ မတပ်မက်သော အလေ့သဘော ရှိသည် ဖြစ်၍ မတွေဝေသော အလေ့သဘော ရှိသည် ဖြစ်၍ ဘဝတဖန်နှင့် မယှဉ်သော အလေ့သဘော ရှိသည် ဖြစ်၍၊ တပ်မက်နှစ်သက်ဘွယ်ဟု မရှုသော အလေ့သဘောရှိသည်ဖြစ်၍ နေသော ထိုသူ့အား ဉပါဒါန်တရား၄-ပါးတို့၏အာရုံဖြစ်ကုန်သော ၅-ပါးသောခန္ဓာတို့သည် နောင်တဖန် အသစ်ဘဝ မဖြစ်သော အလိုအားဖြင့် ချုပ်ငြိမ်းခြင်းသို့ ရောက်ကြကုန်၏။ တပ်မက်ရာမကျ တဏှာနုသယသည်လည်း တဖန်အသစ် ဘဝ

ကို မဖြစ်စေတတ်သော အလေ့သဘောရှိ၏၊ ပီတိဖြင့် နှစ်သက်တတ်သော နန္ဒီရာဂပရိယုဋ္ဌာန် လောဘနှင့် တကွမဖြစ်၊ ထိုထိုအာရုံဘုံဘဝသို့ ရှေးရှုနှစ်သက်တတ်သော အလေ့သဘောမရှိ၊ ထိုတပ်မက်ရာမကျတဏှာနုသယ သည်လည်း ထိုသူ့အား ကွယ်ပျောက်၏။

**မဟာသဠာယတနသုတ္တပါဠိ**။ ။တဿ အသာရတ္တဿ အသံယုတ္တဿ အသံမုဠှဿ အာဒီနဝါနုပဿိနော ဝိဟရတော အာယတိံ ပဉ္စုပါဒါနက္ခန္ဓာ အပစယံ ဂစ္ဆန္တိ၊........တဏှာစဿ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာ ဘိနန္ဒိနီ၊ သာစဿ ပဟီယျတိ။

ဤသို့ မြင်,ကြား,နံ့,စား,ထိ,သိ အားဖြင့် တပ်မက်ရာမကျ တဏှာနုသယ ချုပ်ငြိမ်းသော ထိုသူ့အား ထက်မြက် စူးရှ အခံရခက်သော ကိုယ်ပူလောင်ခြင်း စိတ်ပူလောင်ခြင်း တို့သည်လည်း ချုပ်ငြိမ်းကုန်၏။ ထိုထက်ပင် ထက်မြက် စူးရှ အခံရခက်သော ကိုယ်ပူပန်းခြင်း စိတ်ပူပန်းခြင်းတို့သည်လည်း ချုပ်ငြိမ်းကုန်၏၊ ထိုထက်လွန်စွာ ထက်မြက် စူးရှ အခံရခက်သော ကိုယ်ပူအိုက်ခြင်း စိတ်ပူအိုက်ခြင်း တို့သည်လည်း ချုပ်ငြိမ်းကုန်၏၊ ထိုသို့ ကိုယ်စိတ် ပူလောင်ခြင်း ပူ

ပန်ခြင်း ပူအိုက်ခြင်း ပျောက်ကင်းသူအား ကိုယ်၌ ဖြစ်သော ချမ်းသာ စိတ်၌ဖြစ်သော ချမ်းသာကိုအမြဲ ခံစားရလေဘော့သည်။

**မဟာသဠာယတနသုတ္တပါဠိ**။ ။တဿ ကာယိကာပိ ဒရထာ ပဟိယျန္တိ, စေတသိကာပိ ဒရထာ ပဟိယျန္တိ၊ ကာယိကာပိ သန္တာပါ ပဟိယျန္တိ, စေတသိကာပိသန္တာပါ ပဟိယျန္တိ၊ကာယိကာပိ ပရိဠာဟာ ပဟိယျန္တိ, စေတသိကာပိ ပရိဠာဟာ ပဟိယျန္တိ .... သော ကာယိကံ သုခံပိ, စေတသိကံ သုခံပိ ပဋိသံဝေဒေတိ။

## လားရန်ဂတိ ကြိုတင်သိရန်

လောဘဇံ ဒေါသဇံ ကမ္မံ, မောဟဇံ ဝါ အဝိဒ္ဒသု
ယံ ယေန ပကတံ ကမ္မံ, အပ္ပံ ဝါ ယဒိ ဝါ ဗဟုံ၊
ဣဓေဝ တံ ဝေဒနီယံ, ဝတ္ထုံ အညံ န ဝိဇ္ဇတိ။

ယော-အကြင်သူသည်၊လောဘဇံ ကမ္မံ ဝါ=လောဘကြောင့်ဖြစ်, ကံအညစ်ကိုရင်း၊ ဒေါသဇံကမ္မံဝါ-ဒေါသကြောင့်ဖြစ်, ကံအညစ်ကိုရင်း၊ မောဟဇံကမ္မံဝါ-မောဟကြောင့်ဖြစ်, ကံအညစ်ကိုရင်း၊ အဝိဒ္ဒသု-အရိယာအကျင့်, အသိဖြင့် မမှတ်သောကြောင့် မသိ (ဝါ) ပုထုဇဉ်အကျင့်, အထင်ဖြင့် မှတ်သောကြောင့် မသိ၊ တဿ-ထိုသူအား၊ အပ္ပံ ဝါ ယဒိ=နည်းသည်ပင်

ဖြစ်စေ၊ ဗဟုံဝါယဒိ- များသည်ပင်ဖြစ်စေ၊ ယံကမ္မံ= အကြင်ကံသည်၊ တေန-ထိုလောဘ,ဒေါသ, မောဟ ဖြင့်၊ ပကတံ—ပြီးစီး၏၊ ဝေဒနီယံ—ခံစားအပ်သောအ ကျိုးရှိသော၊ တံကမ္မံ-ထိုကံသည်၊ ဣဓေဝ—(ဣမိသံ သမ္ဘသ္မိံဒုဂ္ဂတိယံဃေင )အလုံးစုံဘုံဘဝ,၌ဒုဂ္ဂတိဌာန ၌သာလျှင်၊ ဝတ္ထု-တည်ရာဝတ္ထုသည်၊ ဝိဇ္ဇတိ—ရှိ၏၊ အညံ— (အညသ္မိံ သုဂတိယံ)—အလုံးစုံဘုံဘဝ,ဒုဂ္ဂ တိဌာနမှတပါး,နိဗ္ဗာန်ဟူသော သုဂတိဌာန၌၊ဝတ္ထု— တည်ရာဝတ္ထုသည်။ နဝိဇ္ဇတိ—မရှိချေ။

## ဒုဂ္ဂတိဌာန-စွန့်ချနိုင်ရေး

တသ္မာ လောဘဉ္စ ဒေါသဉ္စ, မောဟဉ္စာပိ သဝိဒ္ဒသု၊
ဝိဇ္ဇံ ဥပ္ပါဒယံ ဘိက္ခု,သဗ္ဗာ ဒုဂ္ဂတိယော ဇဟေ။

တသ္မာ- ထိုသို့လောဘ ဒေါသ, မောဟကြောင့် ဖြစ် ကံအညစ်ကို,စင်စစ်မသိက,ဒုဂ္ဂတိဌာနသို့,ဧကန်သွ လားရမည်ဖြစ်သောကြောင့်၊ လောဘဉ္စ-လောဘကို ၎င်း၊ ဒေါသဉ္စ—ဒေါသကို၎င်း၊ မောဟဉ္စ- မောဟကို ၎င်း ယောဘိက္ခု- အရိယာအကျင့်, အသိဖြင့်မှတ် ကာ,သံသရာရေး,ဘေးဟုရှုသောအကြင်ယောဂီသည် ဝိဒ္ဒသု ကိလေသာဟူသမျှ, ဖြစ်ခွင့်မရသဖြင့်,ပဟာန အနေ,ပျောက်လေသည်ကို သိ၏၊ သောဘိက္ခု—အရိ

ယာအကျင့်, အသိဖြင့်မှတ်ကာ, သံသရာရေး, ဘေး ဟုရှုသော ထိုယောဂီသည်။ ဝိဇ္ဇံ-အသိဉာဏ်မင်ဝိဇ္ဇာကို၊ ဥပ္ပါဒယံ– (ဥပ္ပါဒယန္တော) ဖြစ်စေလျက်၊သဗ္ဗာ ဒုဂ္ဂတိယော– အလုံးစုံ ဘုံဘဝ, ဒုဂ္ဂတိဌာနတို့ကို၊ ဇဟေ=ပယ်နိုင်လှန်နိုင်, စွန့်လွှတ်နိုင်ရာ သတည်း။···· ပေဋကောပဒေသ။

## ပမာဒ အပ္ပမာဒရေးရာ

**အပ္ပမာဒေါ အမတံ ပဒံ,**
**အမာဒေါ မစ္စုနော ပဒံ၊**
**အပ္ပမတ္တာ နမီယန္တိ,**
**ယေ ပမတ္တာ ယထာ မတာ။**

အပ္ပမာဒေါ-မမေ့သူသည်၊အမတံ-မသေခြင်းသို့၊ ပဒံ–ရောက်ခြင်းတည်း၊ ပမာဒေါ-မေ့သူသည်၊ မစ္စုနော-သေခြင်းသို့၊ ပဒံ- ရောက်ခြင်းတည်း၊ ယေ ပမတ္တာ=အကြင် မေ့သူတို့သည်၊မတာယထာ=သေကုန်သကဲ့သို့၊ တေ အပ္ပမတ္တာ- ထိုမမေ့သူတို့သည်၊ နမီယန္တိ–မသေကုန်။

## မေ့သူ ပမာဒအသေများ

သာဝကယောဂီအား ပရေတော ယောသရစေ မဟာကရုဏာတော်ခြွေလျက် ဒေသကအစစ် ဖြစ်တော်

မှုသော မြတ်စွာဘုရား၏ (ဓမ္မပဒ)စကားတော်၌—
ပမာဒ-အရမေ့သူဟူသည်အဘယ်သူများပါနည်းဟု မေး၊ အဖြေကား-ပမာဒ-အရ မေ့သူဟူသည် ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်၌၎င်း ကာမဂုဏ် ၅-ပါးတို့၌၎င်း စိတ်ကိုလွှတ်ထားသူ, လွှတ်ထားခြင်း၌ အားအဆင့်ဆင့်ပေးသူ, ကုသိုလ်တရား ပွားစေခြင်း၌ ရိုရိုသေသေ မပြုသူ, မပြတ်မသပ်မပြုသူ, တည်တည်တန့်တန့် မပြုသူ, တွန့်တိုဆုတ်နစ်စွာ ပြုသူ, ကုသိုလ်ပြုရန် လွှတ်ချထားသောဆန္ဒရှိသူ, မဂ်ဖိုလ်ရရန် အကျင့်မှန်ကို မကျင့်သူ, အကျင့်မှန်ကို မပွားစေသူ, အကျင့်မှန်ကို ကြိမ်ဖန်များစွာ အလေ့အလာ မပြုသူများတည်း၊ ဤသူအပေါင်းကို ''မေ့သူ ပမာဒ အသေများ''ဟု ခေါ်ရပါသည်။

## မမေ့သူ-အပ္ပမာဒအရှင်များ

အပ္ပမာဒ-အရ မမေ့သူ ဟူသည် အဘယ်သူများ ပါနည်း-ဟုမေး၊ အဖြေကား-အပ္ပမာဒ-အရ မမေ့သူ ဟူသည် ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်၌ ၎င်းကာမဂုဏ်၅-ပါးတို့၌၎င်း စိတ်ကိုလွှတ်မထားသူ, လွှတ်ထားခြင်း၌ အားအဆင့်ဆင့်မပေးသူ, ကုသိုလ် တရား ပွားများခြင်း၌ ရိုရိုသေသေပြုသူ, မပြတ်မလပ်

ပြုသူ, တည်တည်တန့်တန့်ပြုသူ, ထက်သန်ရှင်လန်းစွာ ပြုသူ, ကုသိုလ်ပြုရန် လွှတ်ချထားသော ဆန္ဒရှိသူ,မဂ် ဖိုလ်ရရန် အကျင့်မှန်ကို ကျင့်သူ, အကျင့်မှန်ကို ပွား စေသူ, အကျင့်မှန်ကို ကြိမ်ဖန်များစွာ အလေ့အလာ ပြုသူများတည်း၊ ဤသူအပေါင်းကို "မမေ့သူ—အပ္ပ မာဒ အရှင်များ"ဟု ခေါ်ပါသည်။

## သေရ,မသေရ,အကြောင်းပြ

မေ့သူတွေ အဘယ်ကြောင့် သေရသနည်း။ မမေ့ သူတွေ အဘယ်ကြောင့် မသေရသနည်း—ဟုမေး၊ အ ဖြေကား- မေ့သူတွေမှာ တဖန်ဘဝ ရှိသောကြောင့် သေရပါသည်၊ မမေ့သူတွေမှာ တဖန်ဘဝမရှိသော ကြောင့် မသေရပါ။

## တဖန်ဘဝ ဘာကြောင့်ရှိ

မေ့သူတွေမှာ အဘယ်ကြောင့် တဖန်ဘဝရှိပါသ နည်း-ဟုမေး၊ အဖြေကား-မေ့သူတွေမှာ ပုထုဇဉ်အ ကျင့် အထင်ဖြင့်သာမှတ်သော အလေ့အလာရှိသော ကြောင့် တဖန်ဘဝ ရှိပါသည်။

ထင်ရှားစေပါအံ့။ "ပုထုကိလေသေ ဇနေတီတိ ပုထုဇနော"နှင့်အညီ ကိလေသာများစွာကို ဖြစ်စေ သူ (လက်ခံသူ, သိမ်းပိုက်သူ,ရယူသူ, မတွန်းလှန်သူ;

မပယ်သူ, ဖြစ်ခွင့်ပေးသူ) သည် ပုထုဇဉ် မည်၏၊ ဝိပဿနာကို အားမထုတ်သူသည် ပုထုဇဉ် မည်၏-ဟူလို၊ ပုထုဇဉ်သည်ပုထုဇဉ်တို့၏နည်း အထင်ဖြင့်သာ (ငါ-သူ- ကျား- မ- ခြေ- လက်- မျက်နှာ- ရင်-ဝမ်း-သွား—မေး- နှုတ်ခမ်း-ပြုံး-ရယ်-စူ- ဆောင့် စသော အစွဲအထင်ဖြင့်သာ, မြင်ခြင်း-ကြားခြင်း- နံခြင်း-စားခြင်း-ထိခြင်း-သိခြင်း-တို့၌ဝိပါက်ကာလ ဇောကာလ အာရုံမကွဲမှု၍ အပေါင်းလိုက် အထင်ဖြင့်) မှတ်၏၊ ယင်းသို့အထင်ဖြင့်သာ မှတ်သောကြောင့်တဖန်ဘဝကို ဖြစ်စေတတ်သောနန္ဒီမည်သောသံယောဇဉ်နှောင်ကြိုးသည် ဖွဲ့ချည်၏၊ မပြည်ချေ၊ ယင်းသို့ မပြည်ခြင်းကြောင့် ရုပ်နာမ်နှင့် ကိလေသာ တကွဲဘပြား အပိုင်းအခြား မဖြစ်ဘဲ ရောနှောလေ၏။

မူလပရိယာယသုတ္တပါဠိ။ ။ဣဓ ဘိက္ခဝေ အသုတဝါ ပုထုဇ္ဇနော အရိယာနံ အဒဿာဝီ, အရိယဓမ္မဿ အကောဝိဒေါ, အရိယဓမ္မေ အဝိနီတော, သပ္ပုရိသာနံ အဒဿာဝီ, သပ္ပုရိသဓမ္မဿ အကောဝိဒေါ, သပ္ပုရိသဓမ္မေ အဝိနီတော ဒိဋ္ဌံ ဒိဋ္ဌတော သဉ္ဇာနာတိ၊ ဒိဋ္ဌံ ဒိဋ္ဌတော သညတွာဒိဋ္ဌံ မညတိ၊ "ဒိဋ္ဌသ္မိံ မညတိ, ဒိဋ္ဌတော မညတိ, ဒိဋ္ဌံမေတိ" မညတိ၊ ဒိဋ္ဌံ အဘိနန္ဒတိ၊ တံကိဿ ဟေတု အပရိညာတံ

တဿာတိ ဝဒါမိ။

ဘိက္ခဝေ-ရဟန်းတို့၊ ဣဓ-ဤငါဘုရား သာသနာတော်၌၊ အသုတဝါ-အကြားအမြင် မရှိသော၊ ပုထုဇ္ဇနော-ယောဂီ မတွင် ပုထုဇဉ်သည်၊ အရိယာနံ အဒဿာဝီ-အရိယာတို့၏ ဝိပဿနာမှု ရုပ်နာမ်ကိုရှုလေ့မရှိသည်ဖြစ်၍၊ အရိယဓမ္မဿ အကောဝိဒေါ-အရိယာတို့၏ ဝိပဿနာတရား၌ လိမ္မာသောဉာဏ် မရှိသည်ဖြစ်၍။ အရိယဓမ္မေ အဝိနီတော-အရိယာတို့၏ဝိပဿနာအကျင့်တရားဖြင့် ကိလေသာကို ပယ်သောဉာဏ် မရှိသည်ဖြစ်၍၊ သပ္ပုရိသာနံ အဒဿာဝီ-ကိလေသာငြိမ်းအေးသော သူတော်ကောင်းတို့၏ ဝိပဿနာမှု ရုပ်နာမ်ကို ရှုလေ့မရှိသည်ဖြစ်၍၊ သပ္ပုရိသဓမ္မဿ အကောဝိဒေါ-ကိလေသာ ငြိမ်းအေးသော သူတော်ကောင်းတို့၏ ဝိပဿနာတရား၌ လိမ္မာသောဉာဏ် မရှိသည်ဖြစ်၍၊သပ္ပုရိသဓမ္မေအဝိနီတော-ကိလေသာ ငြိမ်းအေးသော သူတော်ကောင်းတို့၏ ဝိပဿနာအကျင့် တရားဖြင့် ကိလေသာကို ပယ်သောဉာဏ်မရှိသည်ဖြစ်၍၊ ဒိဋ္ဌံဒိဋ္ဌတော သမနုပဿတိ-မြင်ခြင်းကို မြင်ခြင်းဟု အထင်ဖြင့်မှတ်၏၊ ဒိဋ္ဌံဒိဋ္ဌတော သညတွာ-မြင်ခြင်းကို မြင်ခြင်းဟု အထင်ဖြင့် မှတ်၍၊ ဒိဋ္ဌံမညတိ-မြင်ခြင်းကို ထင်မှတ်၏၊ (ကိံ မညတိ-အဘယ်သို့ ထင်

မှတ်သနည်း၊) ဒိဋ္ဌသို့ — မြင်ခြင်း (အပေါင်း၌) ဒိဋ္ဌ— ဝိပါက်ကာလတစ်ပ်မြင်ခြင်းကို၊ မေတိ-ခဇာကာသတ စ်ပ်မြင်ခြင်းက ငါ-ငါဉစ္စာ—ဟု၊ မညတိ-ထင်မှတ်၏၊ ဒိဋ္ဌ ၁တာ-မြင်ခြင်း၊(အခပေါင်း) မှ၊ ဒိဋ္ဌ-ဝိပါက်ကာလ တစ်ပ်မြင်ခြင်းကို၊ မေတိ-ဇောကာသဘစ်ပ်မြင်ခြင်းက ငါငါဉစ္စာဟု၊မညတိ-ထင်မှတ်၏၊ဇူတိ-ဤသို့ ဒိဋ္ဌ-မြင် ခြင်း(အပေါင်း)ကို၊မညတိ-ထင်မှတ်၏၊အဘိနန္ဒတိ— နှစ်သက်၏၊ တံကိဿဟေတု အဘယ်အကြောင်း ကြောင့်၊အဘိနန္ဒတိ နှစ်သက်သနည်း၊တဿ-ထိုယောဂီ မတွင်,ပုထုဇဉ်အား၊ဒိဋ္ဌအပရိညာတံ မြင်ခြင်းကိုကိ လေသာနှင့် ရောစပ်,အသိအမှတ်ဖြင့် မပိုင်းခြားအပ်၊ တေန-ကိလေသာနှင့် ရောစပ်, အသိအမှတ်ဖြင့်, မပိုင်းခြားအပ်သော ထိုအကြောင်းကြောင့်၊ အဘိနန္ဒ တိ-နှစ်သက်၏၊ ဇူတိဝဒါမိ- ဤသို့ငါဘုရား ဟော ကြားတော်မူ၏။

ကြားခြင်း—နံ—စား—ထိ—သိခြင်းတို့၏ ပါဠိသာကောကို မူလပဏ္ဏာ သ—မူလပရိယာယသုတ်၌ ရှုပါလေတော့၊

## မေ့ပုံပမာဒ ၄—မျိုး

ပမာဒသည်မူလအားဖြင့်အဘယ်မျှရှိပါသနည်း ဟု မေး၊ အဖြေကား=ပမာဒသည် တကျာမူလပမာဒ ၃— ပါး,အဝိဇ္ဇာမူလပမာဒတပါးအားဖြင့်၄ပါးရှိပါသည်

ခွဲဦးအံ့- မရသေးတာကို(မရသေးသော အိုး—အိမ် တိုက်-တာ၊လယ်-ယာ-ရွှေ—ငွေ၊ကြွက်သရေအာဏာ စသည်ကို) ရှာနေသဖြင့် သိရမည့်ရုပ်နာမ်အာရုံ "ဥဒယ”နှင့်ယင်းရုပ်နာမ်အာရုံ၏ ချုပ်ပျက်ခြင်း "ဗ္ဗာန”ကိုမသိ ခြင်း ၁-ပါး, ရပြီးတာကို (မယုတ်မလျော့အောင် မပျက်စီးအောင် ရန်သူလက်မရောက်အောင်) စောင့် ရှောက်နေသဖြင့် "ဥဒယ-ဗ္ဗာန”ကို မသိခြင်း၁-ပါး, ရပြီးတာကို ခံစား (သုံးဆောင်-အားရ-ကြေနပ်-ယစ် မေ့)နေသဖြင့် "ဥဒယ-ဗ္ဗာန”တို့ မသိခြင်း ၁-ပါး, အားဖြင့်ဤမသိခြင်း၃ ပါးသည်တဏှာအရင်းရှိသော မေ့ခြင်း ဖြစ်သောကြောင့် တဏှာမူလ ပမာဒမည် ၏၊ပျက်ထာမမြဲတာသည်ရုပ်နာမ်သင်္ခါရ ဟုထင်သော သတိ မှတ်သောသတိ မရှိ၍ မသိခြင်းသည် အဝိဇ္ဇာ အရင်းရှိသော မေ့ခြင်းဖြစ်သောကြောင့် အဝိဇ္ဇာမူလ ပမာဒမည်၏၊ ထို့ကြောင့် ပမာဒသည် မူလအားဖြင့် ၄ ပါးရှိ၏။ [အဝိဇ္ဇာမူလပမာဒ၌ "ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေ နသမ္ပာဒေထ”ကိုထောက်။]

## တဖန်ဘဝ ဘာကြောင့်မရှိ

မမေ့သူတွေမှာ အဘယ်ကြောင့် တဖန်ဘဝ မရှိ ပါသနည်းမေး၊အဖြေကား-မမေ့သူတွေမှာအရိယာ

အကျင့် အသိဖြင့်မှတ်သော အလေ့ အကျင့်ရှိသော ကြောင့် တဖန်ဘဝမရှိပါ၊

ထင်ရှားစေပါအံ့-"အဘိညေယျေ အဘိဇာနန္တော ဣမာတိဿော သိက္ခာယော သိက္ခတိ" ဟူသော ပဋိသမ္ဘိဒါမဂ်နှင့်အညီ အမှတ်ဖြင့် သိအပ်သော အဘိညေယျ) တရား ရုပ်နာမ် ၂—ပါးတို့ကို အမှတ်ဖြင့်သိနေသော ပုထုဇဉ်သည် (လောကုတ္တရာသို့ မရောက်သေးသော်လည်း) သီလ သမာဓိ ပညာ ၃-သိက္ခာတို့ကို "ကျင့်သူ—သေက္ခ"မည်၏။ ဝိပဿနာ အလုပ်ကို အားထုတ်သူသည် သေက္ခမည်၏- ဟူလို၊ သေက္ခပုဂ္ဂိုလ်သည် အရိယာတို့၏နည်း အသိအမှတ်ဖြင့်သာ မှတ်၏၊ယင်းသို့ အသိအမှတ်ဖြင့်သာ မှတ်ခြင်းကြောင့် တဖန်ဘဝကို ဖြစ်စေတတ်သော နန္ဒီမည်သော သံယောဇဉ် နှောင်ကြိုးမဖွဲ့မချည်,ပြည့်၏၊ ယင်းသို့ ပြည့်ခြင်းကြောင့် နာမ်ရုပ်နှင့် ကိလေသာ တကွဲတပြား အပိုင်းအခြားဖြစ်လျက် မရောမနှောချေ၊

**မူလပရိယာယသုတ္တပါဠိ။** ။ယော ပိ သော ဘိက္ခဝေ ဘိက္ခု သေခေါ အပ္ပတ္တမာနသော အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနော, ဝိဟရတိ၊ သောပိ-၊ပေ၊-ဒိဋ္ဌံ ဒိဋ္ဌတော အဘိဇာနာတိ၊ ဒိဋ္ဌံဒိဋ္ဌတော အဘိညာယ" ဒိဋ္ဌံ မာမညိ၊ ဒိဋ္ဌသ္မိံ မာမညိ၊ ဒိဋ္ဌတော မာမညိ၊ ဒိဋ္ဌံ

မေတိ မာမညိ၊ ဒိဋ္ဌံ မာဘိနန္ဒတိ။ တံ ကိဿဟေတု၊ ပရိညေယျံ တဿာတိ ဝဒါမိ။

ဘိက္ခဝေ-ဘိက္ခုတို့၊ ဘိက္ခု-ယောဂီအစစ်၊ ဘိက္ခုဖြစ်သော၊ ယောပိ သော သေခေါ-ပုထုဇဉ်အမည်ရ, အကြင်သေက္ခသည်လည်း၊ အနုတ္တရံ- လောကုတ္တရာသို့၊ အပတ္တမာနသော- မရောက်သေးသော ပုထုဇဉ်စိတ် ရှိသည်ဖြစ်၍၊ ယောဂက္ခေမံ—နိဗ္ဗာန်ကို၊ ပတ္ထယမာနော-တောင့်တသည်ဖြစ်၍၊ ဝိဟရတိ-နေ၏၊သောပိသေခေါ—ယောဂီအစစ်, ဘိက္ခုအဖြစ်ထင်, ပုထုဇဉ်အမည်ရ, ထိုသေက္ခသည်လည်း၊—၊ပေ၊—ဒိဋ္ဌံဒိဋ္ဌတော အဘိဇာနာတိ-မြင်ခြင်းကို မြင်ခြင်းဟု အမှတ်ဖြင့်သိ၏၊ ဒိဋ္ဌံဒိဋ္ဌတော အဘိညာယ-မြင်ခြင်းကို မြင်ခြင်းဟု အမှတ်ဖြင့်သိ၍၊ ဒိဋ္ဌံမာမညိ—မြင်ခြင်းကို မထင်မှတ်၊ (ကိံမးမညိ-အဘယ်သို့ မထင်မှတ်သနည်း၊)ဒိဋ္ဌသ္မိံ-မြင်ခြင်း(အပေါင်း)၌၊ ဒိဋ္ဌံ-ဝိပါက်ကာလ, တစိပ်မြင်ခြင်းကို၊ မေတိ-ဇောကာလ, တစိပ်မြင်က ငါ-ငါဉစ္စာဟု၊ မာမညိ-မထင်မှတ်၊ ဒိဋ္ဌတော—မြင်ခြင်း(အပေါင်း)မှ၊ ဒိဋ္ဌံ—ဝိပါက်ကာလ, တစိပ်မြင်ခြင်းကို၊ မေတိ—ဇောကာသ,တစိပ်မြင်ခြင်းက ငါငါဉစ္စာဟု၊ မာမညိ—မထင်မှတ်၊ ဉာတိ—ဤသို့၊ ဒိဋ္ဌံ—မြင်ခြင်း(အပေါင်း)ကို၊ မာမညိ—မထင်မှတ်၊ မာဘိနန္ဒတိ—မနှစ်

သက်၊ တံ ကိဿယဟေတု— အဘယ်အကြောင်းကြောင့် မာဘိနန္ဒတိ— မနှစ်သက်သနည်း၊ တဿ—ယောဂီအ စစ်,ဘိက္ခုအဖြစ်သင်, ပုထုဇဉ်အမည်ရ, ထိုသေက္ခ အား၊ ဒိဋ္ဌံပရိညေယျံ-မြင်ခြင်းကို ကိလေသာနှင့်မစပ်, အသိအမှတ်ဖြင့်, ပိုင်းခြားအပ်၏၊ တေန—ကိလေသာ နှင့်မစပ်,အသိအမှတ်ဖြင့် ပိုင်းခြားအပ်သော ထိုအ ကြောင်းကြောင့်၊ မာဘိနန္ဒတိ—မနှစ်သက်၊ ဣတိဝဒါ မိ—ဤသို့ငါဘုရားဟောကြားတော်မူ၏။

ကြားခြင်း—နံ—စား—ထိ—သိ—ခြင်းတို့၏ ပါဠိသာဓကကို မူလပရိ ယာယသုတ်၌ ရှုပါလေတော့။

## နေတ္တိမိန့်ဟ ပမာဒ

**ကိုယ်ကို ကိုယ်ဟုမရှုမူ၍ နေသည်ရှိသော်**-အသု ဘကို သုဘဟု ဖေါက်ပြန်သော သုဘသညာကို မစွန့်၊ ကဗဠီကာရအာဟာရလည်း ထိုသုဘသညာနှင့် ရော နှော၏၊ ပိုင်းခြားခြင်းသို့မရောက်၊ ကာမုပါဒါန်ဖြင့် ဥပါဒါန်ရှိ၏၊ ကာမယောဂနှင့်လည်း ယှဉ်၏၊ အ ဘိဇ္ဈာကာယ ဂန္ထနှင့်လည်း ယှဉ်၏၊ ကာမာသဝဖြင့် လည်း အာသဝေါရှိ၏၊ ကာမောဃကိုလည်း မလွန်၊ ရာဂသလ္လမှလည်း မကင်း၊ ရူပဝိကာဝိညာဏ ဋ္ဌိတိ လည်း ထိုရာဂသလ္လနှင့် ရောနှော၏၊ ပိုင်းခြားခြင်းသို့

မရောက်၊ ရူပဓာတ်၌လည်း ထိုသူ၏ ရာဂမပျောက်၊ ဆန္ဒာဂတိသို့လည်း လိုက်၏။

**ဝေဒနာကို ဝေဒနာဟုမရှုမှု၍ နေသည်ရှိသော်** ဒုက္ခကို သုခဟုဖေါက်ပြန်သော သုခသညာကို မစွန့်၊ ဖဿအဟာရလည်း ထိုသုခသညာနှင့် ရောနှော၏၊ ပိုင်းခြားခြင်းသို့ မရောက်၊ ဘဝုပ ါဒါန်ဖြင့်လည်း ဥပါဒါန်ရှိ၏၊ ဘဝယောဂနှင့်လည်း ယှဉ်၏၊ ဗျာပါဒကာယဂန္ထနှင့်လည်း ယှဉ်၏၊ ဘဝါသဝဖြင့်လည်း အာသဝေါရှိ၏၊ ဘဝေါဃကိုလည်း မလွှန်၊ ဒေါသသလ္လမှလည်း မကင်း၊ ဝေဒနုပိကာဝိညာဏဋ္ဌိတိလည်း ထိုဒေါသသလ္လနှင့် ရောနှော၏၊ပိုင်းခြားခြင်းသို့မရောက်၊ ဝေဒနာဓာတ်၌လည်း ထိုသူအား ရာဂမပျောက်၊ဒေါသာဂတိသို့လည်း ရောက်၏။

**စိတ်ကိုစိတ်ဟုမရှုမှု၍ နေသည်ရှိသော်** အနိစ္စကို နိစ္စဟုဖေါက်ပြန်သော နိစ္စသညာကို မစွန့်၊ဝိညာဏ်လည်း ထိုနိစ္စသညာနှင့် ရောနှော၏၊ ပိုင်းခြားခြင်းသို့ မရောက်၊ဒိဋ္ဌုပါဒါန်ဖြင့်လည်း ဥပါဒါန်ရှိ၏၊ဒိဋ္ဌိယောဂနှင့်လည်း ယှဉ်၏၊ သီလဗ္ဗတပရာမာသကာယဂန္ထနှင့်လည်း ယှဉ်၏၊ ဒိဋ္ဌာသဝဖြင့်လည်း အာသဝေါရှိ၏၊ ဒိဋ္ဌောဃကိုလည်း မလွန်၊ မာနသလ္လမှလည်း မကင်း။ သညုပိကာဝိညာဏဋ္ဌိတိလည်း ထိုမာနသလ္လ

နှင့် ရောနှော၍၊ ပိုင်းခြားခြင်းသို့ မရောက်၊ သညာခတ်၌လည်း ထိုသူအား ရာဂမပျောက်၊ ဘယာဂတိသို့လည်း ရောက်၏။

**သဘော၌ သဟောဟုမရှုမှု၍ နေသည်ရှိသော်** ငါမဟုတ်သည်ကို ငါဟုဖေါက်ပြန်သော အတ္တသညာကိုမစွန့်၊ မနောသဉ္စေကနာလည်း ထိုအတ္တသညာနှင့်ရောနှော၍၊ ပိုင်းခြားခြင်းသို့ မရောက်၊ အတ္တဝါဒုပါဒါန်ဖြင့်လည်း ဥပါဒါန်ရှိ၏၊ အဝိဇ္ဇာ ယောဂနှင့်လည်း ယှဉ်၏၊ ဣဒံသစ္စာဘိနိဝေသကာယ ဂန္ထနှင့်လည်း ယှဉ်၏၊ အဝိဇ္ဇာသဝဖြင့်လည်း အာသဝေါရှိ၏၊ အဝိဇ္ဇောဃကိုလည်း မလွန်၊ မောဟသလ္လမှလည်း မကင်း၊ သဲ်ါချုပိကဝိညာဏဋ္ဌိတိလည်း ထိုမောဟသလ္လနှင့်ရောနှော၍၊ပိုင်းခြားခြင်းသို့မရောက်၊ သင်္ခါရခေတ်၌လည်း ထိုသူအား ရာဂမပျောက်၊မောဟဂတိသို့လည်း ရောက်၏။

## နေတ္တိမိန့်ဟ အပ္ပမာဒ

**ကိုယ်ကို ကိုယ်ဟုရှု၍ နေသည်ရှိသော်** အသုဘကို သုဘဟုဖေါက်ပြန်သော သုဘသညာကို စွန့်၏၊ ကဗဠီကာရအာဟာရလည်း ထိုသုဘသညာနှင့်မရောနှော၊ ပိုင်းခြားခြင်းသို့ ရောက်၏၊ ကာမုပါဒါန်ဖြင့်

လည်း ဥပါဒါန်မရှိ၊ ကာမယောဂနှင့်လည်း မယှဉ်၊ အဘိဇ္ဈာကာယဂန္ထနှင့်လည်း မယှဉ်၊ ကာမာသဝ ဖြင့်လည်း အာသဝေါမရှိ၊ ကာမောဃကိုလည်းလွန် ၏၊ ရာဂသလ္လမှလည်း ကင်း၏၊ ရူပပိကာဝိညာဏ ဋ္ဌိတိလည်း ထိုရာဂသလ္လနှင့် မရောနှော၊ ပိုင်းခြားခြင်း သို့ ရောက်၏၊ ရူပခေတ္တ်၌လည်း ထိုသူ၏ ရာဂပျောက် ၏၊ ဆန္ဒာဂတိသို့လည်း မလိုက်။

**ဝေဒနာကို ဝေဒနာဟုရှု၍ နေသည်ရှိသော်** ဒုက္ခကို သုခဟုဖေါက်ပြန်သော သုခသညာကိုစွန့်၏၊ ဖဿအာဟာရလည်း ထိုသုခသညာနှင့် မရောနှော၊ ပိုင်းခြားခြင်းသို့ ရောက်၏၊ ဘဝုပါဒါန်ဖြင့်လည်း ဥပါ ဒါန်မရှိ၊ ဘဝယောဂနှင့်လည်းမယှဉ်၊ ဗျာပါဒကာယ ဂန္ထနှင့်လည်း မယှဉ်၊ ဘဝါသဝဖြင့်လည်း အာသ ဝေါမရှိ။ ဘဝေါဃကိုလည်း လွန်၏၊ ဒေါသသလ္လမှ လည်း ကင်း၏၊ ဝေဒနုပိကာဝိညာဏဋ္ဌိတိလည်း ထို ဒေါသသလ္လနှင့် မရောနှော၊ ပိုင်းခြားခြင်းသို့ ရောက် ၏၊ ဝေဒနာခေတ္တ်၌လည်း ထိုသူအား ရာဂပျောက် ၏၊ ဒေါသာဂတိသို့လည်း မရောက်။

**စိတ်ကိုစိတ်ဟုရှု၍ နေသည်ရှိသော်** အနိစ္စကို နိစ္စဟုဖေါက်ပြန်သော နိစ္စသညာကို စွန့်၏၊ ဝိညာဏ် လည်း ထိုနိစ္စသညာနှင့် မရောနှော၊ ပိုင်းခြားခြင်းသို့

ရောက်၏၊ ဒိဋ္ဌုပါဒါန်ဖြင့်လည်း ဥပါဒါန်မရှိ၊ ဒိဋ္ဌိယောဂနှင့်လည်း မယှဉ်၊ သီလဗ္ဗတပရာမာသကာယဂန္ထနှင့်လည်း မယှဉ်။ ဒိဋ္ဌာသဝဖြင့်လည်း အာသဝေါမရှိ၊ ဒိဋ္ဌောဃကိုလည်း လွန်၏၊ မာနသလ္လမှလည်း ကင်း၏၊ သညုပိကာဝိညာဏဋ္ဌိတိလည်း ထိုမာနသလ္လနှင့် မရောနှော၊ ပိုင်းခြားခြင်းသို့ ရောက်၏၊ သညာခေတ်၌လည်း ထိုသူအား ရာဂပျောက်၏၊ ဘယာဂတိသို့လည်းမရောက်။

**သဘောကို သဘောဟုရှု၍ နေသည်ရှိသော်** ငါမဟုတ်သည်ကို ငါဟုဖေါက်ပြန်သော အတ္တသညာကို စွန့်၏၊ မနောသဉ္စေတနာလည်း ထိုအတ္တသညာနှင့် မရောနှော၊ ပိုင်းခြားခြင်းသို့ ရောက်၏၊ အတ္တဝါဒုပါဒါန်ဖြင့်လည်း ဥပါဒါန်မရှိ၊ အဝိဇ္ဇာယောဂနှင့်လည်း မယှဉ်၊ ဣဒံသစ္စာဘိနိဝေသကာယဂန္ထနှင့်လည်းမယှဉ်၊ အဝိဇ္ဇာသဝဖြင့်လည်း အာသဝေါမရှိ၊ အဝိဇ္ဇောဃကိုလည်း လွန်၏၊ မောဟသလ္လမှလည်း ကင်း၏၊ သင်္ခါရုပိကာဝိညာဏဋ္ဌိတိလည်း ထိုမောဟသလ္လနှင့် မရောနှော၊ ပိုင်းခြားခြင်းသို့ ရောက်၏၊ သင်္ခါရခေတ်၌လည်း ထိုသူအား ရာဂပျောက်၏၊ **မောဟဂတိသို့လည်းမရောက်။** [နေတ္တိပါဠိတော် ဆဋ္ဌသံဂါယနာမူ စာမျက်နှာ ၇၀ ရင်းကိုပင် ပဋိလောမပြန်လျှင်ပမာဒ၏သာဓကဖြစ်လေတော့သည်]

## ပမာဒ အပ္ပမာဒ ဆောင်ပုဒ်များ

၁—ဒုစရိုက် ၁၀=ပါး,၅ပါးအာရုံ,ကာမဂုဏ်,စိတ်မှာခြုံတာက ပမာဒ+ဒုစရိုက်၁၀ ပါး,၅-ပါးအာရုံ, ကာမဂုဏ်, စိတ်မှာမခြုံတာက အပ္ပမာဒ၊

၂—ဒုစရိုက်မနား, ကာမဂုဏ်ပွား, အား အဆင့်ဆင့်ပေးတာကပမာဒ+ဒုစရိုက် နား, ကာမဂုဏ်မပွါး အားတဆင့် မပေးတာက အပ္ပမာဒ။

၃(ဒါန=သီလ-ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန,ဓမ္မသဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ) ဒသကုသိုလ်,ပြုမှုကို, မရှိသေတာက ပမာဒ+ဒသကုသိုလ်, ပြုမှုကို,ရှိသေတာက အပ္ပမာဒ။

၄-ကုသိုလ်ကျင့်ဝတ်, ယွင်းချွတ်ချွတ်, ပြတ်ပြတ်လပ်လပ်ပြုတာက ပမာဒ+ ကုသိုလ်ကျင့်ဝတ်, ယွင်းမချွတ်, မပြတ်မလပ်ပြုတာက အပ္ပမာဒ။

၅-ကာလတာရှည်, ကု=ဆယ်လီ, တည်တန့်စွာမပြုတာက ပမာဒ+ကာလတာရှည်, ကု=ဆယ်လီ,တည်တန့်စွာ ပြုတာက အပ္ပမာဒ။

၆—ဆယ်ပါးကုသိုလ်,ပြုမှုကို, တွန့်တိုဆုတ်နစ်ထာက ပမာဒ+ဆယ်ပါးကုသိုလ်,ပြုမှုကို, မတွန့်တို မဆုတ်နစ်တာက အပ္ပမာဒ။

၇=ကုသိုလ် ၁၀ တန်, ပြုဘို့ရန်, ဆန္ဒမရှိတာက ပမာဒ+ကုသိုလ် ၁၀ တန်,ပြုဘို့ရန်, ဆန္ဒရှိတာက အပ္ပမာဒ။

၈—မင်္ဂိုလ်ရရန်, အကျင့်မှန်, အမြန်မကျင့်တာက ပမာဒ+ခင်္ဂိုလ်ရရန်, အကျင့်မှန် အမြန်ကျင့်တာက အပ္ပမာဒ။

၉—အကျင့်မှန်တရား, ရပ်မနား, မပွားစေတာက ပမာဒ+အကျင့်မှန်တရား, ရပ်မနား, ပွားစေတာက အပ္ပမာဒ။

၁၀=ဘရားအကျင့်မှန်,ကြိမ်ဖန်ဖန်,စွဲရန်မလေ့လာ တာက ပမာဒ+ဘရားအကျင့်မှန်, ကြိမ်ဖန်ဖန်, စွဲရန် လေ့လာဘာက အပ္ပမာဒ။

၁၁-ပုထုဇဉ်အကျင့်,အထင်ဖြင့်,အမှတ်နှင့်ယှဉ်တာ က ပမာဒ+အရိယာအကျင့်, အသိဖြင့်, အမှတ်နှင့် ယှဉ်တာက အပ္ပမာဒ။

၁၂-ဘဝတဖန်နှင့်ယှဉ်, သံခယာဇဉ်, မမြင်မသိ တာက ပမာဒ+ဘဝတဖန်နှင့်ယှဉ်,သံခယာဇဉ်,အမြင် အသိက အပ္ပမာဒ။

၁၃-ရုပ်နှင့်နာမ်မှာ, ကိလေသာ,ရောနှောတာက ပမာဒ+ရုပ်နှင့်နာမ်မှာ, ကိလေသာ, မရောတာက အပ္ပမာဒ။

၁၄—ဖြစ်ခွင့်ကိလေ, မပယ်နေ, ခေါ်လေ ပမာဒ ဖြစ်ခွင့်ကိလေ,ပယ်လှန်နေ, ခေါ်လေအပ္ပမာဒ၊

၁၅-မရသေးတာ, ရှာမှီကာဖြင့်, ဥဒယျ-ဌာန, မသိက တဏှာမူလ ပမာဒ+ရပြီးသည့်ဟာ, စောင့်ရှောက်ကာဖြင့်, ဥဒယျ-ဌာန, မသိက, တဏှာမူလ ပမာဒ+ရပြီးသည့်ဟာ, ခံစားကာဖြင့်, ဥဒယျ-ဌာန, မသိက, တဏှာမူလပမာဒ+ပျက်ထာမမြဲတာ,ရုပ်နာမ်သာဟု, ထင်မှုကင်းပ, မသိက, အဝိဇ္ဇာမူလပမာဒ၊

၁၆- ကိုယ်ကို ကိုယ်ဟု,စိတ်ကို စိတ်ဟု,ဝေဒနာကို ဝေဒနာဟု, သဘောကို သဘောဟု, မရှုမသိက,ပမာဒ-တဖန်ဘဝ ရရှိရေး။

၁၇—ကိုယ်ကို ကိုယ်ဟု,စိတ်ကို စိတ်ဟု, ဝေဒနာကို ဝေဒနာဟု,သဘောကို သဘောဟု,အရှုအသိက အပ္ပမာဒ-တဖန်ဘဝ မရှိရေး။

က-ဘဖန်ဘဝ,အရှိက မုချ အသေလမ်း။
ခ—ဘဖန်ဘဝ,မရှိက, မုချ မသေလမ်း။

**မေ့မှု, မမေ့မှု အနုသာသနီ**

**ပမာဒံ ဘယတော ဒိသွာ, .... ....,**
**အပ္ပမာဒဉ္စ ခေမတော။ .... .... ....,**
**ဘာဝေထဋ္ဌင်္ဂိကံမဂ္ဂံ .... .... ....,**
**သော ဗုဒ္ဓါနုသာသနီ။ .... .... ....။**

ဘိက္ခဝေ-အဝိဇ္ဇာနှင့်,တဏှာရင်းငုတ်, မြစ်မပြတ်၍,ယုတ်မြတ်ဘဝ, ဇာတိရလျက်, အိုရနာရ သေကြရသည့်, ဘဝခရီးသည် အို......ယောဂီတို့၊ တုမှေ—သင်တို့သည်၊ ပမာဒံ-ကုသိုလ်အငွေ့, မြဲမတွေ့ဘဲ,မေ့မေ့လျော့လျော့, နေကြောင်း ဖြစ်သော အကုသိုလ်စိတ္တုပ္ပါဒ်ကို၊ ယဘာတော-တွင်း-ပ-၂-တန်, ဘေးမျိုးရန်ကို, ဧကန်ဆောင်တတ်၏ဟူ၍၊ ဒိဿာ-ရှုမြင်ကြကုန်လျက်၊ အပ္ပမာဒံ-ကုသိုလ်အငွေ့, အမြဲတွေ့လျက်, မမေ့မလျော့နေကြောင်းဖြစ်သော "သတိ"ကို၊ ခေမတော-ဘေးဟူသမျှ, ကုန်ခမ်းရသည့်, နန်းမ ခေမံ, နေရဗန်သို့, ဧကန်ပို့ဆောင်တတ်၏ဟူ၍၊ ဒိဿာ-ရှုမြင်ကြကုန်လျက်။ အဋ္ဌင်္ဂိကံမဂ္ဂံ-ရှစ်ပါးအင်္ဂါ, ပြည့်စုံစွာသော "အရိယမဂ်"ကို၊ မဂ္ဂံ- ယင်း အရိယမဂ်ရကြောင်းဖြစ်သော "ပုဗ္ဗဘာဂသတိပဋ္ဌာန်မဂ်"—ကို၊ ဘာဝေထ-မိမိသန္တာန်မှာ, အဖန်ဖန် ဖြစ်စေကြကုန်လော၊ သော-ပမာဒမလိုက်, ဖြစ်ခိုက်ဖြစ်ဆဲ,ရုပ်နာမ်ထဲ၌, လွန်လွန်ကဲကဲ, စွဲမြဲတည်ရှိ, သတိပဋ္ဌာနမဂ်, မပျက်အောင်ပွားဟူသော ဤစကားသည်ကား၊ မုဒ္ဒါနုသာသနီ—မြတ်စွာဘုရားတို့၏, နည်းပေးလမ်းပြအဆုံးမတော်ပေတည်း၊ ["မဂ္ဂေါတိစနိပ္ပရိယာယေနလောကုတ္တရမဂ္ဂေါ ဝေဒိတဗ္ဗော၊ တဒုပါယတ္တာ ပန ပုဗ္ဗဘာဂမဂ္ဂေါ"စသည်ဖြင့်

ဆိုသော ''မဟာဋီကာ''နှင့်အညီ မှချအားဖြင့် လောကုတ္တရာ အရိယ မဂ်ကို ''မဂ်''ဟု သိအပ်၏။ ယင်းအရိယမဂ်ကို ရကြောင်းဖြစ်သော ကြောင့် ပုဗ္ဗဘာဂမဂ်—(သတိပဋ္ဌာနမဂ် ကို ''မဂ်''ဟုပင် သိအပ်၏၊ အရိယမဂ်သည်တကြိမ်သာဖြစ်၍ ပုဗ္ဗဘာဂမဂ်ကား အကြိမ်များစွာဖြစ် လေရာ ''ဘာဝေတိတိ ဝဍ္ဎေတိ၊ အတ္တနော သန္တာနေ ပုနပ္ပုနံ ဇနေတိ တိ အတ္ထော''ဟူသော သမ္မောဟဝိနောဒနီအဋ္ဌကထာနှင့်ညီစွာ ''မဂ္ဂံ—သတိပဋ္ဌာ နမဂ်ကို၊ ဘာဝေထ—မိမိသန္တာန်မှာ, အဖန်ဖန်ဖြစ်စေကြကုန်လော'' ဟု အနက်ပေးသည်၊ ကံ–၂–ခုအရ ကာရိက်ပစ္စည်း တခု အကြေ ကြံရာ၏။]

## လမ်းနှစ်တွေသိလျက်,ဝိဝေကဖက်

အညာဟိ လာဘူပနိသာ
အညာ နိဗ္ဗာနဂါမိနီ၊
ဧတံ ဉတွာ ယထာဘူတံ
ဘိက္ခု ဗုဒ္ဓဿ သာဝကော၊
သက္ကာရံ နာဘိနန္ဒေယျ,
ဝိဝေက မနုဗြူဟယေ။

ဘိက္ခဝေ-ဘဝခရီးသည်, အို—ယောဂီတို့။ လာ ဘူ=ပနိသာ-ဘဝ-ကာမဂုဏ်, လာဘ်မျိုးစုံနှင့်,ဂုဏ် ကြက်သရေ,သွေတွေ့ရရန်, အကြောင်းခံသည့်, လမ်း အမှန်သည်ကား၊ အညာဟိ- နိဗ္ဗာန်ရောက်ကြောင်း နှင့်မတူ,တမူခြင်းရာ,ပမာဒအလေ့အလာသာတည်း။ နိဗ္ဗာနဂါမိနီ- လောင်စာမရှိသော မီးသည် အလိုလို

ငြိမ်းသကဲ့သို့, ဒုက္ခ–သမုဒယ မဖြစ်ဘဲချုပ်သည့် နိဗ္ဗာန် ရောက်ရန် အကြောင်းစသည့် လမ်းအမှန် သည်ကား အညာဘယ်–အထွေထွေ ရကြောင်းနှင့် မတူ, တမူခြင်း ရာ,အပ္ပမါဒအလေ့အလာသာတည်း၊ ဧတံဒွိဓာပထ ဥတ္တာ–ထိုအကြောင်း အခြေခံ,လမ်း ၂ တန်ကို, အမှန် သိပြီး၍၊ဗုဒ္ဓဿသာဝကော ဘိက္ခု–ဗုဒ္ဓ၏တပည့်ပီသည့် ယောဂီဘိက္ခုသည်၊ သက္ကာရံ–ကောင်းချီးပြုမှု,လာဘ် နှင့် ဂုဏ်အစုစုကို၊ နာဘိနန္ဒေယျ–စိတ်ဖြင့်ပင် မနှစ် သက်ရာ၊ ဝိဝေကံ– အပေါင်းအဖော်မှ ကင်းဆိတ်၍ ကိုယ် တကိုယ်တည်းခြင်း ဟူသော ကာယဝိဝေက,နီဝရဏမှ ကင်းဆိတ်၍ စိတ် တကိုယ်တည်းခြင်း ဟူသော စိတ္တဝိဝေက, ရုပ်နာမ်အာရုံမှ ကင်းဆိတ်၍ နိဗ္ဗာန်ဘအာရုံတည်းခြင်းဟူသော ဥပဓိဝိဝေက ၃–မျိုးကို၊အနုဗြူဟယေ–တဆင့်တဆင့်,တမျှင့်မြားမြား များထက်များအောင်, ပွားစေရာသတည်း။

## သစ္စာနုလောမရေးရာ

ဒေသကဗုဒ္ဓက သာဝကယောဂီအား ပရတောဃောသ ပေးဟန်။

"**ဒေသနာအဝဝ,ဩဝါဒအသီသီ, အနုသာသနီအဖြာဖြာ, သစ္စကထာအစုစု, သစ္စာနုလောမ – မှန်သမျှ···· ပရတောဃောသ ခေါ်သတည်း**"–ဟူသောဆောင်ပုဒ်

အရ ယခုအခါ၌ "သစ္စာနုလောမ=သစ္စာ ၄ ပါးအား လျော်သည့်" ပရတောဃောသကို "အဘိညာ, ပရိညာ, ပဟာန, သစ္ဆိကရဏ, ဘာဝနာ" ပုဒ်တို့ဖြင့် နည်းပြသည့်အနေ ဖွင့်ပြပေအံ့....

## ညာတပရိညာ အဘိညာ

မြင်သောခဏ "မြင်-မြင်တယ်"-ဟု အမှတ်ပြုခြင်းသည် အကျဉ်းအားဖြင့် ရုပ်နာမ်ကိုပိုင်းခြားသည်မည်၏၊ ထိုစကားမှန်၏-မြင်သောခဏ မျက်စိက ကြည့်,အဆင်းက ထင်, စက္ခုဝိညာဏ်က မြင်, ဖဿက တွေ့, ဝေဒနာက ခံစား ဤ ၅ပါးတို့တွင် မျက်စိ ကြည်ခြင်း။ အဆင်းထင်ခြင်းကား (ကြည်သဖြင့် ဖေါက်ပြန်ခြင်း ထင်သဖြင့် ဖေါက်ပြန်ခြင်းကား) ရုပ္ပနလက္ခဏာ(ရုပ်)တည်း။ မျက်စိနှင့်ကလာပ်တူ ကမ္မဇရုပ်, အဆင်းနှင့်ကလာပ်တူ စတုဇရုပ်များ သည်လည်း တကွဖြစ်သောသဘော (သဟဇာတဋ္ဌ) အားဖြင့် ရုပ်ပင်တည်း၊မြင်ခြင်းကား နမနလက္ခဏာ (နာမ်)တည်း။ တွေ့ခြင်း, ခံစားခြင်းစသော ယှဉ်ဘက်တရား စေတသိက်များလည်း နာမ်, ပင်တည်း။ ဤသို့ မြတ်စွာဘုရားအလိုတော်အားဖြင့် မြင်သောခဏ "မြင်-မြင်တယ်" အမှတ်ပြုခြင်းသည် အကျဉ်းအားဖြင့် နာမ်ရုပ်ကို ပိုင်းခြားသည်မည်၏။

အဘယ့်ကြောင့် အကျဉ်းအားဖြင့် နာမ်ရုပ်ကိုပိုင်းခြားသည် မည်သနည်း-ဟု မေး၊ အဖြေကား-မြင်သောအခိုက် ဤနာမ်ရုပ်၌ ခဏကာလ တပြိုင်နက်ကျကာ ဖြစ်ခြင်းငှါ ထိုက်သောအတ္တဒိဋ္ဌိသည် နာမ်ရုပ်ဟူသမျှဝယ် ခဏကာလ တပြိုင်နက်ကျကာဖြစ်ခြင်းငှါ ထိုက်သောအတ္တဒိဋ္ဌိနှင့် အပယ်တူ (ဖြစ်ခွင့်မရှာဘဲ ပျောက်ခြင်းတူ)လေသည်၊ ထို့ကြောင့် အကျဉ်းအားဖြင့် နာမ်ရုပ်ကို ပိုင်းခြားသည် မည်၏။ ဤကားအဘိညာတည်း။ ဝါ-အမှတ်ဖြင့် သိခြင်းဘည်း။ ထို့ကြောင့် "ဒွေဓမ္မာ အဘိညေယျာ နာမဥ္စရူပဥ္စ"ဟု ဟောတော်မူ၏။

ဤသို့ အမှတ်ပြုသဖြင့် သိ၍ မြင်သောခဏ "မြင်-မြင်တယ်" ဟု အမှတ်ပြုသော် အကျဉ်းအားဖြင့် အကြောင်းနှင့်တကွသော နာမ်ရုပ်ကို သိမ်းဆည်းသည် မည်၏၊ ထိုစကားမှန်၏။ နာမ် ရုပ် ဖြစ်သည်ရှိသော် အကြောင်းနှင့် အကျိုးစပ်လျက်ဖြစ်၏- (အကျိုးနာမ်ရုပ်၏ ဧကုဒ္ဓါရရူပ ရုံဟူသော ပစ္စယ အကြောင်းသည် အဝိဇ္ဇာ—သင်္ခါရ-တဏှာ-ဥပါဒါန်-ကံ ဟူသော ဟေတု အကြောင်းနှင့် ဆက်စပ်လျက်ဖြစ်၏-ဟု ဆိုလိုသည်) ဖြစ်သော နာမ်ရုပ်ကို မြင်လတ်သော် ထိုနာမ်ရုပ်၏ ဟေတု အကြောင်းကိုလည်း ပစ္စယ အကြောင်းအားဖြင့် မြင်၏၊ ဤသို့ မြတ်စွာဘုရားအလိုတော်အားဖြင့်

ဤသို့ အမှတ်ပြုသဖြင့်သိ၍ မြင်သောခဏ ‘‘မြင်— မြင်တယ်’’ဟု-အမှတ်ပြုသော် အကျဉ်းအားဖြင့်အကြောင်းနှင့် တကွသော နာမ်ရုပ်ကို သိမ်းဆည်းသည်မည်၏။

အဘယ်ကြောင့် အကျဉ်းအားဖြင့် အကြောင်းနှင့် တကွသော နာမ်ရုပ်ကို သိမ်းဆည်းသည် မည်ပါသနည်း-ဟု မေး၊ အဖြေကား အကျိုး၏ အကြောင်းနှင့် စပ်ခြင်းကို လွှတ်၍ မမြင်အပ်သည်၏ အဖြစ်ကြောင့် (ဝါ)အကျိုး၏ အကြောင်းနှင့် စပ်လျက်သာ မြင်အပ်သည်၏ အဖြစ်ကြောင့် အကျဉ်းအားဖြင့် အကြောင်းနှင့် တကွသော နာမ်ရုပ်ကို သိမ်းဆည်းသည်မည်ပါ၏၊ ထို့ကြောင့် ‘‘ယံယဒေဝပစ္စယံ ပဋိစ္စဥပ္ပဇ္ဇတိ ဝိညာဏံ ဝိညာဏံ တွေဝသင်္ချံ ဂစ္ဆတိ’’ဟု-ဟောတော်မူ၏။ ဤသည်လည်း အဘိညာပင်တည်း၊

## အဘိညာ, ပရိညာ, မဟာန, သစ္ဆိကရဏ, ဘာဝနာ။

(လှေဖြင့်ကမ်းတဘက်သို့ကူးရာ၌ (က) လှေတက်ဆွဲတိုင်းဆွဲတိုင် (၁) ဝန်ကိုဆောင်မှု, (၂) ရေကိုယက်မှု, (၃) ဟိုကမ်းသို့နီးမှု, (၄) ဤကမ်းမှကွာမှု ကိစ္စ ၄-ခု တပြိုင်နက် ပြီးစီးသကဲ့သို့‘ထို့အတူ— (က) အဘိညာ— အမှတ်ဖြင့် သိတိုင်း သိတိုင်း (၁) ပရိညာယျ— ဒုက္ခအမှန်လဲ (သမုဒသနှင့်မရောဘဲ) ပိုင်းခြားမှု, (၂) ပဟာတဗ္ဗ-သမုဒသအမှန်လဲ (ဒုက္ခနှင့်မရောဘဲ) ပယ်ပျောက်မှု, (၃) သစ္ဆိကရဏ—

နိရောဓ အမှန်လဲ (ယခုအတွက်ဘော၌) ထိဆိုက်မှု, (၄) ဘာနာဝတဗ္ဗ မဂ္ဂအမှန်လဲပွားမှု ဤကိစ္စ ၄–ခုတပြိုင်နက်ပြီးစီးဟန်ကို ဉာဏ်ဖြင့်တွေးဆနိုင်ပါစေ။)

ဤသို့အမှတ်ပြုသဖြင့်သိ၍ဤညာတပရိညာမှနောက်၌ မြင်သောခဏ "မြင်-မြင်တယ်"ဟု အမှတ်ပြုသော် ဝိပဿနာကို ဉာဏ်စဉ်အတိုင်းဖြစ်စေလျက်ဝိပဿနာမှ လာသောမဂ်ဖြင့် ဒုက္ခသစ္စာကိုလည်းပိုင်းခြား၏။ သမုဒယ သစ္စာကိုလည်း ပယ်၏၊ နိရောဓ သစ္စာကိုလည်း မျက်မှောက်ပြု၏။ မဂ္ဂသစ္စာကိုလည်းပွား၏။ ထိုစကားရပ်ကို ထင်ရှားအောင်ပြုအံ့။ နာမ်ရုပ် ဖြစ်လတ်သော် နာမ်ရုပ်သက်သက်မျှသာဖြစ်သည်မဟုတ်၊စင်စစ်သော်ကား ရုပ်,ဝေဒနာ, သညာ,သင်္ခါရ, ဝိညာဏ်ဟူသော ခန္ဓာ ၅-ပါးဖြစ်၏။ ဤခန္ဓာ ၅-ပါးသည် ထင်သည် မည်၏။

## မမှတ်လျှင် တဖန်ဘဝ အသစ်ဖြစ်

**အနဘိညာယျ, အပရိညာယျ**- ခန္ဓာ ၅-ပါးထင်သည့် မြင်သောခဏ၌"မြင်-မြင်တယ်"ဟု အမှတ် မပြုသော် ဤကား ထင်ခြင်းတည်းဟု ဝိပဿနာဖြင့်မမြင်၊ ယင်းသို့မမြင်ခြင်းကြောင့်ထင်သောအာရုံဝယ် အဝိဇ္ဇာ၏ မသိသော အင်္ဂါအားဖြင့် အသစ် ယခုဖြစ်ခြင်းငှါ ထိုက်ခြင်းကြောင့် ဝဋ်မြစ် သမုဒယနှင့် ရောနှော လတ်

သော် ထိုမမြင်သူသည် ဒုက္ခသစ္စာကို ပိုင်းခြားသည် မမည်။ ယင်းသို့ မပိုင်းခြားသည့်အတွက် တဖန် ဘဝသည် ဒုက္ခသစ္စာနှင့် ရောနှောသော ဝဋ်မြစ်သမုဒယကြောင့် အသစ်ဖြစ်လေတော့သည်။

## မှတ်လျှင် တဖန်ဘဝ အသစ်မဖြစ်

**အဘိညာ, ပရိညာ**— ခန္ဓာ ၅ ပါး ထင်သည့်မြင်သောခဏ၌ "မြင်—မြင်တယ်" ဟု အမှတ်ပြုသော်ကား ဤကား ထင်ခြင်းတည်းဟုဝိပဿနာဖြင့် သာမြင်၏၊ ယင်းသို့ မြင်ခြင်းကြောင့် ထင်သော အာရုံဝယ်ဝိပဿနာ၏ သိသော အင်္ဂါအားဖြင့် အသစ်ယာခု ဖြစ်ခြင်းငှါ မထိုက်ခြင်းကြောင့် ဝဋ်မြစ်သမုဒယနှင့် မရောနှော လတ်သော် ထိုမြင်သူသည် ဒုက္ခသစ္စာကို ပိုင်းခြားသည်မည်၏။ ယင်းသို့ပိုင်းခြားသည့် အတွက် တဖန်ဘဝသည် ဒုက္ခ သစ္စာနှင့်မရောနှောသော ဝဋ်မြစ်သမုဒယကြောင့် အသစ်မဖြစ်ချေ၊ ထိုစကားမှန်၏။ဝိပဿနာဖြင့် ထင်သော ဒုက္ခသစ္စာသည် သမုဒယနှင့် မရောနှောခြင်းကြောင့် ကောတ္တမည်၏။ ဝါ- သမုဒယ အဖေါ်ကင်း တကိုယ်တည်းခြင်းမည်၏။ မှန်ပါသည်၊ သမုဒယသည် အသစ်ယာခု ဝိပဿနာ၏သိသော အင်္ဂါအားဖြင့်ဖြစ်ခြင်းငှါ မထိုက်ဘဲ, မဖြစ်ဘဲ ချုပ်လေတော့သည်။

## မမှတ်လျှင် သမုဒယ မထင်

**အနဘိညာ, အပဟာန်**- ခန္ဓာ ငါးပါး ထင်သည့် မြင်သောခဏ၌"မြင်-မြင်တယ်"ဟု အမှတ်မပြုသော် ထိုထင်ခြင်းသည် အခကြောင်းကြောင့် ဖြစ်ခြင်းတည်းဟု ဝိပဿနာဖြင့်မမြင်၊ယင်းသို့မမြင်ခြင်းကြောင့် ထိုမမြင်သူသည် ထင်သောအာရုံဝ အဝိဇ္ဇာ၏မသိသော အင်္ဂါအားဖြင့် ဒုက္ခ သစ္စာ၏ အဟောင်း ယခုပစ္စည်း ကိစ္စတပ်သော သမုဒယ သစ္စာကို ထင်အောင်ပြုသည် မမည်ချေ။

## မှတ်လျှင်သမုဒယထင်

**အဘိညာ, ပဟာန်**- ခန္ဓာ ၅-ပါးထင်သည့် မြင်သောခဏ၌"မြင်-မြင်တယ်"ဟု အမှတ်ပြုသော်ကား ထိုထင်မြင်သည် အခကြောင်းကြောင့် ဖြစ်ခြင်းတည်းဟု ဝိပဿနာဖြင့်သာမြင်၏၊ ယင်းသို့ မြင်ခြင်းကြောင့် ထိုမြင်သူသည် ထင်သောအာရုံငယ်ဝိပဿနာ၏ သိသောအင်္ဂါအားဖြင့်ဒုက္ခသစ္စာ၏အဟောင်း ယခုပစ္စည်း ကိစ္စ တပ်သော သမုဒယ သစ္စာကို ထင်အောင်ပြုသည် မည်၏။ ထိုစကားမှန်၏။ အကြောင်း ပစ္စည်းသည် ယခု ဒုက္ခ၏ အတိတ် သမုဒယ ပေတည်း။ ထို

ကြောင့် ယခု ဒုက္ခ၏ အကြောင်း ပစ္စည်းဖြစ်သော အတိတ် သမုဒယကို ဝိပဿနာ၏ သိသော အင်္ဂါအားဖြင့် ၎င်း၊ ဝိပဿနာမှလာသောမဂ်အားဖြင့်၎င်း၊ မပယ်အပ်ချေ၊ စင်စစ်သော်ကား ယခုဒုက္ခ၏ လက်သည်-သမုဒယဟု ထင်ရှံမှုသာတည်း။ ထို့အတူအနာဂတ်သမုဒယကို ပစ္စုပ္ပန် သမုဒယကို ဝိပဿနာ၏ သိသော အင်္ဂါအားဖြင့်၎င်း၊ ဝိပဿနာမှ လာသော မဂ်အားဖြင့် ၎င်း၊ မပယ်အပ်ချေ၊ စင်စစ်သော်ကား ယခု ဒုက္ခ၏ လက်သည် သမုဒယဟု ထင်ရှံမှုသာတည်း။

အဘယ့်ကြောင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟူသော သမုဒယ ၃-မျိုးကို ဝိပဿနာဖြင့် မဂ်ဖြင့် မပယ်အပ်ပါသနည်း -ဟု မေး၊ အဖြေကား= အတိတ်, အနာဂတ်,ပစ္စုပ္ပန်,ဟူ၍သံသရာဘဝစက်အတွင်းဝယ် ကာလ ၃-ခု အပေါင်း၌ ရေတွက်အပ်သောကြောင့် ကာလ ၃ ပါးနှင့်ယှဉ်သော သမုဒသ ၃ မျိုးကို ဝိပဿနာဖြင့် မဂ်ဖြင့်မပယ်အပ်ပါ၊ စင်စစ်သော်ကား ကာလ ၃-ခု အပေါင်း၌ ဖြစ်ခြင်းငှါထိုက်သော(ဥပ္ပန္နာရဟ) သမုဒယကိုမရေတွက် အပ်ချေ။

## မမှတ်လျှင် နိဗ္ဗာန်ကိုမမြင်

**အနဘိညာ, အသန္တိကရဏ**-ခန္ဓာ ၅-ပါးထင်သည့် မြင်သော ခဏ၌ "မြင်-မြင်တယ်" အမှတ် မပြုသော်

ဤကားထင်ခြင်းတည်းဟု ဝိပဿနာဖြင့်မမြင်။ ထိုထင်ခြင်းသည် အကြောင်းကြောင့် ဖြစ်ခြင်းတည်းဟုလည်း ဝိပဿနာဖြင့်မမြင်၊ ယင်းသို့မမြင်ခြင်းကြောင့် ဝိပဿနာ၏ အဆုံး၌ ဝိပဿနာမှ လာလော မဂ်ဖြင့်အကြင်ခန္ဓာ ၅ပါးထင်၏။ ထိုထင်သော ခန္ဓာ ၅-ပါးကို အကြောင်းမဖြစ်ဘဲချုပ်ခြင်းကြောင့် အကျိုးမဖြစ်ဘဲ ချုပ်သောသဘောတည်းဟုလည်းမမြင်ချေ။

## မှတ်လျှင် နိရောဓကိုမြင်

**အဘိညာ သန္တိကရဏာ**—ခန္ဓာ ၅-ပါးထင်သည့် မြင်သောခဏ၌ "မြင်-မြင်တယ်" ဟု အမှတ်ပြုသော် ကား၊ ဤကားထင်ခြင်း တည်းဟုလည်း ဝိပဿနာဖြင့် မြင်၏။ ထိုထင်ခြင်းသည် အကြောင်းကြောင့် ဖြစ်ခြင်း တည်းဟုလည်း ဝိပဿနာဖြင့်ပင်မြင်၏။ ယင်းသို့ မြင်ခြင်းကြောင့် ဝိပဿနာ၏ အဆုံး၌ ဝိပဿနာမှလာသောမဂ်ဖြင့် အကြင်ခန္ဓာငါးပါးထင်၏။ ထိုထင်သော ခန္ဓာ ၅ပါးကို အကြောင်းမဖြစ်ဘဲ ချုပ်ခြင်းကြောင့် အကျိုးမဖြစ်ဘဲချုပ်သော သဘောတည်းဟုလည်း မြင်လေတော့သည်။

(**ရှင်းလင်းချက်**) ဤအရာ၌ဒါန၌ အကြောင်းဟူသောအာဟာရသည် ကဗဠီကာရအကြောင်း, ဖဿာဟာရအကြောင်း,

စေတနာဟာရအကြောင်း, ဝိညာဏာဟာရ အကြောင်းအား ဖြင့် ၄-ပါး ပြားသော်လည်း တပါးတပါးသော အဟာရ၏ နိရောဓနှင့် ယှဉ်ခြင်းကြောင့် "အကြောင်းဟူသမျှ ဖြစ်ခွင့် မရ သော သဘော (သမုဒယ မဟာနေကဥ္စ)" အားဖြင့် ဘဝစက် ၏ ဝဋ်မြစ်သမုဒယ ချုပ်သည့်တိုင်အောင် အကြောင်းအ ဆက်ဆက်ချုပ်ခြင်းကို 'အကြောင်းချုပ်-(အာဟာရနိရောဓ' ဟူ၍ ဆိုရသည်။ ထိုချုပ်သော အကြောင်း၏ ဖြစ်ရာဌာနဘုံသို့ ကျသော ဝိပဿနာဖြင့် ပိုင်းခြားအပ်သည့် ထင်သောအာရုံ၌ မဂ်ဖြင့် ပယ်ခြင်းကြောင့် တဖန်မကိန်း၊ ငြိမ်းသောအလိုအား ဖြင့် နောင်ဖြစ်ခြင်း၄ါ မထိုက်သော ကာလလွတ်မဖြစ်ဘဲ ချုပ် ခြင်းသည် ကေန်ရှိ၏၊ ထိုမဖြစ်ဘဲချုပ်ခြင်းကို ထိုထင်သောအာ ရုံဝယ် "အကြောင်းချုပ်(အာဟာရနိရောဓ)" ဟူ၍ဆိုရသည်။ ထို့ကြောင့် အကြင်ခန္ဓာ ၅-ပါးထင်၏။ ထိုထင်သော ခန္ဓာ ၅-ပါးကို အကြောင်းမဖြစ်ဘဲချုပ်ခြင်းကြောင့် အကျိုးမဖြစ်ဘဲ ချုပ်သောသဘောတည်းဟုလည်း မြင်လေတော့သည်။

**ဆက်ဦးအံ့**—ဖြစ်ရာဌာနဘုံသို့ ကျသော ဝိပဿနာဖြင့်ပိုင်း ခြားအပ်သည့် ထင်သောအာရုံ၌ မဂ်မပယ်သည့်အတွက် အ သစ်တဖန်ဘဝအခွင့် ရသောအားဖြင့် နောင်ဖြစ်ခြင်း၄ါထိုက် သော ကာလလွတ် ခန္ဓာ ၅-ပါးသည် ကေန်ရှိ၏။ ယင်းခန္ဓာ ၅-ပါးကို ထိုထင်သော အာရုံ၌ "အကြင်ထင်ခြင်း" ဟူ၍ဆိုရ ၏။ ဖြစ်ရာဌာနဘုံသို့ကျသော ဝိပဿနာဖြင့် ပိုင်းခြားအပ်သည့် ထင်သောအာရုံ၌ မဂ်ဖြင့်ပယ်သည့်အတွက် အသစ်တဖန် ဘ ဝငြိမ်းသော အလိုအားဖြင့် နောင်ဖြစ်ခြင်း၄ါ မထိုက်သော

မဖြစ်ဘဲချုပ်ခြင်းရှိသော ကာလလွန် ခန္ဓာ ၅-ပါးသည် ကေန်ရှိ၏။ ယင်း ခန္ဓာ ၅-ပါးကို ထိုထင်သောအာရုံ၌ "ထိုချုပ်ခြင်းသဘော"ဟူ၍ ဆိုရ၏။

ထိုစကါးမှန်၏၊ မြတ်စွာဘုရားသည်—"ရောဟိတဿနတ်သား၊ စင်စစ်သော်ကားငါဘုရားသည် စိတ်နှင့်တကွ ပဋိသန္ဓေ သညီနှင့်တကွ တလံမျှလောက်ရှိသည့်ဤအကောင်ပုပ်၌သာလျှင်လောကကိုလည်း သိစေ၏။ လောကသမုဒယကိုလည်း သိစေ၏။ လောကနိရောဓကိုလည်းသိစေ၏။လောက၏ ချုပ်ခြင်းသို့ရောက်သောအကျင့်ကိုလည်းသိစေ၏"ဟု ဟောတော်မူအပ်ပြီ။

အပိစာဟ မာဝုသော ဣမသ္မိံ ယော ကဠေဝရေ ဗျာမမတ္တေ သသညိမှိ သမနကေ လောကဉ္စပညပေမိ, လောကသမုဒယဉ္စ, လောကနိရောဓဉ္စ, လောကနိရောဓ ဂါမိနိဉ္စ ပဋိပဒံ။....စတုကအင်္ဂုတ္တိုရ်။

## ဘူတံဘူတတော နပဿတိ

ထင်ခြင်းကို ထင်သဟုမမြင်ခြင်းကြောင့် "မြင်-မြင်တယ်"ဟု အမှတ်မပြုမူ၊ ထင်ခြင်းကို ထင်သဟုမမြင်ချေ။ ထင်ခြင်းကို ထင်သဟုမမြင်သော ယောဂီသည်၊ ယထာဘူတ, ဉာဏ်မျက်စိ အမြင်မရှိလတ်သော် ပိုင်းခြား၍ ဒုက္ခသစ္စာကို မြင်ခြင်းငှါ,ပယ်၍ သမုဒယသစ္စာ

ကို မြင်ခြင်းငှါ, မျက်မှောက်ပြု၍, နိရောဓသစ္စာကို မြင်ခြင်းငှါ, ပွား၍ မဂ္ဂသစ္စာကို မြင်ခြင်းငှါ, အဘယ်မှာ ဆိုဘွယ်ရာ ရှိတော့အံ့နည်း။ သစ္စာလေးချက် အနက်မှန်ကို မမြင်ဘော့သည်သာဟူလို။

## ဘူတံ ဘူတတော ပဿတိ

ထင်ခြင်းကို ထင်သဟု မြင်ခြင်းကြောင့် "မြင်-မြင်-တယ်" ဟု အမှတ်ပြုမှုကား ထင်ခြင်းကို ထင်သဟု မြင်ပေ၏။ ထင်ခြင်းကို ထင်သဟုမြင်သော ယောဂီသည် ယထာဘူတ ဉာဏမျက်စိ အမြင်ရှိလတ်သော် ပိုင်းခြား၍ ဒုက္ခသစ္စာကိုမြင်ခြင်းငှါ, ပယ်၍ သမုဒယ သစ္စာကို ပယ်ခြင်းငှါ, မျက်မှောက်ပြု၍ နိရောဓသစ္စာကို မြင်ခြင်းငှါ, ပွား၍ မဂ္ဂသစ္စာကို မြင်ခြင်းငှါ, ဆိုဘွယ်ရာရှိသည် သာတည်း၊ သစ္စာလေးချက် အနက်မှန်ကို မြင်လေတော့သည်-ဟူလို။

ကထဉ္စ ဘိက္ခဝေ စက္ခုမန္တော ဝ ပဿန္တိ၊ ဣဓဘိက္ခဝေ ဘိက္ခု ဘူတံ ဘူတတော ပဿတိ၊ ဘူတံ ဘူတတော ဒိသွာ ဘူတဿ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓါယ ပဋိပန္နော ဟောတိ၊ ဧဝံခေါ ဘိက္ခဝေ စက္ခုမန္တော ဝ ဝပဿန္တိ။

ဘိက္ခဝေ၊ ရဟန်းတို့၊ ကထဉ္စ-အဘယ်သို့လျှင်၊

စက္ခုမန္တော၀၊ (ယထာဘူတံ-ဉာဏဒဿ, မုချကောန်, အမှန်မြင်မှု) ဉာဏ်စက္ခုရှိသူတို့သာလျှင်၊ ပဿန္တိ၊ မြင်ကုန်သနည်း၊ ဘိက္ခဝေ၊ ရဟန်းတို့။ ဇူဓ၊ ငါဘုရား၏ အလိုတော်ဟုဆိုရာ, ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဘူတံ ဘူတတော ၎ ဿတိ၊ ဖြစ်တိုင်းဖြစ်သဟုမြင်၏။ ဘူတံ ဘူတတော ဒိသွာ၊ ဖြစ်တိုင်း ဖြစ်သဟု မြင်ခြင်းကြောင့်၊ ဘူတဿ နိဗ္ဗိဒါယ၊ ဖြစ်တိုင်း၌ ဝိပဿနာ အနုလောမဉာဏ်အကျိုးငှါ၊ ဘူတဿ ဝိရာဂါယ၊ ဖြစ်တိုင်း၌ အကြောင်းတပ်ါးကင်းသော မဂ်ဉာဏ်အကျိုးငှါ၊ ဘူတဿ နိရောဓာယ၊ ဖြစ်တိုင်း၌ အကြောင်းချုပ်သော နိဗ္ဗာန်အကျိုးငှါ၊ ပဋိပန္နော၊ ကျင့်သူသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ဧဝံခေါ ဤသို့လျှင်၊ စက္ခုမန္တော၀-ယထာဘူတ-ဉာဏဒဿံနံ့, မုချကောန်, အမှန်မြင်မှု, ဉာဏ်စက္ခု ရှိသူတို့သာလျှင်။ ပဿန္တိ၊ မြင်ကုန်၏။

**အဓိပ္ပါယ်။**—ဤသုတ်၌ စက္ခုမန္တ ပုဂ္ဂိုလ်ဟူသည်= ယထာဘူတဉာဏ်အမြင်ရှိသောသူတည်း+ **ယထာဘူတ** ဟူသည်— ဖြစ်တဲ့ အတိုင်းဘည်း **ယထာဘူတ ဉာဏ် အမြင်**ဟူသည်=ဖြစ်တဲ့အတိုင်း ယူခြင်းတည်း **ရဟန်း** ဟူသည်=ခန္ဓာ-အာယတန ဓာတ်,ဖြစ်စဉ် မပြတ်သော သံသာရပဝတ္တိကို(ဒွါရ ၆-ပါး,အာရုံ ၆-ပါး,ဝိညာဏ်

ဖြ≡ပါးတို့ ယခုယခုမပြတ်မလပ်ဖြစ်နေသည်ကိုဘေားဟု ရှုသော သူတည်း **ဖြစ်တိုင်း ဖြစ်သဟုမြင်** ဟူသည်= ကိုယ် နှုတ် စိတ် ဖြစ် တိုင်း ဖြစ်သဟု မြင်ခြင်းတည်း+ **ဖြစ်တိုင်း၌ ဝိပဿနာ အနုလောမဉာဏ်အကျိုးငှါ** ဟူသည်=ကိုယ် နှုတ်စိတ်ဖြစ်တိုင်းဖြစ်တိုင်း၌ အောက်က ဝိပဿနာဉာဏ် အထက်က အနုလောမဉာဏ် အကျိုးငှါးတည်း+ **ဖြစ်တိုင်း၌ အကြောင်း တပါး ကင်းသောမဂ်ဉာဏ်အကျိုးငှါ** ဟူသည်– ကိုယ် နှုတ်စိတ် ဖြစ်တိုင်း ဖြစ်တိုင်း၌ ကံ-ကိလေသာ အကြောင်းတပါး ကင်းသော မဂ်ဉာဏ် အကျိုး ငှါးတည်း+ **ဖြစ်တိုင်း၌ အကြောင်း ချုပ်သော နိဗ္ဗာန် အကျိုးငှါ** ဟူသည်– ကိုယ်နှုတ်စိတ်ဖြစ်တိုင်းဖြစ်တိုင်း၌အနုသယ ပရိယုဋ္ဌာန် တဖန်ဘဝအသစ် မဖြစ်ဘဲ ချုပ်သောနိဗ္ဗာန် အကျိုးငှါ၊ ကျင့်သည်၊ ယခုအတ္တဘော၌ ဘဝ အသစ်မဖြစ်ဘဲ ချုပ်သော နိဗ္ဗာန်အကျိုးငှါ ကျင့်သည်ဟူလို -

ယေပါဘူတံဘူတတောဒိသွာ,ဘူတဿစ အတိက္ကမံ။
ယထာဘူတေ ဝိမုစ္စတိ, ဘဝတဏှာ ပရိက္ခယာ။
သဝေဘူတပရိညာသော, ဝီတတဏှော ဘဝါဘဝ
ဘူတဿ ဝိဘဝါ ဘိက္ခု, နာဂစ္ဆတိ ပုနဗ္ဘဝံ။

ယော၊ အကြင် ယောဂီ သည်၊ ဘူတံ-ထင်ခြင်းကို၊

ဘူတတောထင်သဟု၊ဒိဿ-မြင်ခြင်းကြောင့်၊ဘူတသဿထင်ခြင်း၏၊ အဘိတ္တမံစ-လွန်မြောက်ရာ (နိဗ္ဗာန်) ကိုလည်း ဒိဿ၊မြင်ခြင်းကြောင့်၊ ဘဝတဏှာပဝိက္ခယာ၊ ဘဝ တဏှာကုန်ခြင်းကြောင့်၊ ယထာဘူတေ၊ ဟုတ်တိုင်းအမှန် မြတ်နိဗ္ဗာန်ကို၊ အဓိမုစ္စတိ- နှလုံးသွင်းလေသတည်း။

ဘူတပရိညာသော၊ ကိုယ်,နှုတ်,စိတ်လျှင်၊ ထင်တိုင်းမိမိ, ပိုင်းခြားသိသော၊ ဝိတတဏှာ၊ တဏှာ၃=ထွေ, ကင်းလေ [illegible]ိုးသော။ သ–ဘိက္ခု၊ ထိုယောဂီသည်၊ဝေ၊ စင်စစ် ဘူတဿ-ဘူတဓမ္မ,သင်္ခါရ၏၊ဝိဘဝါကင်းငြိမ်းပြီးသည့် နောက်၊ ပုနဗ္ဘဝံ၊ တဖန်အဖြစ်, ဘဝသစ်သို့၊ နာဂစ္ဆတိ-မသွားမသွားမရောက်တော့ပေ.......။ (စုဏ္ဏိယပါဠိ၏မြန်မာပြန် အနက် အဓိပ္ပါယ်ကို စာမျက် (၅၇) –၌ ကြည့်ရှုပါ)။

ဤသို့လျှင် သဘောဘရား အမှန်အားဖြင့် ပညာမျက်စိ အမြင်မရှိသူကို နှိပ်တော်မူလျက်- သဘောတရား အနှန်အာ ဖြင့် ပညာမျက်စိ အမြင် ရှိသူကိုချီးမြှောက်တော်မူ လိုသော မြတ်စွာ ဘုရား၏ အလိုတော်အားဖြင့်,........"အကျဉ်းအား ဖြင့် ဤသို့ အနှတ်ပြုသဖြင့်သိ၍, ဤဉာတပရိညာ၌ နောက်၌ မြင်သောခဏ "မြင်-မြင်တယ်"ဟု အမှတ်ပြုသော်" ဝိပဿနာကို ဉာဏ်စဉ်အတိုင်းဖြစ်စေ၍ ဝိပဿနာမှ လာသော မဂ်ဖြင့် ဒုက္ခ

သစ္စာကိုသည်း ပိုင်းခြားသတည်း။ သမုဒယ သစ္စာကို လည်း ပယ်သတည်း၊ နိရောဓ သစ္စာကိုလည်း မျက်မှောက် ပြုသတည်း။ မဂ္ဂသစ္စာကိုလည်း ပွားသတည်း။

ဥ ယျောဇဥ်။ ။အို....ပိဋကတ်သုခမိန်၊(၁)မာန် လည်း ဆရာတော် ဘုရားကြီးက........ "သမ္မဇဥ်ဖြင့် မသတ်မှတ်သော ကမ္မဋ္ဌာန်း ကျမ်းစာတို့ကို ကြည့်ရ သည်မှာ ကြက်သည်းထဘွယ် ရှိလှသည်" ဟု ၎င်း, (၂) ပေါင်း တော် ကူးဆရာတော် ဘုရားကြီးက.... "ပဋိသမ္ဘိဒါ ဉာဏ်မရသော်လည်း ရဆလို ရှိးစွဲ အနက်ထင်ပုံကို ပြောဟောတတ်မှ ကျမ်းတတ်ခေါ် ရသည်"-ဟု၎င်း၊(၃)ပေဠကောပဒေသ အဋ္ဌကထာ စသည်ကျမ်းပြု သထုံမြို့နေ ဇေတဝန်ဆရာတော်ဘုရား ကြီးက........"သုတစိန္တာ ဉာဏ်နှစ်ဖြာနှင့်, ဘာဝ နာဉာဏ် ဆဲ့ခြောက်တန်၏, ဉာဏ်အာရုံအလိုက် အနိက်အတန့်ကျစ္စာ, ဒေသနာပိဋကတ်, ကြောင်း- ကျိုး မှတ်၍, ဆုံးဖြတ်ခွဲယူ, နားလည်မှု- ထိုသူ ပိဋ ကတ် အသုံးတတ်"ဟု၎င်း....(၄) ထို့ပြင်၊ရှေးရှေး ဆရာဘော် ဘုရားကြီးတို့က....."သဒ္ဒါ တတ်သူများ ပေမဲ့ သဒ္ဒါအသုံးတတ်သူ မများသကဲ့သို့, ပိဋက တတ်သူများပေမဲ့ ပိဋကအသုံးတတ်သူ ရှား၏" ဟု၎င်း....

ပဋိပတ္တိအမှန်နှင့် ပဋိဝေဓမဂ်ဖိုလ်ဉာဏ်တို့ကို ရှေး ရှုသောအားဖြင့် ပရိယတ္တိသာသနာရေးအတွက် လေး နက်သော အနက်အဓိပ္ပါယ်ကို ဆောင်သည့် မိန့်ခွန်း တော်များကို **ကရုဏာရှေ့ထား မိန့်ကြားတော်မူခဲ့ ကြပါသည်**သို့အတွက်မြင်သောခဏ "မြင်-မြင်တယ်" ဟု အမှတ်ပြုသော် အဘိဓေယျ, ပရိဓေယျ မဟာ တဗ္ဗ သန္တိကာတဗ္ဗ,ဘာဝေတဗ္ဗပုဒ်တို့ဖြင့် သစ္စာအနက် ကို ပြဆိုသော ဤနည်းကို နည်းမှီးလျက်....

ကြားသောခဏ "ကြား-ကြားတယ်"ဟု,အမှတ်ပြု သော်,နံသော် ခဏ "နံ-နံတယ်"ဟု, စားသော ခဏ "စား-စားတယ်"ဟု,ထိသောခဏ "ထိ-ထိတယ်"ဟု သွားသောခဏ "သွား—သွားတယ်" ဟု အမှတ်ပြု သော်, သဗ္ဗဇညုပဗ္ဗ ဆောင်ပုဒ်လာ အမူအရာ တို့ကို အမှတ်ပြုသော် အဘိညာ,ပရိညာ,ပဟာန,သစ္ဆိကရ ဏ ဘာဝနာပုဒ်တို့ဖြင့် သစ္စာအနက်ကို သုတ-စိန္တာ ဘာဝနာဉာဏ် တို့ဖြင့် သိရှိနားလည်ကာ သာသနာ့ အရသာကို ရယူလျက် သာသနာရေး အတွက် ရှေ့ ဆောင် ရှေ့ရွက် ပြုနိုင်ကြပါစေသား။

## သဗ္ဗဇညုပဗ္ဗ ဆောင်ပုဒ်

**တိုး—ဆုတ်—ရှေ့ဘေး,ကြည့်ရေး-ထို့ပြင်,ဆန့်**

လည်းမဟုတ်၊ ဖြစ်လတံ့သည်လည်းမဟုတ်၊ ဖြစ်ဆဲ လည်းမဟုတ်၊) ကာလမှအလွတ် အသစ်အသစ် ဖြစ်ခြင်းငှာထိုက်သော(ဥပ္ပန္နာနာရဟ)ဒုက္ခဘည်း၊ ဤဥပ္ပန္နာရဟ ဒုက္ခကို မမှတ်အပ်,မပိုင်းခြားအပ်၊

အဘယ့်ကြောင့် ဥပ္ပန္နာရဟ ဒုက္ခကို မမှတ်အပ်၊ မပိုင်းခြားအပ်သနည်းဟု မေး၊ အဖြေကား— ဥပ္ပန္နာရဟဒုက္ခသည် ဥပါဒါနိမရှိသော ခန္ဓာဖြစ်၏၊ ဖြစ်ခြင်းငှာထိုက်ရုံမျှဖြစ်သော ထိုဥပ္ပန္နာရဟ ဒုက္ခသည် ကာလမှအလွတ် ဖြစ်ရိုးမရှိချေ၊ ထို့ကြောင့် ဥပ္ပန္နာရဟ ဒုက္ခကိုမှတ်အပ်-မပိုင်းခြား၏။

**အပဟာတဗ္ဗ**-သမုဒယသစ္စာသည် ပယ်အပ်သော သမုဒယ, မပယ်အပ်သော သမုဒယအားဖြင့် ၂-ပါး ပြား၏။ထို ၂-ပါးတို့တွင် **မပယ်အပ်** သော သမုဒယသည်ကား အတိတ်သမုဒယ, အနာဂတ် သမုဒယ ပစ္စုပ္ပန်သမုဒယအားဖြင့် ၃-ပါးပြားပြန်၏။ထို ၃-ပါးတို့တွင် ဖြစ်ပြီးသော သမုဒယသည် အတိတ်သမုဒယမည်၏၊ ဖြစ်လတံ့သော သမုဒယသည် အနာဂတ် သမုဒယမည်၏၊ ဖြစ်ဆဲသော သမုဒယသည် ပစ္စုပ္ပန် သမုဒယမည်၏။ထို ၃-ပါးတို့တွင် အတိတ်သမုဒယကို ဖြစ်ပြီးသောကြောင့် မပယ်အပ်၊ အနာဂတ် သမုဒယကို ဖြစ်လတံ့ (မဖြစ်သေး) သောကြောင့် မပယ်အပ်၊

ထိုသမုဒယ ၃ မျိုးသည်၊မပျောက်မပျက်ဟုဆိုလိုသည်။

**မဟာ တဗ္ဗ**-ပယ်အပ်သောသမုဒယသည်ကား၊ဥပါဒ်၊ ဌီ၊ ဘင်ရှိသည်လည်း မဟုတ်၊ ဖြစ်သည်လည်း မဟုတ်၊ တည်သည်လည်း မဟုတ်၊ ပျက်သည်လည်း မဟုတ်ဖြစ်ပြီးလည်း မဟုတ်၊ ဖြစ်လတံ့လည်း မဟုတ်၊ ဖြစ်ဆဲလည်းမဟုတ် ကာလမှအလွတ် အသစ်အသစ်ဖြစ်ခြင်းငှါ ထိုက်သော- (ဥပ္ပန္နာရဟ) သမုဒယတည်း၊ ဤဥပ္ပန္နာရဟ သမုဒယကို ပယ်အပ်၏။

အဘယ်ကြောင့်ဥပ္ပန္နာရဟ သမုဒယကို ပယ်အပ်သနည်းဟု=မေး၊ အဖြေကား- ဖြစ်ခြင်းငှါ ထိုက်သောထိုဥပ္ပန္နာရဟ သမုဒယသည် ကာလမှ အလွတ် မဖြစ်ချေ၊ထိုကြောင့် ဥပ္ပန္နာရဟသမုဒယကိုပယ်အပ်၏။....၌ဤ"ပယ်"ဟူသည် ကာလမှ အလွတ်ပျောက်ခြင်းပင်တည်း၊ဖြစ်ခြင်းငှါမထိုက်(ဖြစ်ခွင့်မရ)သော ထိုဥပ္ပန္နာရဟ သမုဒယ၏ မဖြစ်ဘဲ ချုပ်ခြင်းကို "ပယ်"ဟုခေါ်ရသည်။

**သစ္စိကာ တဗ္ဗ**-ယင်းသို့ ဖြစ်ခြင်းငှါထိုက်သော သမုဒယ၏ မဖြစ်ဘဲချုပ်ခြင်းကြောင့် ဖြစ်ခြင်းငှါထိုက်သော ဒုက္ခ၏၊မဖြစ်ဘဲချုပ်ခြင်း (အနုပ္ပါဒနိရောဓ) သည် ကေန်ရှိ၏။ဤဒုက္ခ၏ မဖြစ်ဘဲချုပ်ခြင်းကို မျက်မှောက် ပြုအပ်၏။ အဘယ်ကြောင့်နည်း၊ မျက်မှောက်ရှိသော အား

ဖြင့်တွေ့သည်၏ အဖြစ်ကြောင့်တည်း၊

**အသင်္ခတဓာတ္တ**—ဖြစ်ခြင်း၄ါထိုက်သေါသမုဒယကို မျက်မှောက်မပြုအပ်၊အဘယ်ကြောင့်နည်း မျက်မှောက်မရှိသောအားဖြင့် မတွေ့သည်၏ အဖြစ်ကြောင့်တည်း။

**ဘာဝေတဗ္ဗ**—ထိုဥပ္ပန္နာနာရဟာ ဒုက္ခ၏မဖြစ်ဘဲ ချုပ်ခြင်း(ဒုက္ခအနုပ္ပါဒနိရောဓ)ကို အာရုံ ပြုသော အားဖြင့် မဂ်သည်ပွါး၏။ အဘယ်ကြောင့်နည်း။ မျက်မှောက်ပြုကိစ္စအားဖြင့်ပြီးသည်၏ အဖြစ်ကြောင့်တည်း။

**အဘာဝေတဗ္ဗ**—အတိတ် ဒုက္ခ၊ အနာဂါတ်၊ ဒုက္ခ၊ ပစ္စုပ္ပန်ဒုက္ခကို အာရုံပြုသောအားဖြင့် မဂ် သည်မပွား ချေ။အဘယ့်ကြောင့်နည်း။အပြင်အာရုံ(ဗဟိဒ္ဓါရမ္မဏ)၏ အဖြဖြကြောင့် မျက်မှောက်ပြု ကိစ္စအားဖြင့်လည်း မပြီးသည်၏ အဖြစ်ကြောင့်တည်း။

**အဘိညေယျာဒိပဉ္စကတ္တတပြိုင်နက်ပုံ**

အဘိညေယျ, ပရိညေယျ ပဟာတဗ္ဗသစ္ဆိကာတဗ္ဗ ဘာဝေတဗ္ဗ တရား ၅-ပါးအပေါင်းကို မဂ် ခဏာ၌ခဏ တပြိုင်နက်,ကာလတပြိုင်နက်ပဋိဝေဒအားဖြင့်တကယ် ပင်ရအပ်၏။ ဝိပဿနာ ခဏာ၌လည်းခဏ တပြိုင်နက် ကာလတပြိုင်နက်, တဒင်္ဂအားဖြင့်ထိုတရား ၅ပါး အပေါင်းကို ရအပ်သေးသည်သာ၊ ထိုစကားမှန်၏။ ဝိပဿနာဖြင့် ဒုက္ခကို တဒင်္ဂအားဖြင့် ပိုင်းခြားအပ်သော်

သာ, သို့ပိုင်းခြားရာ၌ အကုသိုလ်ကိုလည်း တဒင်္ဂအားဖြင့် ပယ်အပ်သည်သာ,သို့ပယ်ရာ၌ မဂ်ဖြင့် ထိုတရား ၅-ပါးအပေါင်းကို ထိုးထွင်းခြင်းသည်၊ အဘိညေယျ, ပရိညေယျ ပဟာတဗ္ဗသစ္ဆိကာတဗ္ဗ, ဘာဝေတဗ္ဗ, လက္ခဏာပင်တည်း။ ထိုစကားမှန် ၏။တခါတရံဝိပဿနာဖြင့် မပိုင်းခြားအပ်သောဒုက္ခကိုဝိပဿနာဖြင့်မပယ်အပ်သော အကုသိုလ်ကို မဂ်ဖြင့် မထိုးထွင်းချေ။ ထို့ကြောင့် ဝိပဿနာဖြင့်ဒုက္ခကို တဒင်္ဂအားဖြင့် ပိုင်းခြားအပ်သည်သာ, သို့ပိုင်းခြားရာ၌ အကုသိုလ်ကိုလည်း တဒင်္ဂအားဖြင့် ပယ်အင်သည်သာ,သို့ ပယ်ရာ၌မဂ်ဖြင့် တရားငါးပါးအပေါင်းကို ထိုးထွင်းခြင်းသည်အဘိညေယျ ပရိညေယျ ပဟာတဗ္ဗ သစ္ဆိကာတဗ္ဗ,ဘာဝေတဗ္ဗ, လက္ခဏာပင်တည်း၊ [ပဋိဝေဓ- ထိုးထွင်းသော အားဖြင့်+တဒင်္ဂ-ဝိပဿနာဉာဏ်သိသောအားဖြင့်။]

အထက်ပါစကားရပ်တို့ကို ထင်ရှားအောင်ပြုဦးအံ့၊ ကာလုလွတ် ဖြစ်ခြင်းငှါထိုက်သော ဥပ္ပန္နနာရဟာ သမုဒယဟူသည် **သာနုသယ**ပင်တည်း။ [သာနုသယ= သ+အနု+သယ။ ။အနု=အစဉ်တစိုက်+သယ= ကိန်းသောကိလေသာနှင့်+သ = တကွဖြစ်ခြင်း၊ -ရုပ်နာမ် အသစ် အသစ် ဖြစ်သော ခဏ ခဏ အစွမ်းရ တိုင်းကျရောက်ကိန်းဝပ်သော အနုသယကိလေသာနှင့် အတူတကွဖြစ်သောသမုဒယကို ဥပ္ပန္နနာရဟုခေါ်၏။]

ထိုဥပ္ပန္နနာရဟာ သမုဒယသည် အသစ်ဖြစ်သည် ရှိ

သော် ပရိယုဋ္ဌာန်အလိုအားဖြင့် အဘယ်၌ဖြစ်သနည်း။ အနုသယအလိုအားဖြင့်အဘယ်၌ဖြစ်သနည်း-ဟုမေး၊ အဖြေကား-ဝိပဿနာဖြင့် မပိုင်းခြားအပ်သော အကြင်ဒုက္ခသည်ရှိ၏။ ဤဝိပဿနာဖြင့် မပိုင်းခြားသော ဒုက္ခ၌ ကာလလွတ်ဖြစ်ခြင်းငှါ ထိုက်သော ဥပ္ပန္နာရဟသမုဒယသည် အသစ်ဖြစ်သည်ရှိ သော်ပရိယုဋ္ဌာန်အလိုအားဖြင့်လည်းဖြစ်၏။ အနုသယအလို အားဖြင့်လည်း

**ပရိယုဋ္ဌာန်အသစ်ထပုံ။** ။ထိုအသစ် ပရိယုဋ္ဌာန်အသစ်အနုသယ ၂-ပါးတို့တွင် ပရိယုဋ္ဌာန်သည် အဘယ်ဖြင့်အသစ်ဖြစ်သည်ရှိသော်အဘယ်ထသောအားဖြင့် ဖြစ်သနည်း-ဟု မေး၊ အဖြေကား ဝိပဿနာဖြင့် မပိုင်းခြားအပ်သောဒုက္ခ(ရုပ်နာမ်)၌အနုသယဟောင်း(ပေါရာဏာနုသယ)သည် အစဉ်တစိုက်လိုက်၏။ ထိုအနုသယဟောင်းဖြင့် ဤပရိယုဋ္ဌာန်သည် အသစ်ဖြစ်သည် ရှိသော်ဖြစ်၏။ အနုသယဟောင်းထသော အလိုအားဖြင့် ဖြစ်၏။

**အနုသယအသစ်ကိန်းပုံ။** ။အနုသယအသစ်ဖြစ်သည်ရှိသော် အဘယ် ကိန်းသော အလိုအားဖြင့် ဖြစ်သနည်း-ဟုမေး၊အဖြေကား=ဝိပဿနာဖြင့် မပိုင်းခြားအပ်သော ဒုက္ခ(ရုပ်နာမ်)၌အကြင် ပရိယုဋ္ဌာန်အသစ်ထ၏၊ ဤအနုသယအသစ် ဖြစ်သည်ရှိသော် ထိုအသစ်

ထသော ပရိယုဋ္ဌာန် ကိန်းသောအလိုအားဖြင့် ဖြစ်၏။
(အသစ်ထသော ပရိယုဋ္ဌာန်ကား၊ ဥပါဒ်–ဋ္ဌိ–ဘင် ခဏတ္တယသို့ ရောက်သည်။ အသစ်ကိန်းသော အနုသယကား ခဏမရှိဘဲ ရောက်ဆဲ ခန္ဓာ ၅–ပါးကိုမှီသည်။ အနုသယဟောင်းကား အနုသယအသစ်မှီသောခဏတ္တယမှနောက် ခန္ဓာ ၅–ပါး ခဏတ္တယသို့ရောက်တိုင်း အစဉ်တစိုက် လိုက်သည်။ အချုပ်မှာ–"ပရိယုဋ္ဌာန်ဖြစ်က အနုသယကိန်း၏။ ပရိယုဋ္ဌာန်မဖြစ်က အနုသယမကိန်း။ အနုသယဟောင်းကား မဂ် ဖြင့် မပြတ်သေးသမျှ ကိန်းဝပ်ပါရှိ၏"–ဟုမှတ်)။

## အနုပ္ပန္န အကုသိုလ်၊ ဥပ္ပန္န အကုသိုလ်

ပရိယုဋ္ဌာန် မဖြစ်ခင် မဖြစ်မှီ ကာလလွတ် ဖြစ်ခြင်း ငှာ ထိုက်သော ဥပ္ပဇ္ဇနာရဟအနုသယကိုအနုပ္ပန္နအကုသိုလ်ဟုခေါ်၏။ အနုသယမကိန်းခင် မကိန်းမှီ ထိုကာလ လွတ်ဖြစ်ခြင်းငှာထိုက်သော ဥပ္ပဇ္ဇနာရဟအနုသယကိုပင် ဥပ္ပန္န အကုသိုလ်ဟု ခေါ်၏။

(ကာလလွတ် ဥပ္ပဇ္ဇနာရဟ အနုသယသည် ပရိယုဋ္ဌိတအနုသယ = (အသစ်ထသောအနုသယ) နှင့် အနုသယိတ အနုသယ – (အသစ်ကိန်းသောအနုသယ) ဟု ၂–မျိုးပြား၏။ ထို ၂–ပါးတို့တွင် အသစ်ထသော အနုသယကား အနုပ္ပန္နအကုသိုလ်တည်း။ အသစ်ကိန်းသော အနုသယကား ဥပ္ပန္န အကုသိုလ်တည်း၊ ဤ အကုသိုလ် ၂–မျိုး စလုံးကို "ထာမဂတာနုသယ"ဟုခေါ်၏။ (ထာမ = အစွမ်း = ဂတ = ရတိုင်း = အ နု = အစဉ် တစိုက် = သ ယ = ကိန်းသော ကိလေသာ။) ရုပ်နာမ်အသစ်အသစ်ဖြစ်သော ခဏခဏ အစွမ်းရတိုင်း ကျလာ ကိန်းလာသော လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ဤကိလေသာ ၆–ပါးကို "အနုသယ" ဟုဟောတော်မူ၏ ။ဤနေရာ၌ ဥပ္ပန္န

၂—မျိုးနှင့် အနုပ္ပန္န ၂—မျိုး စကားသုံးအရ ကာလပုံကို မှတ်သားထိုက်၏။ (၁) အဘိဓမ္မာတိက မာတိကာ၌လာသော "ဥပ္ပန္နဓမ္မ" ပုဒ်၏အရ "ဥပ္ပန္န" ကား ပစ္စုပ္ပန် (ဖြစ်ဆဲ) တည်း။ (၂) သုတ်၌လာသော "ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ" ပုဒ်အရ "ဥပ္ပန္န" ကားအတိတ် (ဖြစ်ပြီး) တည်း။ (၃) အဘိဓမ္မာတိက မာတိကာ၌လာသော "အနုပ္ပန္နဓမ္မာ" ပုဒ်အရ "အနုပ္ပန္န" ကား အနာဂတ် (မဖြစ်သေး) တည်း။ (၄) သုတ်၌လာသော "အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ" ပုဒ်အရ "အနုပ္ပန္န" ကား ကာလဝိမုတ် (ကာလလွတ်) တည်း။ ဤကာလဝိမုတ် အနုပ္ပန္န ကိုလေသာ အနုသယ ပရိယုဋ္ဌာန် ၂ —ပါးစုံကို ဥပ္ပန္နနာရဟ (ဖြစ်ခြင်းငှာထိုက်၍ ပယ်အပ်သော ကိလေသာ) ဟုမှတ်အပ်၏)။

## ဥပ္ပန္နနာရဟ သမုဒယ ချုပ်ပုံ

အထက်ပါစကားတို့ကို ထင်ရှားအောင် ပြဦးအံ့— ထို ဥပ္ပန္နနာရဟသမုဒယသည် ချုပ်သည်ရှိသော်တဒင်္ဂအားဖြင့် အဘယ်၌ ချုပ်သနည်း။ အနုပ္ပါဒ နိရောဓအားဖြင့် အဘယ်၌ချုပ်သနည်း-ဟုမေး၊ အဖြေကား- ဝိပဿနာဖြင့် ဒုက္ခ(ရုပ်နာမ်) ကို တဒင်္ဂအားဖြင့် ကိလေသာ နှင့် မရောနှောအောင် ပိုင်းခြားအပ်သည်ရှိသော် ဤသို့ပိုင်းခြားရာ၌ ထို ဥပ္ပန္နနာရဟ သမုဒယ ချုပ်သည် ရှိသော် တဒင်္ဂအားဖြင့် ချုပ်၏။ အနုပ္ပါဒ နိရောဓ(မဖြစ်ဘဲချုပ်ခြင်း) အားဖြင့် ချုပ်၏။

ထိုဥပ္ပန္နနာရဟ သမုဒယ ချုပ်သည်ရှိသော် သမုစ္ဆေဒ (အကြွင်းမဲ့) အားဖြင့် အဘယ်၌ချုပ်သနည်း၊

အနုပါဒနိရောဓအားဖြင့် အဘယ်၌ ချုပ်သနည်းဟု–မေး။ အဖြေကား-ဝိပဿနာဖြင့် ဒုက္ခကို တဒင်္ဂ အားဖြင့် ကိလေသာ နှင့် မရောနှောအောင် ပိုင်းခြားအပ်သည်ရှိသော်,ဤသို့ ပိုင်းခြားရာ၌ မဂ်ဖြစ်သည်ရှိသော်, ဤမဂ် ဖြစ်ရာ၌ ထိုဥပ္ပန္နာရဟ သမုဒယ ချုပ်သည်ရှိသော်သမုစ္ဆေဒအားဖြင့် ချုပ်၏။အနုပ္ပါဒနိရောဓအားဖြင့် ချုပ်၏။

## ကာကလွတ် ဟေတုဖလ, ဘဝစက်

ထိုစကားမှန်၏။ ကာလလွတ် ဖြစ်ခြင်းငှာ ထိုက်သော အကြင် ဥပ္ပန္နာရဟသမုဒယသည် အကြောင်း၏အဖြစ်ဖြင့် ကောန်ရှိ၏။ ထို အကြောင်း၏ အကျိုး၏ အဖြစ်ဖြင့် ကာလလွတ် ဖြစ်ခြင်းငှာထိုက်သော အကြင် ဒုက္ခသည်လည်း ကောန်ရှိ၏။ထိုအကျိုးဒုက္ခကား "ကာလလွတ်ဥ"လည်းဟုတ်၏။"ကာလလွတ်ဘဝစက်" လည်းဟုတ်၏။ ထိုအကြောင်း သမုဒယကား ကာလလွတ်"ပေါနောဘဝိက"ပင်တည်း [ပုန–တဖန်+ဘဝ –အဖြစ်+ဝက–ရှိသော]အကျိုးဘဝ တဖန်ရှိသော အကြောင်း သမုဒယကိုဇင်း။ ထိုအကြောင်း သမုဒယ ရှိသော သတ္တဝါကိုဇင်း"ပေါနောဘဝိက"ဟုခေါ်၏။

**ဟေတုနိရောဓ ဖလနိရောဓ**– မဂ်ဖြစ်ရာ၌ အကြင်အကြောင်းချုပ်၏။ထိုအကြောင်းချုပ်ခြင်းကြောင့်

ထိုအကြောင်း၏အကျိုးလည်း အကြောင်းချုပ်ရာ၌ပင် ချုပ်၏။ "အကြောင်းမဖြစ်တဲ့ ချုပ်ခြင်းကြောင့် အကျိုးလည်း မဖြစ်တဲ့ချုပ်၏"—ဟုယူ။

## မဂ်ဖြင့် သစ္စာ ၄-ပါးကို ထိုးထွင်းပုံ

ထိုအကျိုး ချုပ်ခြင်း (ဖလနိရောဓ) ဟူသည် **ဒုက္ခနိရောဓ** ပင်တည်း၊ ယင်းဒုက္ခနိရောဓကို အာရုံပြု၍ **မဂ်ဖြစ်လတ်သော်** အတိတ် အနာဂါတ် ပစ္စုပ္ပန်ဒုက္ခ ၃-တန်ကိုလည်း ကာလ ၃-ပါးလုံးအမှတ်ပြုသဖြင့် သိ၍ ပိုင်းခြား၏၊ ....ကာလ လွတ်ဖြစ်ခြင်းငှါ ထိုက်သော—(ဥပ္ပန္နာရဟ)သမုဒယကိုလည်း ကာလမှ လွတ်လျက် ဖြစ်ခြင်းငှါ မထိုက်အောင် (ဖြစ်ခွင့်မရအောင်) အမှတ်ပြုသဖြင့်သိ၍ ပယ်၏။ ....ကာလလွတ်ဖြစ်ခြင်းငှါ ထိုက်သော—(ဥပ္ပန္နာရဟ) ဒုက္ခကိုလည်း ကာလမှ လွတ်လျက်ဖြစ်ခြင်းငှါ မထိုက်အောင် (ဖြစ်ခွင့်မရအောင်) အမှတ်ပြုသဖြင့် သိ၍မျက်မှောက်ပြု၏။........အင်္ဂါ ၈ ပါးရှိသော မဂ်၏သမထနှင့် ဝိပဿနာကိုလည်း "ယုဂနဒ္ဓ—စုံအောင်" အမှတ်ပြုသဖြင့် သိ၍ ပွါး၏........သိလိုရင်းကား မဂ်သည် ဝိပဿနာ၏အမှတ်ပြုသဖြင့်သိခြင်းကြောင့် ခဏဘပြိုင်နက်ကာလတချက်တည်းဒုက္ခသစ္စာကိုလည်းပိုင်းခြား၏။ သမုဒယသစ္စာကိုလည်း ပယ်၏၊

နိရောဓသစ္စာကိုလည်း မျက်မှောက်ပြု၏။ မဂ္ဂသစ္စာကိုလည်းပွား၏ ဟု သိလိုရင်းတည်း။

[အဘိညာယ ပရိဇာနာတိ။ အဘိညာယ ပဇဟာတိ။ အဘိညာယ သစ္ဆိကရောတိ။ အဘိညာယ ဘာဝေတိ–တို့၌ ''အဘိညာယ''ကား ပုဗ္ဗကာလကြိယာ မဟုတ်ဟိတ်,ပုဒ်တည်း။ ဟိတ်အနက်၌သက်သော တွာပစ္စည်းဖြင့်ပြီးသော ''အဘိညာယ'' ပုဒ်၏ ''အမှတ်ပြုသဖြင့်သိခြင်းကြောင့်''ဟူသောအနက်ရကို သတိပြုပါ။ ဤမင်္ဂ ကိစ္စအရာ၌ သိမှတ်စရာတွေ များလှ၏။ ဝိသုဒ္ဓိမဂ်၌ ရှုပါလေတော့၊ ထို့ပြင်– ''ဘူတံ ဘူတတော ပဿတိ ကထာ''အရပါဠိသာဓကကို လိုလျှင်''ပေဋကော ပဒေသ အဋ္ဌကထာ''၌ရှုပါလေဦး။]

အင်္ဂါ ၈ ပါး မင်္ဂတရားကို သမထ–ဝိပဿနာ အစုံပါအောင် ပွားရာခဏ မင်္ဂကာလ၌သစ္စာ၄–ချက် ၁၆–နက်ကို တပြိုင်နက် ထိုးထွင်းသော အရိယဇာတ် သာဝက မြတ်သည်ကား ဝိသုဒ္ဓိနတ်စစ် ဓမ္မရာဇ်၏ ရင်နှစ်ပေါက်ဖွား; သားတော်အစစ် သမီးတော်အစစ် အဖြစ်သို့ရောက် ဝင့်မြစ်ခြောက် သဖြင့် ဗြဟ္မစရိယ မယွင်း ''မင်္ဂသီတင်း'' ကို ကျင့်သုံးလေတော့သည်။

ဤသို့လျှင် 'ဘူတံ ဘူတတော ပဿတိ''အရတို့ကို အဘိညေယျ ပရိညေယျ ပဟာတဗ္ဗသစ္ဆိကာတဗ္ဗ ဘာဝေတဗ္ဗ ပုဒ်တို့ဖြင့် သစ္စာ၄–ပါး၏အနက်ပြရာ ဤဌာန၌ သာဝကသည်''မှတ်အပ်–မမှတ်အပ်, ပိုင်းခြားအပ်မပိုင်းခြားအပ်, ပယ်အပ်– မပယ်အပ်, မျက်မှောက်ပြုအပ်–မျက်မှောက်မပြုအပ်,ပွားအပ်–မပွားအပ်''သစ္စာ

၄-ရပ်တို့ကို သုတဉာဏ်ဖြင့်ရှာကြံခြင်းအကျိုးငှါလိမ္မာ ရာ သတည်း။

## ဉာဏ်အာရုံရေးရာ

**အဘိညာ** “အဘိ= အမှတ်ဖြင့် + ဉာ= သိခြင်း” သည် ‘ဉာဏ်’မည်၏၊ ထိုအမှတ်ဖြင့် သိခြင်းဟူသော ဉာဏ်ကား သုတမယဉာဏ် စိန္တာမယဉာဏ်တို့မှ တဆင့် မြင့်တက်သော ဘာဝနာမယ ဉာဏ်တည်း၊ ချဲ့ဦး အံ့— ဒေသက ပုဂ္ဂိုလ်ထံ တရားနာသော ကာလ သုတမယဉာဏ်ဖြင့် (ဖြစ်ဆဲဖြစ်သောသဘာဝရုပ်, နာမ်, ဉာဏ်, မဂ်, ဖိုလ်, နိဗ္ဗာန် ပရမတ္ထတရားတို့၏) နာမ ပညတ်နက်ထင်၏၊ ထိုမှတဆင့် စဉ်းစားကြံဆသော ကာလ စိန္တာမယဉာဏ်ဖြင့် (ထိုပရမတ္ထ တရားတို့၏) တဇ္ဇာပညတ်နက် ထင်၏၊ ထိုမှတဆင့် အားထုတ်သောကာလ လောကီ ဘာဝနာမယဉာဏ်ဖြင့် (ထိုပရမတ္ထတရားတို့တွင်) ဖြစ်ဆဲရုပ် ဖြစ်ဆဲနာမ် ဖြစ်ဆဲဉာဏ် ဖြစ်ဆဲမဂ် ဟူသော ပရမတ်နက် ထင်၏၊ လောကုတ္တရာ ဘာဝနာမယဉာဏ်ဖြင့် ဖြစ်ဆဲရုပ်, နာမ်, ဉာဏ်, မဂ်, ဖိုလ်, နိဗ္ဗာန် ပရမတ်နက် ထင်၏။

## လက္ခဏာ ၃-ဖြာနှင့် အဘိညာ

လက္ခဏာသည်သဘာဝလက္ခဏာသာမညလက္ခဏာ သာမည လက္ခဏာအားဖြင့် ၃=ပါးပြား၏၊ ထိုတွင်

ဖြစ်ဆဲရုပ် ဖြစ်ဆဲနာမ်သည် သဘာဝလက္ခဏာတည်း၊ ဖြစ်ဆဲရုပ် ဖြစ်ဆဲနာမ်၏ ဥပါဒ်-ဌီ-ဘင်သည် သင်္ခတလက္ခဏာတည်း၊ ဖြစ်ဆဲရုပ် ဖြစ်ဆဲနာမ်၏ ဥပါဒ်-ဌီ-ဘင်ဖြင့်မမြဲဟုမှတ်စရာ ဖေါက်ပြန်ပျက်စီးသောအခြင်းအရာ,ဆင်းရဲဟု မှတ်စရာ နှိပ်စက်သော အခြင်းအရာ, အစိုးမရဟု မှတ်စရာအလိုသို့မလိုက်သောအခြင်းအရာ ဤအခြင်းအရာ ၃-ပါးသည် သာမညလက္ခဏာတည်း ဝိပဿနာကို အားထုတ်သော ယောဂီသည် သာမညလက္ခဏာထင်ရန် သင်္ခတလက္ခဏာကို အသိဖြင့် မှတ်၍ ပိုင်းခြားရသည်၊ သင်္ခတလက္ခဏာထင်ရန် သဘာဝလက္ခဏာကို အသိဖြင့် မှတ်၍ ပိုင်းခြားရသည်။ သဘာဝလက္ခဏာထင်ရန် ဖြစ်ဆဲရုပ် ဖြစ်ဆဲနာမ်ကို အသိဖြင့် မှတ်၍ ပိုင်းခြားရသည်။

**သမ္ပဇည ၄ ပါး နှင့် အဘိညာ**။ သတိ သမ္ပဇဉ် ပညာဖြင့် ဆင်ခြင်ခြင် သည် သမ္ပဇညမည်၏။ ထိုသမ္ပဇညသည် အကျိုးမရှိသည်ကို ပယ်လျက် အကျိုးရှိသည်ကို ဆင်ခြင်ခြင်းဟူသော သတ္ထကသမ္ပဇည, ၁ ပါး မလျော်သည်ကို ပယ်လျက် အလျော်ကို ဆင်ခြင်ခြင်းဟူသော သပ္ပါယသမ္ပဇည, ၁ ပါး,ဖြစ်ဆဲဖြစ်သော ရုပ်နာမ်အာရုံ(ဂေါစရ)ကို (ရုပ်နာမ်အာရုံ မပျောက်မှီ မပျက်မှီ )အမှတ်ဖြင့် သိခြင်းဟူသောဂေါစရသမ္ပဇည ၁

ပါး, ဂေါစရ သမ္ပဇဉ် အခလ, အလာတွင်ပြီးနောက်မှ ယင်း ဂေါစရသမ္ပဇဉ်ကို ပစ္စဝေက္ခဏာ ဉာဏ်အနေ (တွေ့ဝေခြင်းကင်း သတ္တသညာ ကိခလသာ ရှင်း လျက်) ဆင်ခြင်ခြင်းဟူသော အ သံမောဟ သမ္ပဇည ၁ ပါးအားဖြင့် ၄ ပါးရှိ၏၊

ထိုတွင် သတ္ထကနှင့်သပ္ပ ယ သမ္ပဇည ၂ ပါးသည် ဖြစ်လတံ့အတွက် ဆင်ခြင်ခြင်းဖြစ်၍ အနာဂတ်အာရုံ ရှိသောကြောင့် အဘိညာမဖြစ်၊ ဝိပဿနာ မဟုတ်၊ အ သံမောဟသမ္ပဇညသည်လည်း ဖြစ်ပြီးကို ပြန်ကာ ဆင်ခြင်ခြင်းဖြစ်၍ အတိတ်အာရုံရှိသောကြောင့် အဘိ ညာ မဖြစ်၊ ဝိပဿနာ မဟုတ်၊ ဂေါစရ သမ္ပဇညသာ ပစ္စုပ္ပန်အရှိအာရုံကို အမှတ်ဖြင့် သိသောကြောင့် အ ဘိညာဖြစ်၏။ ဝိပဿနာဟုတ်၏။

**နာမရူပ ပရိစ္ဆေဒအဘိညာ**။ အမှတ်ဖြင့် သိခြင်းဟူ သော အဘိညာသည် ရှေးဦးစွာ ရုပ်ကိုသာ အမှတ် ဖြင့် သိ၏၊ ရုပ်ကို သိသောစိတ်ကို အမှတ်ဖြင့် သိပြီး နောက်မှသာ နာမ်ကိုအမှတ်ဖြင့် သိ၏။ ရူပ ပရိစ္ဆေဒ ဉာဏ် ဦးစွာဖြစ်၍ နာမပရိစ္ဆေဒဉာဏ် နောက်မှ ဖြစ် ၏-ဟူလို။

ဆက်ဦးအံ့= ရုပ်ကိုအမှတ်ဖြင့် သိခြင်းသည်လည်း ခဏကာလအားဖြင့်ရုပ်ကိုသိခြင်း ၁ ပါး, သန္တတိကာ

လအားဖြင့် ရုပ်ကိုသိခြင်း ၁ ပါးအားဖြင့် ၂ ပါးရှိ၏၊ နာမ်ကိုအမှတ်ဖြင့် သိခြင်းကား သန္တတိ ကာလအားဖြင့် နာမ်ကိုသိခြင်း ၁ ပါးသာ ရှိ၏၊ မှန်၏– ဖြစ်ဆဲဖြစ်ဆဲသော ရုပ်နာမ်သည် ခဏကာလမည်၏၊ ဖြစ်ပြီး၍ တဝီထိ ၂ ဝီထိ ၃ ဝီထိ လွန်သောရုပ်နာမ်သည် သန္တတိကာလမည်၏၊ ထိုခဏကာလ သန္တတိ ကာလတို့တွင်တဝီထိ၏အတွင်း၌ဖြစ်သောရုပ်ကိုယင်း တဝီထိ၏ အတွင်း၌ပင် ဖြစ်သော ပထမဝီထိ ဇောကာလဖြင့်သိခြင်းသည်ခဏကာလအားဖြင့်ရုပ်ကိုသိခြင်းပင်တည်း။

(ဇူန္ဒြိယ သံဝရနှင့် အာရမ္မဏ ပုရေဇာတ ဝတ္ထာရမ္မဏပုရေဇာတတို့ကို ထောက်ပါ။)

ဖြစ်ပြီး၍ တဝီထိလွန် ၂ ဝီထိလွန်ဖြစ်သော ရုပ်ကို ဒုတိယ ဝီထိ ဇောကာလ တတိယ ဝီထိဇောကာလဖြင့် သိခြင်းသည် သန္တတိကာလ အားဖြင့် ရုပ်ကို သိခြင်းပင်တည်း။ ပထမဝီထိ ဇောကာလဖြင့် ရုပ်ကို သိသော, ဒုတိယဝီထိ ဇောကာလဖြင့် ရုပ်ကို သိသော, တတိယဝီထိ ဇောကာသဖြင့် ရုပ်ကိုသိသော စိတ်ကို စတုတ္ထဝီထိ ဇောကာလဖြင့် သိခြင်းကား သန္တတိကာလအားဖြင့် နာမ်ကို သိခြင်းပင်တည်း။

**အဘိညေယျ။** ။အမှတ်ဖြင့်+သိအပ်(အသိခံရ)သော ကရားတို့ကို "အဘိညေယျ"ဟု ခေါ်၏၊ အဘိ

ညာဏ‌ကား၊ (အာရမ္မဏိက=ဝိပဿနာ စိတ္တုပ္ပါဒ်=) ဉာဏ်တည်းအဘိဇ္ဈာယျကား=အာရုံ(ဝိပဿနာဘူမိ) တည်း၊ အဘိဇ္ဈေယျ အမည်ဖြင့် ဟောအပ်သော တရားတို့ကို သရုပ်အားဖြင့် ရေတွက်လျှင် "စိတ် ၁,စေတသိက် ၅၂, နိပ္ဖန္နရုပ် ၁၈, နိဗ္ဗာန် ၁" အားဖြင့် ၇၂ ပါးရှိ၏၊

**အဘိဇ္ဈေယျ သဘာဝေန, ဒွါသတ္တတိ သမီရိတာ**

အဘိဇ္ဈေယျ သဘာဝေန— အသိအမှတ်နှင့် ယှဉ်မှီး,ယောဂီဉာဏ်တွင်, ကေန်ထင်ထိုက်သော သဘောရှိသည်၏ အဖြစ်ကြောင့်၊ ဒွါသတ္တတိ- ၇၂—ပါး(သလက္ခဏ) တရားများကိုသာ၊ သမီရိတာ= သရုပ်အလိုထုတ်ဆိုအပ်၏····နာမရူပ ပရိစ္ဆေဒကျမ်း။

**တရားအစု ၂၃ စု**။ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်၌အဘိဇ္ဈေယျ တရားတို့ကို ၂၃ စုပြု၍ "ဓမ္မကောဋ္ဌာသ, ဓမ္မရာသိ" အဖြစ်ဖြင့် ဟောကြားတော်မူ၏။ထိုတရားအစု ၂၃ စုကို ဆောင်ပုဒ်ဖြင့်ပြအံ့....

(ဆောင်ပုဒ်)၊ ၊ခန္ဓာငါး၀ ခြောက်ဒွါရဟု, အာရမ္မဏ, ဝိညာဏနှင့်, ဖဿ-ဝေဒနာ, ခြောက်စီသာတည်း၊ သညာ—စေတနာ,တဏှာ-ဝိတက္က,ဝိစာရလည်း ခြောက်ဝစီပင်, ဓာတ်လျှင် ခြောက်သွယ်, တဆယ် ကသိဏ, ဒွတ္တိံသနှင့်, အာယတန ဆဲ့နှစ်,

ခေါတ်ဆယ့်ရှစ်ထွေ, ဇာခြေမှု-လောကီယူလော့,သုံးဆူခေါတု,ကိုးခုဘဝ,စတုက္ကဈာန်,လေးတန်ပမည်,လေးအင်သမာပတ်,သမုပ္ပါဒ်ကုန်,အလုံးစုံသည် ....အကုန်အဘိဉာယျ ချည်းပေတည်း။

(ဆောင်ပုဒ်)။ ၊ အဘိဉာယျ, တေဝိသ ဟု, ဓမ္မအပုံ, အလုံးစုံပင်, အာရုံ-ဒွါရ, ဝိညာဏတို့, ဆုံကြခိုက်မှာ, ယထာရဟ,ဖြစ်ကုန်ကြ၏၊ကမ္မဒေသနာ, မှတ်ယူပါလော့၊ ဝိပဿနာ, ရှုသောခါဝယ်, အာရုံ-ဒွါရ, ဝိညာဏတို့, ဆုံကြခိုက်တွင် သမ္ပဇဉ်ရှိ, သတိထင်စွာ, ရှုမှတ်ပါက, ကောင်းစွာဓမ္မ, ဘိဉာယျကုန်, အလုံးစုံပင်, အာရုံဖြစ်လာ, ငါးခန္ဓာသည်.... နှစ်ဖြာရုပ်နာမ် အကျဉ်းတည်း၊....

**ကာမအုံသားဉာဏ်အာရုံ။** ။ "အဘိဉာယျ,တေဝိသဟု,ဓမ္မအပုံ,အလုံးစုံပင်,အာရုံ-ဒွါရ, ဝိညာဏတို့, ဆုံကြခိုက်မှာ, ယထာရဟ,ဖြစ်ကုန်ကြ၏" ဟု ဆိုရာ၌ ၆ဒွါရ- ၆- အာရုံ, ၆-ဝိညာဏ်, တို့ ပေါင်းဆုံသောခဏ၊ မြင်ခြင်း,ကြားခြင်း,နံခြင်း,စားခြင်း, ထိခြင်း,သိခြင်း ဖြစ်၏၊ ထိုသို့ဖြစ်သောခဏ၌ "အဘိဉာယျ"တရား"၂၃"ကောင်းသတို့ ထိုက်သည် ဖြစ်ကြကုန်၏။

မှန်၏-သတ္တာဝါတိုင်း ပဋိသန္ဓေမှ စုတိတိုင်အောင်တဘဝလုံး ဖြစ်သမျှ စိတ်အားလုံးကို ခွဲဝေသော်

ဝိပါက်ဝိညာဏ် ဇောဝိညာဏ် ၂ မျိုးသာဖြစ်၏၊ ယင်း ဝိညာဏ် ၂-မျိုး၏ အာရုံကား ရုပ်အာရုံ တမျိုးတည်း သာ ဖြစ်၏၊ အမှတ်ဖြင့် သိသော ယောဂီ၏ ဉာဏ်၌ ရုပ်-နာမ် အာရုံ ၂-မျိုးသာ ထင်စရာ အမှန်ရှိ၏၊ ခဏ အလိုက် ထိုက်သလို ဖြစ်ပေါ်လာသမျှ ရုပ်နာမ်အာရုံ ကို အမှတ်ဖြင့် သိသော ကာမဘုံသား ယောဂီ၏ ဉာဏ်၌ အာရုံဒွါရ ဝိညာဏ် ဖဿ ဝေဒနာတို့နှင့် ဆက်ဆန်သော ကာမဘုံဖြင့် ရေတွက်အပ်သော တ ရားအလုံးစုံ အကုန် ထင်ဘော်သည်သာ။

**ထင်သောတရားတို့ကား။** ။ခန္ဓာ ၅ ပါး, ဒွါရ, ၆ ပါး,အားရုံ ၆ ပါး, ဖဿ ၆ ပါး,ဝေဒနာ ၆ ပါး, သညာ၆ပါး ,စေတနာ ၆ပါး, တဏှာ ၆ပါး, ဝိတက် ၆ပါး,ဝိစာရ၊ ၆ပါး,ဓါတ်၆ပါး,ကောဋ္ဌာသ ၃၂ ပါး, အာယတန ၁၂-ပါး, ဓာတ် ၁၈ပါး, လောကီဣန္ဒြေ ၁၉ပါး, ကာမဓာတ်,ကာမဘာဝ,ပဥ္စဝေါကာရဘာဝ, သညီဘာဝ, ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါး ဤတရားတို့ ထိုက်သလို ထင်ကုန်၏။

ကာမဘုံသား ယောဂီတိုင်းမှာ ထင်သော်လည်း နှုတ်တက်ရအောင် သုတမယဉာဏ်ဖြင့် မဆောင်နိုင် ဘူးသူ ယောဂီသည် အမည်နာမ သရုပ်သဘော်ပညတ် တင်၍ မပြောဆိုနိုင်၊ အမှတ်ဖြင့် သိသောဝိပဿနာ

ဉာဏ်မှာ ထင်သောအတိုင်း မှတ်သောအတိုင်းသာ ပြောဆိုနိုင်၏၊

(ဆောင်)။ ။ကြားသဖြင့်ပ, ပြီးစီးရ, သုတမယဉာဏ် + ကြံသဖြင့်သာ, ပြီးစီးတာ, စိန္တာမယဉာဏ် + ထင်သဖြင့်သာ, ပြီးစီးတာ, ဘာဝနာမယဉာဏ် + ဖြစ် ခိုက်ထင်တာ, ဘာဝနာမို့, စာမတတ်သူ, မဂ်ဖိုလ်ယူ, ဆူဆူမရှေနိုင်။

## အဘိညေယျ ခဏအလိုက်

ကာမဘုံသားယောဂီ၏ဉာဏ်အာရုံတွင်ထင်သော တရားတို့ကို သရုပ် သချာ အမည် ပညတ်တင်လျက် သုတမယဉာဏ်ဖြင့် အနက်မှန် သိရန် လိုအပ်သဖြင့် ဒွါရ ၆ပါး, အာရုံ ၆ပါး, ဝိညာဏ် ၆ပါး, ဖဿ ၆ ပါး, ဝေဒနာ ၆ပါး တရားတို့ကိုတရားကိုယ်ကောက်နည်း, ရုပ်နာမ်ခွဲနည်း, ခန္ဓာဖွဲ့နည်း, အာယတနာနှင့်ခေတ် ခဏအလိုက်ပါဝင်ပုံ, ကာယ, ဝေဒနာ, စိတ္တ၊ ဓမ္မ ဟူသောသတိပဋ္ဌာန်အာရုံယောဂီဉာဏ်တွင်လွှမ်းခြုံလျက် ထင်ပုံတို့ကို "အဘိညေယျ ခဏအလိုက်"ဟူသော ခေါင်းစဉ်ဖြင့် ဆက်၍ ပြဆိုဦးအံ့။

**မြင်သောခဏ** မျက်စိ အဆင်း, မြင်, တွေ့, ခံစား ဤ ၅ ပါး ပေါင်းဆုံမိ၏၊ ချဲ့ဦးအံ့-မြင်သောခဏ မျက်စိကကြည်, အဆင်းက ထင်, စက္ခုဝိညာဏ်က မြင်, ဖဿက တွေ့, ဝေဒနာက ခံစား, ဤ ၅ ပါး ပေါင်းဆုံမိတာကို "မြင်တယ်"ဆိုရ၏။

**ကြားသောခဏ** နား၊ အသံ၊ ကြား၊ တွေ့၊ ခံစား ဤ ၅ပါး ပေါင်းဆုံမိ၏ ရှုဥုံးအံ့-ကြားသောခဏ နားက ကြည်၊ အသံက၊ ထင်၊ သောတဝိညာဏ်က ကြား၊ ဖဿက တွေ့၊ ဝေဒနာက ခံစား၊ ဤ ၅ ပါး ပေါင်းဆုံ မိတာကို ''ကြားတယ်'' ဆိုရ၏။

**နံသောခဏ** နှာ၊ အနံ့၊ နံ၊ တွေ့၊ ခံစား ဤ ၅ပါး ပေါင်းဆုံမိ၏၊ ရှုဥုံး-အံ့နံသောခဏနှာက ကြည်၊ အနံ့က ထင်၊ ဃာနဝိညာဏ်က နံ၊ ဖဿက တွေ့၊ ဝေဒနာက ခံစား ဤ ၅ပါး ပေါင်းဆုံ မိတာကို''နံတယ်''ဆိုရ၏။

**စားသောခဏ** လျှာ၊ အရသာ၊ စား၊ တွေ့၊ ခံစား ဤ ၅ ပါး ပေါင်းဆုံမိ၏၊ ရှုဥုံးအံ့-စားသောခဏ လျှာက ကြည်၊ အရသာက ထင်၊ ဇိဝှာဝိညာဏ်ကစား၊ ဖဿက တွေ့၊ ဝေဒနာက ခံစား၊ ဤ ၅ပါး ပေါင်းဆုံ မိတာကို ''စားတယ်'' ဆိုရ၏။

**ထိသောခဏ** ကိုယ်၊ အတွေ့၊ ထိ၊ တွေ့၊ ခံစား ဤ ၅ ပါး ပေါင်းဆုံမိ၏၊ ရှုဥုံးအံ့— ထိသောခဏ ကိုယ်က ကြည်၊ အတွေ့က ထင်၊ ကာယဝိညာဏ်ကထိ၊ ဖဿက တွေ့၊ ဝေဒနာက ခံစား၊ ဤ ၅ ပါးပေါင်းဆုံ မိတာကို ''ထိတယ်'' ဆိုရ၏။

**ပြောဆိုသောခဏ** မနော၊ သဘော၊ သိ၊ တွေ့၊ ခံစား၍ ဤ ၅ ပါး ပေါင်းဆုံ၏၊ ရှုဥုံးအံ့—ပြောသော

ခဏာ မနောက ကြည့်, ပြောသော သဘောက ထင်, မနောဝိညာဏ်က သိ, ဖဿက တွေ့,ဝေဒနာက ခံစား ၍ ၅ ပါး ပေါင်းဆုံ မိတာကို "ဆိုတယ်–ပြောတယ်" ဟုဆိုရ၏။

**သွားသောခဏာ** မနော, သဘော,သိ, တွေ့, ခံစား ၍ ၅ ပါး ပေါင်းဆုံမိ၏၊ ချဲ့ဦးအံ့– သွားသော ခဏာ မနောက ကြည့်, သွားသော သဘောက ထင်, မနောဝိညာဏ်က သိ, ဖဿက တွေ့,ဝေဒနာက ခံစား ၍ ၅ ပါး ပေါင်းဆုံ မိတာကို "သွားတယ်" ဆိုရ၏။

**ပဋိသန္ဓာ ဒါမင်ပါဠိတော်**– သဗ္ဗံဘိက္ခဝေ အဘိညေယျံ၊ ကိဉ္စ သဗ္ဗံ အဘိညေယျံ၊ ဝေက္ခု ဘိက္ခဝေ အဘိညေယျံ၊ ရူပါ အဘိညေယျာ၊ စက္ခုဝိညာဏံ အဘိညေယျံ၊ စက္ခုသမ္ဖဿော အဘိညေယျော၊ ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံဝါတံပိ အဘိညေယျံ၊ သောတံ+ ဃာနံ+ဇိဝှာ+ကာယော–၊ပေ၊– မနော ဘိက္ခဝေ အဘိညေယျာ၊ ဓမ္မာ အဘိ...ယျာ၊ မနောဝိညာဏံ အဘိညေယျ မ...နော သမ္ဖဿော အဘိညေယျော၊ယမ္ပိဒံ မနောသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တံပိ အဘိညေယျံ၊

မှာထားချက်။ ။သိသောခဏာ ဟုဆိုလျှင် အများနှင့်ဆက်ဆံ၏။

ထို့ကြောင့် အများနှင့် မဆက်ဆန်စေရန် "ပြောဆိုသောခဏ, သွားသောခဏ" စသည်ဖြင့် ဆိုရသည်။ မြတ်စွာဘုရားသည် သတိပဋ္ဌာန် ဣရိယာပထပိုင်း, သမ္ပဇညပိုင်းတို့ကို "သိသောခဏ" အတွက် အများနှင့် မဆန်ဆံစေရန် ဟောတော်မူ၏ဟု မှတ်ယူပါ။ သမ္ပဇညပဗ္ဗဆောင်ပုဒ်လာ ကိုယ်အမူအရာတို့ကို ချဲ့ထွင် ဆိုတတ်ပါစေ၊ အထူးမှာ– အသိတေ,ဝိတေ,ခါယိတေ, သာယိတေ-" ၄-ဌာန၌ ဇိဝှာဝိညာဏ သာယနကိစ္စဟု သတိမမူ ဂူကိုမမြင်သလို။ အမှတ်မှားတတ်၏၊ အမှန်မှာ "စားတာ, သောက်တာ, ခဲတာ, လျက်တာ" ကို ကာယဝိညာတ်နှင့်တကွ စိတ္တဇရုပ်–ဟု သတိမူလျက် ဂူကိုမြင်ပါစေ၊ ထို့ပြင်– "မနော" အရ "မနောကကြည်"ဆိုရာ၌ ဝိပဿနာအဌကထာ အရပ်ရပ်နှင့် ညီညွတ်စွာ ဒွါရ ရုပ်ဌာန ဖြစ်သောကြောင့် "ဟဒယဝတ္ထု"ကို ကောက်ယူပါ။

## ရုပ်–နာမ်အခွဲ

### (ဆောင်) စိတ်မှု–နှုတ်မှု ကိုယ်အမှု

### ၂–ခု ရုပ်နာမ်ပေါင်းဆုံမိ။

**မြင်သောခဏ** မျက်စိ,အဆင်း,မြင်,တွေ့,ခံစား ဤ ၅ ပါးတွင် မျက်စိနှင့် အဆင်းကား ရုပ်တည်း။ မြင်တာ တွေ့တာ ခံစားတာကား နာမ်တည်း။ မှန်၏– မျက်စိကြည်တာက စက္ခုဒသက=ရုပ်၊အဆင်းထင်တာက ရူပအဌက=ရုပ်၊ မြင်တာက စိတ်=နာမ်၊ တွေ့တာ ခံစားတာက စေတသိက်=နာမ်၊ ဤရုပ်နာမ် ၂-ပါး ပေါင်းဆုံမိတာကို "မြင်တယ်" ဆိုရ၏။

**ကြားသောခဏ** နား၊ အသံ၊ ကြား၊ တွေ့၊ ခံစား ဤ ၅ ပါးတွင် နားနှင့် အသံကား ရုပ်တည်း၊ ကြားတာ တွေ့တာ ခံစားတာကား နာမ်တည်း၊ မှန်၏— နား ကြည်တာက သောတပသာဒ=ရုပ်၊ အသံထင်တာက သဒ္ဒါရုံ=ရုပ်၊ ကြားတာက စိတ်နာမ်၊ တွေ့တာ ခံစားတာကစေတသိက်နာမ်၊ ဤရုပ်နာမ် ၂-ပါးပေါင်းဆုံ မိတာကို “ကြားတယ်” ဆိုရ၏။

**နံသောခဏ** နှာ၊ အနံ့၊ နံ၊ တွေ့၊ ခံစား ဤ ၅ပါး တွင် နှာနှင့် အနံ့ကား ရုပ်တည်း၊ နံတာ တွေ့တာ ခံစားတာကား နာမ်တည်း၊ မှန်၏—နှာကြည်တာက ဃာနပသာဒ=ရုပ်၊ အနံ့ထင်တာက ဂန္ဓာရုံ=ရုပ်၊ နံတာက စိတ်=နာမ်၊ တွေ့တာ ခံစားတာက စေတသိက်=နာမ်။ ဤရုပ်နာမ် ၂-ပါး ပေါင်းဆုံ မိတာကို “နံတယ်” ဆိုရ၏။

**စားသောခဏ**—လျှာ၊ အရသာ၊ စား၊ တွေ့၊ ခံစား ဤ ၅-ပါးတွင် လျှာနှင့် အရသာကား ရုပ်တည်း၊ စားတာ တွေ့တာ ခံစားတာကား နာမ်တည်း၊ မှန်၏— လျှာကြည်တာက ဇိဝှါပသာဒ=ရုပ်၊ အရသာထင်တာက ရသာရုံ=ရုပ်၊ စားတာက စိတ်နာမ်၊ တွေ့တာ ခံစားတာက စေတသိက်နာမ်၊ ဤ ရုပ်နာမ် ၂-ပါး ပေါင်းဆုံမိတာကို “စားတယ်” ဆိုရ၏။

**ထိသောခဏ** ကိုယ်,အတွေ့,ထိ,တွေ့,ခံစား ဤ ၅ ပါးတွင် ကိုယ်နှင့်အတွေ့ကား ရုပ်တည်း၊ ထိတာ တွေ့တာ ခံစားတာကါး နာမ်တည်း၊ မှန်၏ ကိုယ် ကြည်တာက ကါယဒသက–ရုပ်၊ အတွေ့ထင်တာက ဖေါဋ္ဌဗ္ဗအဋ္ဌက–ရုပ်၊ ထိတာက စိတ်နာမ်၊ တွေ့တာ ခံစားတာက စေတသိက်နာမ်၊ ဤရုပ် နာမ် ၂-ပါး ပေါင်းဆုံ မိတာကို "ထိတယ်"ဆိုရ၏။

**ပြောဆိုသောခဏ** မနော, သဘော,သိ, တွေ့, ခံစား ဤ ၅-ပါးတွင် မနောနှင့် သဘောကား ရုပ် တည်း၊ သိတာ တွေ့တာ ခံစားတာကား နာမ်တည်း မှန်၏– မနောကြည်တာကဟာဒယဒသက–ရုပ်၊ ပြော ဆိုသော သဘောထင်တာက ဝစီဝိညတ္တိနဝကရုပ်၊သိ တာက စိတ်နာမ်၊ တွေ့တာ ခံစားတာက စေတသိက် နာမ်၊ ဤရုပ်နာမ် ၂ ပါးပေါင်းဆုံ မိတာကို "ပြော တယ်"ဆိုရ၏။

**သွားသောခဏ** မနော,သဘော,သိ,တွေ့,ခံစား ဤ ၅ ပါးတွင် မနောနှင့် သဘောကား ရုပ်တည်း၊ သိတာ တွေ့တာ ခံစားတာကား နာမ်တည်း၊ မှန်၏– မနောကြည်တာက ဟာဒယ ဒသက–ရုပ်၊ သွားသော သဘော ထင်တာက ကါယဝိညတ္တိနဝက–ရုပ်၊ သိတာ က စိတ်–နာမ် တွေ့တာ ခံစားတာက စေတသိက်–

နာမ် ဤရုပ်နာမ် ၂ ပါးပေါင်းဆုံမိတာကို "သွားတယ်" ဆိုရ၏။

## ခန္ဓာ ၅-ပါးဖွဲ့ပုံ

[ဆောင်] စိတ်မှု- နှုတ်မှု, ကိုယ်အမှု, ၅=ခု ခန္ဓာ ပေါင်းဆုံမိ။ မြင်သောခဏ မျက်စိ,အဆင်း, မြင်, တွေ့ ခံစား ဤ ၅ပါးတွင် မျက်စိနှင့် အဆင်းက ရူပက္ခန္ဓာ၊ မြင်တာက ဝိညာဏက္ခန္ဓာ၊ တွေ့တာက သင်္ခါရက္ခန္ဓာ၊ ခံစားတာက ဝေဒနာက္ခန္ဓာ၊ တွေ့တာခံစားတာတို့နှင့် ယှဉ်သော သညာက သညာက္ခန္ဓာ၊ ဤခန္ဓာ ၅ ပါး ပေါင်းဆုံ မိတာကို "မြင်တယ်"ဆိုရ၏။

**ကြားသောခဏ** နား,အသံ,ကြား,တွေ့,ခံစား ဤ ၅ပါ တွင် နားနှင့် အသံက ရူပက္ခန္ဓာ၊ ကြားတာက ဝိညာဏက္ခန္ဓာ၊ တွေ့တာက သင်္ခါရက္ခန္ဓာ၊ ခံစားတာ က ဝေဒနာက္ခန္ဓာ၊ တွေ့တာ ခံစားတာတို့နှင့် ယှဉ် သော သညာက သညာက္ခန္ဓာ၊ ဤခန္ဓာ ၅ပါးပေါင်း ဆုံ မိတာကို "ကြားတယ်"ဆိုရ၏။

**နံသောခဏ** နှာ,အနံ့,နံ,တွေ့,ခံစားဤ၅ပါးတွင် နှာနှင့် အနံ့က ရူပက္ခန္ဓာ၊ နံတာက ဝိညာဏက္ခန္ဓာ၊ တွေ့တာက သင်္ခါရက္ခန္ဓာ၊ခံစားတာက ဝေဒနာက္ခန္ဓာ၊ တွေ့တာ ခံစားတာတို့ နှင့် ယှဉ်သော သညာက

သညာကန္ဒာ၊ ဤခန္ဓာ ၅ပါး ပေါင်းဆုံ မိတာကို "နံ့တယ်" ဆိုရ၏၊

**စားသောခဏ** လျှာ,အရသာ,စား, တွေ့,ခံစား ဤ၅ပါးတွင် လျှာနှင့် အရသာက ရူပက္ခန္ဓာ၊ စားတာက ဝိညာဏက္ခန္ဓာ၊ တွေ့တာက သင်္ခါရက္ခန္ဓာ၊ ခံစားတာက ဝေဒနာက္ခန္ဓာ၊ တွေ့တာ ခံစားတာတို့နှင့် ယှဉ်သော သညာက သညာက္ခန္ဓာ၊ ဤခန္ဓာ ၅ ပါး ပေါင်းဆုံ မိတာကို "စားတယ်" ဆိုရ၏။

**ထိသောခဏ** ကိုယ်,အတွေ့,ထိ,တွေ့,ခံစား ဤ ၅ ပါးတွင် ကိုယ်နှင့် အတွေ့က ရူပက္ခန္ဓာ၊ ထိတာက ဝိညာဏက္ခန္ဓာ၊ တွေ့တာက သင်္ခါရက္ခန္ဓာ။ ခံစားတာက ဝေဒနက္ခန္ဓာ၊ တွေ့တာ ခံစားတာတို့နှင့်ယှဉ်သော သညာက သညာက္ခန္ဓာ၊ ဤခန္ဓာ ၅ပါးပေါင်းဆုံ မိတာကို "ထိတယ်" ဆိုရ၏။

**ပြောဆိုသောခဏ** မနော,သဘော,သိ, တွေ့, ခံစား ဤ ၅ပါးတွင် မနောနှင့် ပြောသော သဘောက ရူပက္ခန္ဓာ၊ သိတာက ဝိညာဏက္ခန္ဓာ၊ တွေ့တာက သင်္ခါရက္ခန္ဓာ၊ ခံစားတာက ဝေဒနာက္ခန္ဓာ၊ တွေ့တာ ခံစားတာတို့နှင့် ယှဉ်သော သညာက သညာက္ခန္ဓာ၊ ဤခန္ဓာ၅ပါး ပေါင်းဆုံမိတာကို "ပြောတယ်" ဆိုရ၏။

**သွားသောခဏ** မနော,သဘော,သိ,တွေ့,ခံစား

ဤ၅ပါးတွင်မနောနှင့်သွားသောါသဘောကရူပက္ခန္ဓာ၊ သိတာက ဝိညာဏက္ခန္ဓာ၊ တွေ့တာက သညာရက္ခန္ဓာ၊ ခံစားတာက ဝေဒနာက္ခန္ဓာ၊ တွေ့တာ ခံစားတာတို့နှင့် ယှဉ်သော သညာက သညာက္ခန္ဓာ၊ ဤခန္ဓာ ၅ပါး ပေါင်းဆုံ မိတာကို "သွားတယ်"ဆိုရ၏။

**အာယတန အခွဲ**

[ဆောင်]စိတ်မှု-နှုတ်မှု,ကိုယ်အမှု,၄-ခုအာယတန ပေါင်းဆုံမိ။

**မြင်သောခဏ** မျက်စိ,အဆင်း,မြင်,တွေ့,ခံစား ဤ၅ပါးတွင် မျက်စိက စက္ခာယတန၊ အဆင်းက ရူပါယတန၊ မြင်တာက မနာယတန၊ တွေ့တာနှင့် ခံစားတာက ဓမ္မာယတန၊ ဤအာယတန ၄-ပါး ပေါင်းဆုံ မိတာကို "မြင်တယ်"ဆိုရ၏။

**ကြားသောခဏ** နား,အသံ,ကြား,တွေ့,ခံစား ဤ ၅ပါးတွင် နားက သောတာယတန။အသံက သဒ္ဒါယတန၊ ကြားတာက မနာယတန၊တွေ့တာနှင့်ခံစားတာက ဓမ္မာယတန၊ ဤအာယတန ၄-ပါး ပေါင်းဆုံ မိတာကို "ကြားတယ်"ဆိုရ၏။

**နံသောခဏ** နှာ, အနံ့,နံ, တွေ့ ခံစား ဤ ၅ပါး တွင် နှာက ဃာနာယတန၊ အနံ့က ဂန္ဓာယတန၊ နံတာက မနာယတန၊ တွေ့တာနှင့် ခံစားတာက ဓမ္မာ

ယတန၊ ဤအာယတန၊ ၄ ပါးပေါင်းဆုံ မိတာကို ''နံတယ်'' ဆိုရ၏။

**စားသောခဏ** လျှာ, အရသာ, စား, တွေ့, ခံ စား ဤ ၅-ပါးတွင် လျှာကစိဝှာယတန၊ အရသာက ရသာယတန၊ စားတာက မနာယတန၊ တွေ့တာနှင့်ခံ စားတာကဓမ္မာယတန၊ ဤအာယတန ၄ပါးပေါင်းဆုံ မိတာကို ''စားတယ်'' ဆိုရ၏။

**ထိသောခဏ** ကိုယ်,အတွေ့,ထိ,တွေ့,ခံစား ဤ ၅-ပါးတွင် ကိုယ်က ကာယာယတန၊ အတွေ့က ဖေါဋ္ဌဗ္ဗာယတန၊ အထိက မနာယတန၊ တွေ့တာနှင့် ခံစားတာက ဓမ္မာယတန ဤအာယတန ၄-ပါးပေါင်း မိတာကို''ထိတယ် ဆိုရ၏။

**ပြောဆိုသောခဏ** မနော, သဘော, သိ, တွေ့, ခံစား၊ ဤ ၅-ပါးတွင် မနောကြည်တာက ရုပ်ဓမ္မာ ယတန၊ပြောသောသဘောထင်တာက ရုပ်ဓမ္မာ ယတ န၊ သိတာက မနာယတန၊ တွေ့တာနှင့် ခံစားတာက နာမ်ဓမ္မာယတန၊ ဤ အာယတနတရားတို့ ပေါင်းဆုံ မိတာကို''ပြောတယ်'' ဆိုရ၏။

**သွားသောခဏ** မနော,သဘော,သိ,တွေ့,ခံစား ဤ ၅-ပါးတွင် မနောကြည်တာက ရုပ်ဓမ္မာယတန၊ သွားသော သဘော ထင်တာက ရုပ်ဓမ္မာယတန၊ သိ

တာက မနာယတန၊ တွေ့တာနှင့် ခံစားတာက နာမ်
ဓမ္မာယတန၊ ဤအာယတနတရားတို့ ပေါင်းဆုံ မိတာ
ကို''သွားတယ်''ဆိုရ၏။

## ဓာတ် ၄-ပါးစီ အခွဲ

(ဆောင်) စိတ်မှု-နှုတ်မှု,ကိုယ်အမှု,၄-ခုဓာတ်တို့ ပေါင်း
ဆုံမိ။

**မြင်သောခဏ** မျက်စိ,အဆင်း,မြင်,တွေ့,ခံစား၊
ဤ ၄-ပါးတွင် မျက်စိက စက္ခုဓာတ်, အဆင်းက ရူပ
ဓာတ်, မြင်တာက စက္ခုဝိညာဏဓာတ်, တွေ့တာနှင့်
ခံစားတာက ဓမ္မဓာတ်၊ဤဓာတ် ၄-ပါး ပေါင်းဆုံ မိ
တာကို''မြင်တယ်'' ဆိုရ၏။

**ကြားသောခဏ** နား,အသံ,ကြား, တွေ့, ခံစား
ဤ ၅-ပါးတွင် နားက သောတဓာတ်၊ အသံက သဒ္ဒ
ဓာတ်၊ကြားတာက သောတဝိညာဏဓာတ်၊တွေ့တာ
နှင့် ခံစားတာက ဓမ္မဓာတ်၊ ဤဓာတ် ၄-ပါး ပေါင်း
ဆုံ မိတာကို''ကြားတယ်''ဆိုရ၏။

**နံ့သောခဏ** နှာ, အနံ့, နံ့,တွေ့,ခံစား ဤ ၅-
ပါးတွင် နှာက ဃာနဓာတ်၊ အနံ့က ဂန္ဓဓာတ်၊ နံ့
တာက ဃာနဝိညာဏဓာတ်၊တွေ့တာနှင့် ခံစားတာ
ဓမ္မဓာတ်၊ ဤ ၄-ပါး ပေါင်းဆုံ မိတာကို ''နံ့တယ်''
ဆိုရ၏။

**စားသောခဏ** လျှာ, အရသာ, စား, တွေ့, ခံစား ဤ ၅-ပါးတွင် လျှာက ဇိဝှါခေတ်၊ အရသာက ရသခေတ်၊ စားတာက ဇိဝှါဝိညာဏခေတ်၊ တွေ့တာနှင့် ခံစားတာက ဓမ္မခေတ်၊ ဤခေတ် ၄-ပါး ပေါင်းဆုံ မိတာကို "စားတယ်" ဆိုရ၏။

**ထိသောခဏ** ကိုယ်, အတွေ့, ထိ, တွေ့, ခံစား ဤ ၅-ပါးတွင် ကိုယ်က ကာယခေတ်၊ အတွေ့က ဖေါဋ္ဌဗ္ဗခေတ်၊ ထိတာက ကာယဝိညာဏခေတ်၊ တွေ့တာနှင့်ခံစားတာက ဓမ္မခေတ်၊ ဤခေတ် ၄-ပါး ပေါင်းဆုံမိ တာကို "ထိတယ်" ဆိုရ၏။

**ပြောဆိုသောခဏ** မနော, သဘော, သိ, တွေ့, ခံစား ဤ ၅-ပါးတွင် မနောကြည်တာက ရုပ်ဓမ္မခေတ်၊ ပြောသောသဘောထင်တာက ရုပ်ဓမ္မခေတ်၊ သိတာက မနောဝိညာဏခေတ်၊ တွေ့တာနှင့် ခံစားတာက နာမ်ဓမ္မခေတ်၊ ဤခေတ်တရားတို့ ပေါင်းဆုံမိတာကို "ပြောတယ်" ဆိုရ၏။

**သွားသောခဏ** မနော, သဘော, သိ, တွေ့, ခံစား ဤ ၅-ပါးတွင် မနောကြည်တာက ရုပ်ဓမ္မခေတ်၊ သွားသော သဘောထင်တာက ရုပ်ဓမ္မခေတ်၊ သိတာက မနောဝိညာဏခေတ်၊ တွေ့တာနှင့် ခံစားတာက နာမ်ဓမ္မခေတ်၊ ဤတရားတို့ ပေါင်းဆုံ မိတာကို "သွား

တယ်''ဆိုရ၏။

## ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ-အခွဲ

(ဆောင်) စိတ်မှု-နှုတ်မှု, ကိုယ်မှုဟူသမျှ, ကာယ-ဝေဒနာ, စိတ္တာ-ဓမ္မ,ပေါင်းဆုံကြ—သတိပဋ္ဌာန အာရုံသော်င်....။

**မြင်သောခဏ** မျက်စိ,အဆင်း၊မြင်တွေ့,ခံစား ဤ ၅ပါးတွင် မျက်စိနှင့် အဆင်းက ကာယ၊ မြင်တာက စိတ္တ၊ တွေ့တာက ဓမ္မ၊ ခံစားတာက ဝေဒနာ၊ ဤကာယ ဝေဒနာ စိတ္တ ဓမ္မ ၄ပေါင်းဆုံမိတာကို ''မြင်တယ်'' ဆိုရ၏။

**သတိရှိပါ**—ခန္ဓာ ၅-ငါးပါးတွင် ကာယဖြင့် ရူပက္ခန္ဓာကို,ဝေဒနာဖြင့် ဝေဒနာက္ခာကို, စိတ္တဖြင့် ဝိညာဏက္ခာကို ကောက်ယူလျက်, ဓမ္မဖြင့်ကား သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာ ၅၀ တို့ကို (ပါရိသေသ နည်းအားဖြင့်) ကောက်ယူသည်ဟု သတိရှိပါ။

**ကြားသောခဏ** နား, အသံ, ကြား, တွေ့, ခံစား၊ ဤငါးပါးတွင် နားနှင့် အသံက ကာယ၊ ကြားတာက စိတ္တ၊တွေ့တာက ဓမ္မ၊ ခံစားတာက ဝေဒနာ၊ ဤ ကာယ ဝေဒနာ စိတ္တ ဓမ္မ ပေါင်းဆုံမိတာကို''ကြားတယ်''ဆိုရ၏။

**နံသောခဏ** နှာ, အနံ့, နံ, တွေ့, ခံစား ဤ ၅-ပါးတွင် နှာနှင့် အနံ့က ကာယ၊နံတာက စိတ္တ၊ တွေ့တာက ဓမ္မ၊ခံစားတာက ဝေဒနာ၊ဤ ကာယ ဝေဒနာ

စိတ္တ ဓမ္မ ပေါင်းဆုံ မိတာကို ''နံတယ်'' ဆိုရ၏။

**စားသောခဏ** လျှာ,အရသာ,စား,တွေ့,ခံစား, ဤ ငါးပါးတွင် လျှာနှင့် အရသာက ကာယ၊ **စား** တာက စိတ္တ၊ တွေ့တာက ဓမ္မ၊ ခံစားတာက ဝေဒနာ, ဤ ကာယ ဝေဒနာ စိတ္တ ဓမ္မ ပေါင်းဆုံ မိတာကို ''စား တယ်'' ဆိုရ၏။

**ထိသောခဏ** ကိုယ်,အတွေ့,ထိ,တွေ့,ခံစား ဤ ၅-ပါးတွင် ကိုယ်နှင့် အတွေ့က ကာယ၊ ထိတာက စိတ္တ၊ တွေ့တာက ဓမ္မ၊ခံစားတာက ဝေဒနာ၊ ဤ ကာ ယ ဝေဒနာ စိတ္တ ဓမ္မ ပေါင်းဆုံ မိတာကို ''ထိတယ်'' ဆိုရ၏။

**ပြောသောခဏ** မနော,သဘော,သိ,တွေ့,ခံစား ဤ ၅-ပါးတွင် မနော ကြည်တာနှင့် ပြောသော သ ဘောထင်တာက ကာယ၊သိတာက စိတ္တ၊တွေ့တာက ဓမ္မ ခံစားတာက ဝေဒနာ၊ ဤ ကာယ ဝေဒနာ စိတ္တ ဓမ္မ ပေါင်းဆုံ မိတာကို ''ပြောတယ်'' ဆိုရ၏။

**သွားသောခဏ** မနော, သဘော, သိ, တွေ့, ခံစား ဤ ၅-ပါးတွင် မနောကြည်တာနှင့် သွားသော သဘောထင်တာက ကာယ၊သိတာက စိတ္တ၊ တွေ့တာ က ဓမ္မ၊ ခံစားတာက ဝေဒနာ၊ ဤ ကာယ ဝေဒနာ စိတ္တ ဓမ္မ ပေါင်းဆုံ မိတာက ''သွားတယ်'' ဆိုရ၏။

## ယောဂီနှင့် အယောဂီရေးရာ

**ယောဂီ။** ။ကိလေသာ နည်းသော အပ္ပရဇက္ခ ပုဂ္ဂိုလ်, ဣန္ဒြေထက်သော တိက္ခိန္ဒြိယပုဂ္ဂိုလ်, အချင်းအရာကောင်းသော သွာကာရ ပုဂ္ဂိုလ်, သိလွယ်သော သုဝိညာပယပုဂ္ဂိုလ်,တမလွန်လောက၌ အပြစ်ကိုဘေးဟု ရှုလေ့ရှိသော ပရလောကဝဇ္ဇဘယဒဿာဝီပုဂ္ဂိုလ်များသည် ယောဂီ မည်၏။ယောဂီဟုတ်၏။

**အယောဂီ။** ။ကိလေသာ များသော မဟာရဇက္ခပုဂ္ဂိုလ်,ဣန္ဒြေနုံ့သော မုဒိန္ဒြိယပုဂ္ဂိုလ်, အချင်းအရာ မကောင်းသော ဒွါကာရပုဂ္ဂိုလ်, သိခဲသော ဒုဝိညာပယပုဂ္ဂိုလ်,တမလွန်လောက၌ အပြစ်ကိုဘေးဟု ရှုလေ့ မရှိသော နပရလောက ဝဇ္ဇဘယ ဒဿာဝီ ပုဂ္ဂိုလ်များသည် ယောဂီ မမည်, ယောဂီ မဟုတ်၊ အယောဂီကား ဟုတ်၏။

**အပ္ပရဇက္ခ,မဟာရဇက္ခ။** ။သဒ္ဓါနှင့် ပြည့်စုံသူ, အားထုတ်သည့် ဝီရိယနှင့်ပြည့်စုံသူ, ထင်သော သတိနှင့်ပြည့်စုံသူ,စိတ်တည်သူ,ပညာရှိသူသည် အပ္ပရဇက္ခပုဂ္ဂိုလ်မည်၏၊ သဒ္ဓါနှင့် မပြည့်စုံသူ, အားမထုတ်သူ, မေ့လျော့သော သတိရှိသူ, စိတ်မတည်သူ, ပညာမရှိသူသည်မဟာရဇက္ခပုဂ္ဂိုလ်မည်၏။ [အပ္ပ = နည်းသော+မဟာ=များသော+ရဇ=ကိလေသာမြူရှိ၏ဟူ၍+အက္ခ = ဆိုအပ်သူ။]

**တိက္ခိန္ဒြိယ, မုဒိန္ဒြိယ။** ။သဒ္ဓါနှင့်ပြည့်စုံသူ,အားထုတ်သည့် ဝီရိယနှင့် ပြည့်စုံသူ, ထင်သော သတိနှင့်ပြည့်စုံသူ, စိတ်တည်သူ, ပညာရှိသူသည် တိက္ခိန္ဒြိယ ပုဂ္ဂိုလ်မည်၏၊ သဒ္ဓါနှင့် မပြည့်စုံသူ, အားမထုတ်သူ, မေ့လျော့သော သတိရှိသူ,စိတ်မတည်သူ, ပညာမရှိသူသည် မုဒိန္ဒြိယပုဂ္ဂိုလ်မည်၏။[တိက္ခ=ထက်သော+မုဒု = နုံ့သော+ဣန္ဒြိယ=ဣန္ဒြေရှိသူ။]

**သွာကာရ,ဒွာကာရ။** ။သဒ္ဓါနှင့် ပြည့်စုံသူ, အားထုတ်သည့် ဝီရိယနှင့် ပြည့်စုံသူ,ထင်သော သတိနှင့်ပြည့်စုံသူ,စိတ်တည်သူ,ပညာရှိသူသည်သွာကာရ ပုဂ္ဂိုလ်မည်၏၊ သဒ္ဓါနှင့် မပြည့်စုံသူ, အားမထုတ်သူ, မေ့လျော့သောသတိရှိသူ,စိတ်မတည်သူ,ပညာမရှိသူသည် ဒွါကာရပုဂ္ဂိုလ်မည်၏။[သု = ကောင်းသော+ ဒု= မကောင်းသော = အာကာရ = အချင်းအရာရှိသူ။]

**သုဝိညာပယ,ဒုဝိညာပယ။** ။သဒ္ဓါနှင့် ပြည့်စုံသူ,အားထုတ်သည့်ဝီရိယနှင့် ပြည့်စုံသူ,ထင်သော သတိနှင့်ပြည့်စုံသူ, စိတ်တည်သူ, ပညာရှိ သူသည် သုဝိညာပယပုဂ္ဂိုလ်မည်၏၊သဒ္ဓါနှင့်မပြည့်စုံသူ, အားမထုတ်သူ,မေ့လျော့သော သတိရှိသူ, စိတ်မတည်သူ, ပညာမရှိသူသည် ဒုဝိညာပယပုဂ္ဂိုလ်မည်၏။
[(သု = လွယ်ကူစွာ+ဒု = ခဲယဉ်းစွာ+ဝိညာပယ = သိစေအပ်သူ။)

**ပရလောက ဝဇ္ဇ ဘယဒဿာဝီ, နပရလောက ဝဇ္ဇဘယဒဿာဝီ။** ။သဒ္ဓါနှင့်ပြည့်စုံသူ,အားထုတ်သည့်ဝီရိယနှင့်ပြည့်စုံသူ,ထင်သော သတိနှင့် ပြည့်စုံသူ, စိတ်တည်သူ, ပညာရှိသူသည် ပရလောကဝဇ္ဇဘယဒဿာဝီပုဂ္ဂိုလ်မည်၏၊ သဒ္ဓါနှင့် မပြည့်စုံသူ, အားမထုတ်သူ, မေ့လျော့သောသတိရှိသူ စိတ်မတည်သူ, ပညာမရှိသူသည် နပရလောကဝဇ္ဇဒဿာဝီ ပုဂ္ဂိုလ်မည်၏။

## လောက၌အပြစ်၌ဘေးထင်ပုံ

**လောက**–ဟူသည် ခန္ဓလောက,ဓာတုလောက, အာယတနလောက,မကောင်းသော ဘဝ ဟူသော ဝိပ္ပတ္တိဘဝလောက, မကောင်းသောဘဝနှင့်ပြည့်စုံခြင်းဟူသော ဝိပ္ပတ္တိသမ္ဘဝလောက,ကောင်းသောဘဝဟူသော သမ္ပတ္တိဘဝလောက, ကောင်းသော ဘဝနှင့် ပြည့်စုံခြင်း ဟူသော သမ္ပတ္တိ သမ္ဘဝ လောကများတည်း။ ဤလောကများသည်“လောက”မည်၏။

**လောကအပြား။** ။သတ္တဝါဟူသမျှအကြောင်းလျှင်တည်ရာရှိကြခြင်းအားဖြင့် လောက ၁–ပါး၊နာမ်ရုပ်အားဖြင့်လောက ၂–ပါး၊သုခ,ဒုက္ခ,ဥပေက္ခာအားဖြင့် လောက ၃–ပါး၊ ကဗဠီကာရာဟာရ ဖဿာဟာရ စေတနာဟာရ ဝိညာဏာဟာရအားဖြင့် လောက ၄–ပါး၊ဥပါဒါနက္ခန္ဓာ ၅–ပါး အားဖြင့် လောက ၅–ပါး၊အတွင်းအာယတန ၆–ပါးအားဖြင့်လောက ၆–ပါး၊ဝိညာဏဋ္ဌိတိ ၇–ပါးအားဖြင့်လောက ၇–ပါး၊လော

ကမ္မ ၈-ပါးအားဖြင့်လောက ၈-ပါး၊ သတ္တဝါသ ၉-ပါး အားဖြင့် လောက ၉-ပါး၊ အာယတန ၁၀-ပါး အားဖြင့် လောက ၁၀-ပါး၊ အာယတန ၁၂-ပါးအားဖြင့် လောက ၁၂-ပါး၊ဓာတ် ၁၈-ပါးအားဖြင့်လောက ၁၈-ပါး၊ ဤသို့ လောကအပြားဘုရားအဟောကို မှတ်သားထိုက်၏။

**ဝဋ္ဋ = အပြစ်**-ဟူသည် လောကီဖြစ်သော **ကာမ** မဟဂ္ဂုတ် ကုသိုလ် (ဇောစိတ္တုပ္ပါဒ်) အလုံးစုံလည်း “ဝဋ္ဋ = အပြစ်” တည်း၊ အကုသိုလ်(ဇောစိတ္တုပ္ပါဒ်)အလုံးစုံလည်း“ဝဋ္ဋ = အပြစ်”တည်း၊၃၁-ဘုံဘဝသို့ ရောက်ကြောင်း**အစစ်** ကံ ဟောင်း ကံသစ် ဟူသမျှလည်း“ဝဋ္ဋ = အပြစ်”တည်း။

**ဘယ+ဒဿာဝီ**။ ။ဤ လောက၌ရင်း ဤ အပြစ်၌ရင်း ကြောက်ဘွယ်အစု ဘေးဟု ထင်ခြင်းသည် ဘယဒဿာဝီ မည်၏။ ထင်စေဦးအံ့—ဓါးသံလျက်ကို မြောက်ချီကာ လည်ကိုဖြတ် လျက် သတ်တော့မည့်ဆဲဆဲ၌ သည်းအူတွံတွံ အလွန့်အလွန် ကြောက်ခြင်း ထင်မှုပြင်းထန်သကဲ့သို့ ထိုအတူပင် သဒ္ဓါဝီရိယ သတိ,သမာဓိ,ပညာရှိသော ပရလောက ဝဋ္ဋဘယ ဒဿာဝီ ယောဂီပုဂ္ဂိုလ်သည် ဤလောက၌ရင်း ဤအပြစ်၌ရင်း သည်းအူ တွံတွံ အလွန့်အလွန် ကြောက်ခြင်းထင်မှုပြင်းထန်လေသည် ဤလောက၌ရင်း ဤအပြစ်၌ရင်း ထိုကဲ့သို့ ကြောက်ခြင်းမထင် သူသည် နောပရလောက ဝဋ္ဋဘယ ဒဿာဝီ (အယောဂီ) မည်၏။

## သာသနာ့အရသာရယူသူများ

## ကိလေသအဘာဝ-မဂ်စိတ္တတည့်, ကမ္မအဘာဝ=

**မဂ်စေတနာနှင့်,ဒုက္ခအဘာဝ-နိဗ္ဗာန ....သာသနာ့ အရသာ**-ဟူသည်နှင့်အညီ ကိလေသာ အဟောင်းအ သစ်မဖြစ်မရှိသောမဂ်စိတ်,ကံအဟောင်းအသစ်မဖြစ် မရှိသော မဂ်စေတနာ, ဒုက္ခဟူရွေ့မြူငွေ့လောက်မျှ မ ဖြစ်မရှိသောနိဗ္ဗာန် ဤ ၃-တန်တို့ကို"သာသနာ့ အရ သာ"ဟု ဤကျမ်းက ဆိုလိုပေသည်။

ယင်းသာသနာ့အရသာ ဖြစ်ရှိသူများကား အပ္ပရ ဇက္ခ,တိက္ခိန္ဒြိယ,သွာကာရ, သုဝိညာပယ.ပရလော ကဝဇ္ဇဘယဒဿာဝီ ယောဂီပုဂ္ဂိုလ်များတည်း၊အချုပ် အားဖြင့်"သဒ္ဓါ- ဝီရိယ- သတိ- သမာဓိ-ပညာ"ဟူ သော ဣန္ဒြေတရား,ဗိုလ်တရားတို့ အင်တူအားတူပြည့် စုံညီမျှသည့် ယောဂီများကို"သာသနာ့အရသာ ဖြစ်ရှိ သူများ"ဟု ပုဂ္ဂလဓိဋ္ဌာန်မဘက် ဓမ္မဓိဋ္ဌာန်သက်သက် ဖြင့်သာ ခေါ်ဝေါ်သင့်ပေသည်။

**ရတနာ ၃-ပါးပေါ်ထွန်းချိန်။** ။မြတ်စွာဘုရား ၏ ဘိုးတော်အဥ္စနမင်းကြီး ဖိုကျွင်းသက္ကရာဇ် (၁၀၃) ခုနှစ် ကဆုံလပြည့်နေ့ နံနက် အာရုဏ်တက် အချိန်၌ သာသနာ့ အရသာကို ဆရာမကူ သယမ္ဘူ ဉာဏ်ဖြင့် ကိုယ်တိုင်ကိုယ်ပိုင် လက်ဦးအစ ဖြစ်ပေါ်ရသူ ပုဂ္ဂိုလ် ကား သာသနာ့အရသာကို ပေးဘော်မှုသည့်ဒေသက ထွတ်ချာ ဗုဒ္ဓရတနာပင်တည်း၊ယင်းသက္ကရာဇ်၁၀၃-

ခုနစ် ဝါဆိုလပြည့်နေ့၌ ဓမ္မစကြာ ဒေသနာကို စတင် ဟောပြရာ အချိန်ကို ဓမ္မရတနာ သာသနာ့ အရသာ ပေါ်ထွန်းချိန်ဟု အမှတ်ပြုရပေသည်။

(ခုဒ္ဒကပါဌ အဋ္ဌကထာ၌ မဂ် ၄-ပါး၊ တရားကိုသာ "ဓမ္မ" အရ ကောက်ယူ၏။ အဋ္ဌသာလိနီ စသည်၌ကား "မဂ်"ကိုပင် ပဓာန ထား လျက် မဂ်၏အကျိုး "ဖိုလ်"နှင့် မဂ်ဖိုလ်၏အာရုံ "နိဗ္ဗာန်" ထို မဂ်ဖိုလ် နိဗ္ဗာန်ကို ရကြောင်းဖြစ်သော "ပရိယတ်"ဟု ဓမ္မအရကောက်ယူသဖြင့် "မဂ် ၄-ပါး–ဖိုလ် ၄-ပါး–နိဗ္ဗာန်–ပရိယတ်" အားဖြင့် ဓမ္မရတနာ ၁၀-ပါးဟု ရေတွက်ရိုးရှိ၏၊ ဤကျမ်းက "မဂ် ၄-ပါး, မဂ်စေတနာ ၄ တန်, နိဗ္ဗာန်" တရားတို့ကို ဓမ္မရတနာဟု ဆိုလိုပေသည်။)

သာသနာ့အရသာ ဖြစ်ရှိသည့် သံဃရတနာကား ဓမ္မစကြာဒေသနာကို ဟောကြားတော်မူပြီး သည့်၏အဆုံး၌ "ဧဟိဘိက္ခု" အဖြစ်ဖြင့် ပဉ္စဝဂ္ဂီဟု ခေါ်ရသော "အညာသိ ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ" ဟူသော ယောဂီ ၅-ဆူတို့ စတင် ထွန်း တောက်ခဲ့ပေသည်။ ထို့နောက်တွင်ကား သံဃရတနာ အရိယာ အဖြစ်ဖြင့် "သာသနာ့အရသာ" ဖြစ်ရှိသောယော ဂီအများအပြား ကျွတ်တမ်းဝင်စာရင်းများကို ထုတ်ဆို ဘော်ပြပါဦးအံ့။

**ဧဟိဘိက္ခု ယောဂီများ။** ။မြတ်စွာ ဘုရားက "ဧဟိဘိက္ခုသွက္ခာတော ဓမ္မော, စရဗြဟ္မစရိယံသမ္မာ ဒုက္ခဿ အန္တကိရိယာယ၊ ရဟန်း လာခဲ့လော, အမှန်

တရား ငါ့ဟောကြားပြီးပြီ၊ ဒုက္ခကို အဆုံး သပ်ရန် မဂ် အကျင့်ကို ကောင်းစွာ ကျင့်လေတော့”ဟု ခေါ်တော် မူလိုက်သည်နှင့်တပြိုင်နက် အခေါ်ခံရသော (ရှေးရှေး ဘဝက သက်နှ်းသပိတ်ပရိက္ခရာ လှူခဲ့ဘူးသော) ပါရ မီထူးရှိသူသည် လူအသွင်ကွယ်ပျောက်ဦးပြည်းခေါင်း တုန်းနှင့်ဖန်ရည်ဆိုးပြီး အဝတ်နှင့် (သင်္ကန်း ၃-ထည် တွင် တထည်က ခါး၌ဝတ်ပြီး တထည်က ကိုယ်၌ရုံပြီး, တထည်က လက်ဝဲပုခုန်းမှာ တင်ပြီးဖြစ်လျက်) မြေ သ ပိတ်ကို လွယ်ထားပြီးကာ သိက္ခာဝါ ၆၀-ရပြီးသော မထေရ်ကြီးအလား ဧရိယာပုဘ် ၄-ပါး၊ ငြိမ်သက်စွာ ဖြင့် မြတ်စွာဘုရားအား ရှိခိုးလျက်တည်လေ၏၊ ထို ရ ဟန်းတို့ကို ဧဟိဘိက္ခု(ရဟန်း)ဟု ခေါ်၏၊ ထိုဧဟိ ဘိက္ခုရဟန်းတို့ကို ဝိနည်းပိဋကၽ ၁၃၄၁(တထောင့် သုံးရာလေးဆဲ့တစ်)ပါးဟု ရေတွက်ပြ၏၊ ထိုထိုနိကာယ် တို့၌ ၂၇၃၀၀(နှစ်သောင်းခုနစ်ထောင်သုံးရာ)ပါးဟု ရေတွက်ပြ၏၊ ရေတွက်၍ ပြဦးအံ့။

| | |
|---|---|
| ပဥ္စဝဂ္ဂီ | ၅ |
| ယသအမှူးရှိသူများ | ၅၅ |
| ဘဒ္ဒဝဂ္ဂီညီနောင်များ | ၃၀ |
| ရသေ့တထောင် (ရှင်တထောင်) | ၁၀၀၀ |
| အဂ္ဂသာဝက၂ပါးနှင့်အဖေါ်ပရိပိုက်များ | ၂၅၀ |

အင်္ဂုလိမာလ ၁
ဤကားဝိနည်းပိဋ္ဋကလာဧဟိဘိက္ခုပေါင်း ၁၃၄၁
သောဏဒဏ္ဍနှင့်တကွ ၃၀၀
မဟာကပ္ပိန္နမင်းနှင့်အမတ်ဘထောင် ၁၀၀၀
ကပိလဝတ်ပြည်သားတသောင်း ၁၀၀၀၀
ပါရာယနိကပုဏ္ဏားနှင့်အတူတသောင်း
ခြောက်ထောင် ၁၆၀၀၀
ဤကားထိုထိုနိကာယ်လာဧဟိဘိက္ခုပေါင်း ၂၇၃၀၀
ဧဟိဘိက္ခု ၂-ရပ်ပေါင်း ၂၈၆၄၁

**အတုလိုက်ဘွယ်ရဟန်းပြုကြပုံ။** ။မြတ်စွာဘုရားသည်"ဤကားဒုက္ခ,ဤကလက်သည်,ဤပြည်ချမ်းသာ, ဤမှာလမ်းပေါက်, သွားရောက်နိုင်သူ, ဧးလိမ့်ဟူ၍, သိတဂူပုဏ်,မြတ်အာရုံဖြင့်, ဝသုန်လက်ခတ်, ညွှန်ပြဘော်မူလတ်သောအခါ ကြားနာရသူ တို့မှာ"သာသနာ့အရသာ"ကိုယ်ပိုင် ရရေးအတွက် ထက်သန်သောသဒ္ဓါဆန္ဒဖြစ်ပေါ်ကြကုန်၏ အိမ်ရာတည်ထောင်လူ၏ဘောင်၌ ဗြဟ္မစရိယအကျင့်(သတိပဋ္ဌာနပုဗ္ဗဘာဂမဂ်အကျင့်) ကို ကျင့်ရန်ခက်ခဲလှသဖြင့် ဗြဟ္မစရိယမဂ် အကျင့်ကို ကျင့်ရန် ရဟန်းအဖြစ်သို တက်ရောက် လာကြကုန်၏၊ယင်းသို့ ရဟန်းပြုလာသူ အမျိုးကောင်းသားတို့သည် များလှစွာသော ပစ္စည်းဥစ္စာစည်းစိမ်ကိုစွန့်၍

ဆွေမျိုးသားချင်း မိဘစသော ချစ်ခင်သူ အပေါင်းမှ ခွါရှောင်၍ မင်းစည်းစိမ် အိမ်ရှေ့မင်းစည်းစိမ် စစ်သူကြီးရာထူး သူဌေးရာထူး ဘဏ္ဍာတော်မင်းကြီးရာထူး စသော စည်းစိမ်အထူးတို့ကို တွယ်တာ ငဲ့ကွက် အရေအတွက်ပင် မပြုမထား ကြကုန် မူ၍ ရှင်ရဟန်းပြုကြကုန်၏။

ထိုးနန်းစည်းစိမ်ကိုစွန့်ပယ်၍ရဟန်းပြုလာကြသော ဘဒ္ဒိယမင်း မဟာကပ္ပိနမင်း ပက္ကုသာတိမင်း စသော ထီးဆောင်းမင်း ရဟန်းတော်တို့ကား ၈၀၀၀၀ (ရှစ်သောင်း)ရှိကြကုန်သတဲ့၊ ထို့ပြင်ကုဋေအရာမက များလှချမ်းသာ ဥစ္စာကြွယ်ဝသည့် ယသသတို့သား သောဏသူဌေးသား ရဋ္ဌပါလစသော သူဌေးသားရဟန်းတော်တို့ကား များလှသည့်အတွက် ရေတွက်သချာ မပြသာအောင် ရှိသည်ဟု အင်္ဂုတ္တိုရ် အဋ္ဌကထာ ဧကနိပါတ် (၁၉၉) နှင့် ဥပရိပဏ္ဏာသ အဋ္ဌကထာ (၁၇၃)တို့၌ ဘော်ပြထားလေသည်။

ကုသိနာရုံပြည်မြတ်စွာဘုရားပရိနိဗ္ဗာန်ဝင်စံတော်မူ၍ သံဃာ့အစည်းအဝေးကြီးဖြစ်ရာငယ်ဂဏာစရိယ ဂဏပါမောက္ခဖြစ်၍ ထင်ရှားသော သံဃာတော်ကြီးပေါင်း ၇၀၀၀၀၀ (ခုနစ်သိန်း)အရေ အတွက် ရှိ၏၊ နောက်ပါသံဃာ အဘယ်မျှပါသည်ဟု ရေတွက်ဖြရန်

မစွမ်းနိုင်ခဲ့ချေ၊ ဤသို့လျှင် သာသနာ့အရသာကိုရယူလို ကြသဖြင့် အမျိုး ၄-ပါးတို့မှရှောင်ဖယ်ထွက်ခွါရဟန်း ပြုလာသူ၊အပေါင်း အမျိုးကောင်း သားတို့သည် မြတ်စွာဘုရား၏ လက်ထက်တော်အခါက အရေ အတွက် အပိုင်းအခြား ဂဏန်းသားစရာ မရှိ ဖြစ်ခဲ့လေသတဲ့။

**သောင်း၅၁န ၁၅။** ။သုမန ပန်သည် အစည်း အဝေး၌,ဂရဟဒိန္န····၌, အာနန္ဒသေဌေး····၌, ဇမ္ဗု က····၌,မဏ္ဍကဖါးနတ်သား····၌, မင္ဒကုဏ္ဍလီ နတ် သား····၌,သုလသာ····၌, သိရိမာ........၌, ယက်ကန်း သည် သတို့သမီး........၌, ရူဋ္ဌသု ဘဒ္ဒါ····၌, သာကေတ ပုဏ္ဏား····၌, သုနာပရန္တ····၌, သက္ကပဉှာသုတ်၌, တိရောကုဋ္ဋသုတ်····၌,ရတနသုတ် အစည်း အဝေး၌ ဂ၄၀၀၀ (ရှစ်သောင်း လေးထောင်) စီချည်း ကျွတ် တမ်း ဝင်ကာ "သာသနာ့ အရသာ" ရယူကြောင်း လာ၏။

**ကုဋေ၅၁န ၆=၅၁န။** ။ယမက ပါဋိဟာရိယာ ကို ပြတော်မူရာ ကဏ္ဍမ္ဗ အစည်းအဝေး၌ ကုဋေရှစ် ဆယ်၊ ဓနပါလဆင်ကို ဆုံးမတော်မူရာ၌ ကုဋေကိုး ဆယ်,ပါရာယန အစည်းအဝေး၌ ကုဋေတဆဲ့လေး ကုဋေ, ဇုဏ္ဍသာလရှူ၌ ကုဋေရှစ်ဆယ်, အဘိဓမ္မာကို ဟောတော်မူရာ၌ ကုဋေရှစ်ဆယ်, သက်ဿနဂိရ်ပြည်

တောင်တံခါး၌ ကုဋေသုံးဆယ်, ကျွတ်တန်းဝင်ကာ "သာသနာ့အရသာ"ရယူကြောင်း လာ၏။

**ဆူတဆူသော ဗုဒ္ဓ၏သာဝက**။ ။သောတတ္တကိကျမ်းနှင့် တထောဂ တုပ္ပတိကျမ်းတို့၌....

"စတုဝီသတိ အသင်္ချေယျာ, သဋ္ဌိယေစေဝ ကောဋိယော၊ ပါဏာ နိသတ သ ဟာဿာနိ,ဇေကာ ဗုဒ္ဓါပမောစယိ၊"

ဟု အဆိုရှိ၏၊ အဓိပ္ပါယ်ကား— တဆူ တဆူသော မြတ်စွာဘုရား၏ သာသနာတော်တွင်း၌ နှစ်ဆဲ့လေး အသင်္ချေနှင့် ကုဋေခြောက်ဆယ် မိုလ်ခြေတသိန်း ကျွတ်တမ်းဝင်ကာ"သာသနာ့အရသာ"ရယူကြ၏။

**အနာဂတဝင်အဆို**။ ။"စတုဝီသတိ အသင်္ချေယသတစတ္တာလီသကောဋိသတ သဟဿသာခ်ါပရိစ္ဆေဝေနေယျေ ပသိ"ဟု ဆို၏၊အဓိပ္ပါယ်ကား-"နှစ်ဆဲ့လေးအသင်္ချေနှင့် ကုဋေ လေးသန်း ခု နှစ်သိန်းသော ဝေနေယျတို့ ကျွတ်သတံ့ (သာသနာ့အရသာ ရယူလတံ့) ကို (ရတနာဃရသတ္တဟ၌ နေတော်မူစဉ်ကပင်) ကြိုတင်၍ မြင်တော်မူ၏"ဟု သမန္တာဘဒ္ဒိကာမည်သော အနာဂတ ဟဝင်ကျမ်း၌ဆို၏။

**အင္ဂုကထာများအဆို**။ ။အဋ္ဌကထာများ၌ကား ကျွတ်တမ်းဝင်သူ "ဂဏနာ+ နတ္ထိ+ အရေအတွက်+

မရှိ''=ဟူ၍၎င်း, ''ဂဏန ပရိစ္ဆေဒေါနတ္ထိ''ဟူ၍၎င်း, ''ပဏန ပထံ ဝီတိဝတ္တာ'' ဟူ၍ ၎င်း,- ''ဂဏနပထံ အတိက္ကန္တာ''ဟူ၍၎င်း အဆိုတူအများလာ၏။

**မိလိန္ဒပဉှာပါဠိတော်အဆို။** ။မိလိန္ဒပဉှာပါဠိ တော်၌ ဌာနကို သတ်မှတ်လျက် ဆိုပုံကား မဟာရာဟု လောဝါဒသုတ်တဌာန, သမစိတ္တသုတ်တဌာန, ပရာ ဘဝသုတ် တဌာန' ပုရာဘေဒသုတ် တဌာန, ကလဟ ဝိဝါဒသုတ်တဌာန,စူဠဗြူဟသုတ် တဌာန,တုဝဋ္ဋက သုတ် တဌာန,သာရိပုတ္တသုတ် တဌာန,ဓမ္မစက္ကပဝတ္တ သုတ် တဌာန,ဗုဒ္ဓဝံသ ဒေသနာ တဌာန, မဟာသမ ယသုတ် တဌာနအားဖြင့် (အရေအတွက် လွန်သော ''ဂဏပထဝီတိဝတ္တဌာန'')၁၂-ဌာန လာ၏၊ယင်း ၁၂ ဌာန၌စူဠရာဟုလောဝါဒသုတ် တဌာန, မဟာဗြူဟ သုတ်တဌာန,သမ္မာပရိဗ္ဗာဇကသုတ် တဌာနအားဖြင့် (အဋ္ဌကထာများ၌လာသော)၃ဌာနကိုထည့်ပေါင်း၍ ''သာသနာ့အရသာ'' ရယူသူ အရေအတွက်ကို လွန် သောဌာနပေါင်း ၁၅-ဌာနဟုအမှတ်ပြုကာ ကြည်ညို အား တက်သင့်လှပေသည်။

## ယောဂီစွမ်းရည်, မာရ်စစ်သည်အောင်

သာသနာ့အရသာကို မရနေ အရယူသွားကြသည့် ကုဋေ အသင်္ချေ မရေမတွက်နိုင်သော ယောဂီပုဂ္ဂိုလ်တို့၏ စွမ်းရည်

ကား မာရ်စသည် ဆယ်ပါးကို အောင်နိုင်အောင် တိုက်ခိုက်နှိပ်နင်းနိုင်ခြင်းပင်တည်း၊ယင်း မာရ်စစ်သည်ဆယ်ပါးကို ပဓာနသုတ်ပါဠိတော်၌ မြတ်စွာဘုရားဟောကြားတော်မူခဲ့၏။ မြန်မာပြန်အနက်ကိုသား လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သည့်အတိုင်း မပြင်မဆင်ဘဲ "ဝိပဿနာမဂ်ရေးရာ" အနေဖြင့် ဖေါ်ပြပါအံ့....။

**(က) ကာမာ တေ ပဌမာ သေနာ,**
**ဒုတိယာ အရတိ ဝုစ္စတိ၊**
**တတိယာ ခုပ္ပိပါသာ တေ၊**
**စတုတ္ထီ တဏှာ ပဝုစ္စတိ။**
**(ခ) ပဉ္စမံ ထိနမိဒ္ဓံ တေ,**
**ဆဋ္ဌာ ဘီရူ ပဝုစ္စတိ၊**
**သတ္တမီ ဝိစိကိစ္ဆာ တေ,**
**မက္ခော ထမ္ဘော စ အဋ္ဌမော။**
**(ဂ) လာဘော သိလောကော သက္ကာရော,**
**မိစ္ဆာ လဒ္ဓေါ စ ယောယသော၊**
**ယော စ-တ္တာနံ သမုက္ကံသေ,**
**ပရေ စ အဝဇာနာတိ။**

(၁) ပါဠိမ-ဟယ် မာရ်နတ်ယုတ်၊ ကာမာ—လူဘဝ,နတ်ဘဝ,ဗြဟ္မာဘဝ,လူစည်းစိမ်,နတ်စည်းစိမ်, ဗြဟ္မာစည်းစိမ်ဟူသော ဝတ္ထုကာမ, ထိုဘဝစည်းစိမ်

တို့၌ ပျော်မွေ့ကိုယ်သော တဏှာ ၃=ပါးတည်းဟူသော ကိလေသာကာမ, ၅ ကာမ ၂-ပါး အယုတ်တရားစု သည်၊ တေ-သင်မာရ်နတ်၏၊ ပဌမာသေနာ—ပဌမ တပ်တော်ကြီးတည်း။

(၂) **အရတိ**- ရဟန်းအဖြစ်၌ မမွေ့လျော်ခြင်း, ပရိယတ်မှု ပဋိပတ်မှုကို၌ မမွေ့လျော်ခြင်း, ဆိတ်ငြိမ် သောဝိဘာကျောင်း တောင်ကျောင်းတို့၌ မမွေ့လျော် ခြင်း, သမထဘာဝနာမှု ဝိပဿနာ ဘာဝနာမှုတို့၌မ မွေ့လျော်ခြင်းဟူသောအရတိတရားဥက္ကဏ္ဍာတတရား စုကို၊ ဒုတိယာသေနာ ဒုတိယတပ်တော်ကြီးဟူ၍၊ ဝုစ္စတိ ဆိုအပ်၏။

(၃) **ဥပ္ပိပါသာ**= မျှတင်ပဋိပတ်, လွန်ကြဉ်း ကြပ်၍,နွားငတ်ရေကျ, မစားရဘဲ, မိဿကဘတ်, ရှိ တတ်ရာ,မျှတခါ၌,ဆာလောင်နွမ်းချိ,ဖြစ်တုံဘိသော် ဆားထိတ်ရှူး,ထွန့်ထွန့်လူးသို့,အထူးစိတ်စက်, အကုန် ပျက်၍, ဝိတက်ဗလပူ, ရမက်ဆူခြင်း တည်းဟူသော ဥပ္ပိပါသ တရားစုသည်၊ တေ-သင်မာရ်နတ်၏၊တတိ ယသေနာ-တတိယတပ်တော်ကြီးတည်း။

(၄) **တဏှာ**-ဝမ်းထဲဟာ၍,ဆာလောင်ချိနဲ့,ရှိလာ ခဲ့သော်,စိတ်ရွံ့ကိုယ်ရွံ့, အားနွဲ့အင်ယုတ်, အကြံဆုတ် လျက်, လုပ်ရန်အခင်း, မှုတင်းလင်းတို့, မချဉ်းလိုက်

ခြင်း, ပျင်းစိတ်ဝင်၍, မရွှင်မလန်း, စိတ်ကုန်ခမ်းခြင်း တည်းဟူသော တန္ဒိတရားစုကို၊ တေ-သင်မာရ်နတ်၏၊ စတုတ္ထိသေနာ-စတုတ္ထတပ်တော်ကြီး ဟူ၍ ဝုစ္စတိ-ဆို အပ်၏။

(၅) **ထိနမိဒ္ဓံ**- အလုတ်မတွင်, အပျင်းဝင်၍, မရွှင်ညှိုးနွမ်း, စိတ်ကုန်ခမ်းသော်, တသန်းဝေဝေ, မှိုင်တွေတွေမေ့, ဖြစ်သနေ့မှ-စ၍လည်းကောင်း, သန်မ်းကျောင်းဝယ်, ဘယ်ပြောင်းညာပြန်, မှောက်လှန်လူးလဲ,တန္ဒဲနွဲ့အိပ်ခြင်း တည်းဟူသော ထိနမိဒ္ဓ တရားစုသည်၊တေ-သင်မာရ်နတ်မင်း၏ပဉ္စမံ—ပဉ္စမတပ်တော်ကြီးတည်း။

(၆) **ဘီရု**=အပျင်းစိတ်နှင့်,အအိပ်များ၍, တရားမတက်, စိတ်မထက်ဘဲ, ရမက်နွယ်နွယ်, စိတ်သိမ်ငယ်သော်,ဘယ်ဘယ်ညာညာ,ထွေလာစုပ်နုပ်,အကြိရှုပ်၍, သစ်ငုတ်ကိုပင်, ဆင်ဘဲ ကျားဘဲ, ဘီလူးဘဲဟု, အသဲ တုန်ဆတ်, တဖျပ်ဖျပ်လန့်ခြင်း တည်းဟူသော ဘီရုတရားကို၊ တေ- သင်မာရ်နတ်၏၊ ဆဋ္ဌသေနာ-ဆဋ္ဌတပ်တော်ကြီးဟူ၍၊ ပဝုစ္စတိ-ဆိုအပ်၏။

(၇) **ဝိစိကိစ္ဆာ**- အကျင့်ပြု၍, ကြောက်မှုကင်းကွာ,ရဲပြန်ပါ၍, ကာဝနာ အလုတ်, အားထုတ်ပြန်လည်း, ဈာန်လမ်း မဂ်လမ်း, စခမ်းတိမ်မြုပ်, ငုပ်ကြီး

ငုပ်၍၊အလုတ်အကြံ,အမှန်မုချ,လမ်းဆုံးကျမည်, မကျ မည်ဟု,နှစ်လီတွေးရှက်,အရေးပျက်အောင်, ကန့်ကွက် ဆီးတားတတ်သော ဝိစိကိစ္ဆာ တရားစု သည်၊ တေ– သင်မာရ်နတ်၏၊သတ္တမိ–သတ္တမတပ်တော်ကြီးတည်း။

(၈) **မက္ခော ထမ္ဘော**– ယုံမှားဒွိဟ, ကင်းစင် ပ၍, နေ့ညအားထုတ်, တွင်တွင်လုတ်ရာ, ဘာဝနာနိ မိတ်, အရိပ်အဆင်, အထူးမြင်၍, အထင်ကိုပွါး, ရှိပြန် ညားသော်,တပါးသူကို,လူရာမသွင်း,ဂုဏ်သတင်းကို, နင်းနယ်ခြေဖျက်,မိမိထက်လျှင်,အသက်သိက္ခာ, ထေရ ဝါကြီးမားသူတို့ကို, ညွတ်တွားမပြု, မောက်မာမှု ဟူ သော **မက္ခထမ္ဘ** တရားစုသည်၊တေ–သင်မာရ်နတ်၏၊ အဋ္ဌမော–ရှစ်ခုမြောက် အဋ္ဌမတပ်တော်ကြီးတည်း။

(၉) တဒါ–ထိုအထူးဝိသေသာ,ဖြစ်ပေါ်လာသ ဖြင့်, မော်လောက်မောက်လောက်, ခရီးရောက်သော အခါ၌၊ **လာဘော** လာဘ်သပ္ပကာများသည်၌၊အာ သာတက်ကြွသော တဏှာ မာနသည်လည်းကောင်း၊ **သိလောကော** အရပ်လေးမျက်နှာ, ကြော်ငြာနှံ့ ပြားသည်၌,အာသာတက်ကြွသောတဏှာ မာနသည် လည်းကောင်း၊**သက္ကာရော** တပါးသူတို့, မရစဘူး, ထူးမြတ်သော လာဘ်ကို ရရာ၌, အာသာ တက်ကြွ သော တဏှာ မာနသည်လည်းကောင်း၊**မိစ္ဆာလဒ္ဓေါ**

လာဘ်များသည်ထက်များအောင်, တရားတု တရားယောင်တို့ပြ၍ ပါပိစ္ဆတရားနှင့် ယှဉ်လျက် စင်စစ် အမှောက်အမှားပြု၍ ရအပ်သော **ယောယသောစ**—အကြင် အခြံအရံ အကျော်အစော၌ သာယာ တက်ကြွသော တဏှာ မာန သည်လည်းကောင်း၊ တော= သင်မာရ်နတ်၏၊နဝမော=ကိုးခုမြောက်နဝမတပ်တော်ကြီးတည်း။

(၁၀) အတ္တာနံ=မိမိကိုယ်ကို၊ယော **သမုက္ကံသေ** အကြင်ချီးပင့်မြှောက်စားမှုသည်လည်းကောင်း၊ပရေ=သူတပါးတို့ကို၊ယော **အဝဇာနာတိ** အကြင် မထီမဲ့မြင်မထီလေးစားပြုမှုသည်လည်းကောင်း၊ တေ=သင်မာရ်နတ်၏ဒသမော-ဆယ်ဂိမြောက်ဒသမတပ်တော်ကြီးတည်း။

**ပဌမတပ်၌ ကျဆုံးသူ။** ။လူ့အသုံးအဆောင်ကို မစွန့်နိုင်၍ လူ့ ကာမဂုဏ် အလယ်၌ ပုထုဇဉ် အနေ သေကြသော လူတစု, လူတို့လှူဒါန်းသော ကျောင်းသင်္ကန်း ဆွမ်း ဆေး တို့၌ သာယာလျက် ရဟန်း ကာမဂုဏ်အလယ်၌ ပုထုဇဉ်အနေ သေကြသော ရဟန်းတစု ဤလူ ဤရဟန်း ဤရှင် ဤသီလရှင် တို့သည် မာရ်မင်း၏ ပဌမ“**ကာမ**”တပ်တော်ကြီးအတွင်း၌ မလှတလှ သေဆုံးကြသူတို့ ပေတည်း။

**တပ် ၆=တပ်၌ ကျဆုံးသူ။** ။အချို့ လူရှင် ရဟန်း သီလရှင်တို့သည် ပဌမ တပ်ကြီးမှ အလွတ် ထွက်ခဲ့၍ ဆိပ်ငြိမ်ရာ အရပ်တွင် ရူတင် ပဋိပတ်ဖြင့် နေကြသော ပုဂ္ဂိုလ်တစု, သမထအာရုံ ဝိပဿနာအာရုံနှင့် နေကြရာ,သမထနိမိတ် ဝိပဿနာနိမိတ်, အရိပ်အဆင်, အထူးမမြင်ကြကုန်သော ပုဂ္ဂိုလ်တစု, ဤပုဂ္ဂိုလ်တို့သည်၊ **''အရတိတပ်,ခုပ္ပိပါသတပ်,တဏှာတပ်, ထိနမိဒ္ဓတပ်,ဘိရုတပ်, ဝိစိကိစ္ဆာတပ်,** ဤတပ်ကြီး ၆-တန် ဝိုင်းမိပြန်၍ လွတ်အောင် မထွက်နိုင်ကြကုန်ဘဲ ယင်း တပ်ကြီးတို့အတဲမှာပင် ပုထုဇဉ်အနေ မလှတလှ သေဆုံးကြသူတို့ပေတည်း။

**အထက်တပ်များ၌ ကျဆုံးသူ။** ။သမထနိမိတ် ဝိပဿနာနိမိတ် အရိပ်အဆင် မြင်ကြရ၍ မက္ခ ထမ္ဘ လာဘ်လာဘ စသည်တို့၌ တဏှာ မာန ထားရှိကြသော ပုဂ္ဂိုလ်တို့ကား ''မက္ခတပ်, ထမ္ဘတပ်, လာဘ သက္ကာယတပ်အတ္တုက္ကံသ ပရဝမ္ဘန''တပ်ကြီး၃တပ်တို့ အတွင်းမှာပင် ပုထုဇဉ်အနေဖြင့် မလှတမကျဆုံးသူတို့ ပေတည်း။ ထို မာရ်မင်းစစ်သည် တပ်ကြီးဆယ်တပ်မှ လွတ်ထွက်နိုင်သော သတ္တဝါစွမ်းပကားသည် ''ယောဂီ၏ စွမ်းရည်'' မည်ပေသည်။ ထို့ကြောင့်ဖင်းပဓာနသုတ် ပါဠိတော်၌ပင် အောက်ပါဂါထာကို မြတ်စွာဘုရား

ဟောကြားတော်မူ၏။

**ဧသော နမုစိ တေ သေနာ,**
**ကဏှဿ-ဘိပ္ပဟာရိနီ၊**
**နနံ အသူရော ဇိနာတိ,**
**ဇေတွာ စ လဘတေ သုခံ။**

နမုစိ—လူနတ်ပြဟ္မာ, သတ္တဝါကို, သံသရာညွတ်, ဒုက္ခဝဋ်မှ, မလွတ်စေမှု, အတင်းပြုသည့်, မိုလ်ထုကြီး လတ်,ဟယ်····မာရ်နတ်၊ ဧသော—ဤ ကာမ-အရတိ, အစရှိသော တရားစုသည်၊ တေ-သင်မာရ်နတ်မင်း၏ သေနာ-စစ်သည်မိုလ်ထု,ရဲမက်စုသည်၊ ဟောတိ—ဖြစ် ၏၊ ကဏှဿ—နှလုံးအမှု, အပြုမဖက်, ထယ်လုံးနက် သား, ရမက်ကြီးလတ်, သင်မာရ်နတ်၏၊အဘိပ္ပဟာရိ နီ=ရဟန်းရသေ့,ဟူသရွေ့ကို,တွေ့တိုင်းပစ်ခတ်, အ သေသတ်သော,သေနတ်-မီးပေါက်, အမြောက်=စိန်= ဗုံးတွေလည်း မည်၏၊ အသူရော—သဒ္ဓါဆန္ဒ, ဝီရိယ ဉာဏ်,မစွမ်းသန်ဘဲ,ပူထုဇဉ်မွဲထိ,မရဲသူ '**အယောဂီ**' သည်၊နံ-ထိုတပ်ကြီးဆယ်တန်,သင်၏ရန်ကို၊နဇိနာတိ တွန်းလှန်တိုက်ဖျက်, အလွတ်ထွက်ရန်, မစွမ်းသန်ချေ၊ သူရောဝေသဒ္ဓါဆန္ဒ, ဝိရိယဉာဏ်,ထက်သန်ကြီးမား, လွန်စွန့်စားသော,ကျား—မ အာဇာနည်, မြတ်ယောဂီ သည်သာ၊ ဇိနာတိ—မျက်နှယ်တပင်, ထိမထင်ဘဲ, အ

လျှင်အမြန်, တွန်းလွှန် တိုက်ဖျက်, အလွှတ်ထွက်ရန်, စွမ်းရည်သန်၏၊ဖိတ္တွာစ-တွန်းလှန်တိုက်ဖျက်,အလွှတ်ထွက်နိုင်မှသာလျှင်၊ သုခံ–မိုလ်ထုအများ, ဆယ်တပ်သားတို့၏ဒါးဘေး လှံဘေး,လက်နက်ဘေးမှ,ကင်းဝေးလှစွာ,သာသနာ့အရသာ,မြတ်ချမ်းသာကို၊ လသာတော=ရနိုင်လေသတည်း။

## အာသီသ ပတ္ထနာ=ယံ

ဂမ္ဘီရံ ဒုဒ္ဒသံ သဏှံ, ဒုဗ္ဗောဓံ ပဏီတံမုဒုံ,
ဂုဠှံ-မဇ္ဈံ ဝိဇာနန္တိ, သောတာရောပိ အဏုံ
အဏုံ။
အဏုံအဏုံ ဝိဇာနိတွာ, သမ္မသိတွာ စ ယော
နိသော။
ပဇ္ဇောတေန သဗ္ဗမ္ပိ, ပါပုဏန္တိ လဟုံလဟုံ။

အယံ–အပြီးအဆုံး,နိဂုမ်းအနေ,လှစ်ဖွေမြွက်ကြား,၍ဆိုလတံ့ စကားသည်ကား၊ အာသီသ ပတ္ထနာ–ကျမ်းစာရေးရ,ကုသလအတွက်, တောင့်တပန်ထွာ,အာသီသ ပတ္ထနာပေတည်း။

ဂမ္ဘီရံ–သမုဒ္ဒရာ, ပမာမက, နက်နဲလှစွာသော၊ ဒုဒ္ဒသံမြင်းမိုရ်ဖုံးသော, သီးလုံးငယ်လှ, သာသပသို,

ဉာဏာ၌ယင်၊ မြင်နိုင်ခဲသော၊ သဏှံ-သိမ်မွေ့စွာသော ဒုဗ္ဗောဓံ-သိနိုင်ခဲသော၊ ပဏီတံ-မွန်မြတ်သော၊ မုဒုံ နူးညံ့သော၊ ဂုဠှံ-မြေအောက်တည်နေ၊ သစ်မြေရေသို့ လျှို့ဝှက်သော။ အတ္ထံ—ဝိပဿနာ မဂ် ရေးရာ—ဟု၊ အမည်တင်လွှမ်း၊ ဤစာကျမ်း၏အနက်........ဤစာကျမ်း ဖြင့် ပြီးစေအပ်သော **ပိဋက-နိကာယ်**—၏ အနက်ကို၊ အဏုံအဏုံ-သိမ်မွေ့သည်ထက် သိမ်မွေ့စွာ၊ သော တာရောပိ-ကြားသူ ကြံသူပွါးများသူတို့သည်၊ ဝိဇာ နန္တု-အထူးသိပါစေကုန်သတည်း။

**အဏုံအဏုံ**—သိမ်မွေ့သည်ထက်သိမ်မွေ့သော အနက်ကို၊ ဝိဇာနိတွာ-သိ၍၊ ယောနိသော—အသင့် အမှန်အားဖြင့်၊ သမ္မသိတွာ—သုတ-စိန္တာ၊ ဘာဝနာ ဖြင့် သုံးသပ်၍၊ တေန—ထိုသို့သိခြင်း သုံးသပ်ခြင်းဖြင့်၊ ပတ္တဗ္ဗံ—ရောက်အပ် ရအပ်သော၊ သမ္ဗောဓိ—ပစ္စုပ္ပန်၊ သံသရာ၊ လောကီ၊ လောကုတ္တရာ အလုံးစုံသို့လည်း၊ လဟုံလဟုံ-လျှင်လျှင် မြန်မြန်၊ ပါပုဏန္တု=ရောက်ကြ ပါစေကုန်သတည်း။

**မဂ်ရောက်မိုလ်ဝင် နိဗ္ဗာန်သို့ ပို့တင်သည့်**
**ဝိပဿနာ မဂ်ရေးရာကျမ်း**
**ဤတွင် ပြီးပြီ။**

# မဂ်ဖိုလ်ရရေး တရားတောင်း

၁၊ မျက်စိကြည်သင် အဆင်းထင် စက္ခုဝိညာဉ် မြင် ရသော်။- တပ်မက်- ထောင်လွှား, အယူမှား, တရားမသိ တပည့်တော်။—မြင်ဆဲအတွင်း, ပပဥ္စကင်း လက်ငင်းကျင့်ဘို့မျှော်။မဂ်ဖိုလ်ရရန်,အကျင့်မှန်,ထုတ် ပြန်ဟောပါ့ဆရာတော်။

၂။ နားက ကြည်သင်, အသံထင်, သောတ ဝိညာဉ် ကြားရသော်—**အာသဝ** လေးပါး, စီးယိုပွား, တရားမသိ တပည့်တော်......ကြားဆဲအတွင်း **အာသဝ** ကင်း, လက်ငင်း ကျင့်ဘို့မျှော်။—မဂ်ဖိုလ်ရရန်,အကျင့် မှန်, ထုတ်ပြန်ဟောပါ့ဆရာတော်။

၃။ နှာခေါင်းကြည်လင်,အနံ့ထင် ဃာနဝိညာဉ် နံရသော်၊ **ဩဃ** ၄-ပါး, **မျော** ပါသွား, တရားမသိ တပည့်တော်— နံဆဲအတွင်း, **ဩဃ** ကင်း, လက်ငင်း ကျင့်ဘို့မျှော်။— မဂ်ဖိုလ်ရရန်, အကျင့်မှန်, ထုတ်ပြန် ဟောပါ့ ဆရာတော်။

၄။ လျှာကြည်လင်, အရသာထင်, ဇိဝှာ ဝိညာဉ် **စား** ရသော်။-**ယောဂ** ၄-ပါး,ယှဉ်စပ်ထား, တရား မသိတပည့်တော်။- **စား** ဆဲအတွင်း, **ယောဂ** ကင်း, လတ်ငင်းကျင့်ဘို့မျှော်။-- မဂ်ဖိုလ်ရရန်, အကျင့်မှန်,

ထုတ်ပြန်ဟောပါ့ဆရာတော်။

၅။ ကိုယ်ကကြည့်လင်,အတွေ့ထင်,ကာယ ဝိညာဉ် **ထိ**ရသော်။ **ဂန္ဓ** ၄-ပါး,**ထုံးဖွဲ့** ထား, တရားမသိ တပည့်တော် **ထိ**ဆဲအတွင်း,**ဂန္ဓ** ကင်း, လက်ငင်းကျင့်ဘို့မျှော်။- မဂ်ဖိုလ်ရရန်, အကျင့်မှန်,ထုတ်ပြန်ဟောပါ့ဆရာတော်။

၆။ မနောကြည့်လင်, သွာ မှုထင်, မနောဝိညာဉ် **သိ**ရသော်၊ **အဂတိ** ၄-ပါး,**အလိုက်မှား**,တရာ မသိတော်။**သွား**ဆဲအတွင်း,**အဂတိ**ကင်းလက်ငင်းကျင့်ဘို့ တပည့်မျှော်။ မဂ်ဖိုလ်ရရန်,အကျင့်မှန်, ထုတ်ပြ်ဟောပါ့ဆရာတော်

၇။ မနောကြည့်လင်, **ရပ်** မှုထင်, မနောဝိညာဉ် သိရသော်။-**ဥပါဒါန်** ၄-ပါး, **စွဲလမ်းခြား**, တရားမသိ တပည့်တော်။-**ရပ်** ဆဲအတွင်း, **ဥပါဒါန်**ကင်း, လက်ငင်းကျင့်ဘို့မျှော်။- မဂ်ဖိုလ်ရရန်, အကျင့်မှန်, ထုတ်ပြန်ဟော ပါ့ ဆရာတော်။

၈။ မနေ ကြည့်လင်, **ထိုင်**မှုထင်, မနောဝိညာဉ် သိရသော်။-**မဂ္ဂါရိယ** ၅ ပါး,**ဝန်တိုပွား** တရားမသိ တပည့်တော်။- **ထိုင်**ဆဲအတွင်း, **မဂ္ဂါရိယ**ကင်း,လက်ငင်းကျင့်ဘို့မျှော်။-မဂ်ဖိုလ်ရရန်,အကျင့်မှန်, ထုတ်ပြန်ဟောပါ့ဆရာတော်။

၉။ မနောကြည်လင်, အိပ် မှုထင်, မနောဝိညာဉ် သိရသော်။–**နီဝရဏ** ၆ ပါး, **ဆို့**ပိတ်ထား,တရားမသိ တပည့်တော်၊ – **အိပ်** ဆဲအတွင်း,**နီဝရဏ**ကင်း, လက်ငင်းကျင့်ဘို့မျှော်။ မဂ်ဖိုလ်ရရန်,အကျင့်မှန်, ထုတ်ပြန် ဟောပါဆရာတော်။

၁၀။ မနောကြည်လင်, ဖြူ မှုထင်, မနောဝိညာဉ် သိရသော်။–**အနုသယ** ၇-ပါး,**ကိန်း**လာငြား, တရား မသိ တပည့်တော်။- ဖြူဆဲအတွင်း, **အနုသယ**ကင်း, လက်ငင်း ကျင့်ဘို့မျှော်။– မဂ်ဖိုလ်ရရန်, အကျင့်မှန်, ထုတ်ပြန်ဟောပါဆရာတော်။

၁၁ မနောကြည်လင်,ပြောမှုထင်,မနောဝိညာဉ် သိရသော်။–**သံယောဇဉ်** ၁၀-ပါး,**တုပ်နှောင်**ထား တရားမသိ တပည့်တော်။... ပြော ဆဲအတွင်း, **သံယောဇဉ်**ကင်း, လက်ငင်းကျင့်ဘို့မျှော်။... မဂ်ဖိုလ် ရရန်,အကျင့်မှန်,ထုတ်ပြန်ဟောပါဆရာတော်။

၁၂ မနောကြည်လင်,ကြံမှုထင်,မနောဝိညာဉ်သိရ သော်။....**ကိလေသာ** ၁၀-ပါး,**ညစ်ပေ**ငြား, တရား မသိတပည့်တော်၊....ကြံဆဲအတွင်း,**ကိလေသာ**ကင်း, လက်ငင်း ကျင့်ဘို့မျှော်။....မဂ်ဖိုလ်ရရန် အကျင့်မှန်, ထုတ်ပြန်ဟောပါဆရာတော်။

အင်းစိန်မြို့ ပြည်သူ့ဆေးရုံကြီး
ဒေါက်တာဦးအာယု ဒေါ်ကျင်ခင်သားသ္မီး
တစုကောင်းမှု နိဗ္ဗာန်ဆု

# ဝိပဿနာ မဂ်ရေးဉာကျမ်း

စုံစမ်းရန်ဌာန

ဒေါ်စောမြ—ဆွမ်းစားကျောင်း
သာသနာ့မာရ်အောင် ကမ္မဋ္ဌာန်းဌာန
ယောဂီလမ်း, ကမာရွတ်, ရန်ကုန်၊

စာအုပ်ရေ—၃၀၀၀